# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 14 February 2017 (၈၈၃၇)


# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ထိုင်းနိုင်ငံ သံအမတ်ကြီးအား နိုင်ငံတော်သမ္မတ တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျာတာအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျာတာအား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

# ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၂)နှစ်မြောက်မွေးနေ့အထိမ်းအမှတ် မိဘမဲ့ကလေးများနှင့် မသန်စွမ်းကလေးများအား အာဟာရကျွေးမွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ယနေ့သည် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၂)နှစ်မြောက် မွေးနေ့ရက်မြတ်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်ရှိ ရွှေဘုန်းပွင့်စေတီနှင့် စူဠာမုနိစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ကောင်းမှုကုသိုလ်ပြု အမျှပေးဝေခဲ့သည်။

**ကပ်လှူပူဇော်**

ထိုသို့သွားရောက် ဖူးမြော်ကြည်ညိုသည့် စေတီများ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ရောက်ရှိ အသက်(၁၀၂)နှစ်ကို ရည်စူးပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဆီမီး ၁၀၂ တိုင် ပူဇော်ခဲ့သည်။

နံနက် ၉ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေဘုန်းပွင့်စေတီအား ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နံထောင့်၌ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဆီမီး ၁၀၂ တိုင် ထွန်းညှိ၍ ကုသိုလ်ပြုသည်။

**ရေစက်ချအမျှပေးဝေ**

ဆက်လက်၍ ရွှေဘုန်းပွင့်ဘုရားမွေ့ာရုံ၌ နိုင်ငံတော်ဩဝါဒါစရိယ စွန်းလွန်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များထံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ကပ်လှူပူဇော်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကလေးငယ်များ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ကြစဉ်။ (သတင်းစဉ်)




ကြေးမုံ

# ပြည်သူ့အားဖြင့် ဝိုင်းဝန်းတည်ဆောက်

တိုင်းပြည်တစ်ပြည်၏ အဓိကအင်အားသည် ပြည်သူများ၏နှလုံးသားများနှင့် ပြည်သူများ၏စွမ်းအားများပင်ဖြစ်သည်။ တိုင်းပြည်၏အရေးအရာကိစ္စများ၊ အထူးသဖြင့် တိုင်းပြည်၏အမျိုးသားရေးကိစ္စများတွင် ပြည်သူ့အားသည် အထူးအရေးကြီးပေသည်။ လက်ရှိမြန်မာနိုင်ငံ၏ အရေးတကာ့အရေးတွင် ငြိမ်းချမ်းရေးရရှိရေးမှာ အရေးအကြီးဆုံးလုပ်ငန်းစဉ်ဖြစ်၍ ငြိမ်းချမ်းရေးရရှိရန်အတွက် ပြည်သူ၏အားကို အဓိကရယူဖို့လိုအပ်ပေသည်။

ပြည်သူလူထု၏အင်အားကို ရယူဖို့ဆိုရာတွင် ပြည်သူလူထုအတွက် ရေရှည်အကျိုးရှိမည့် ပစ္စုပ္ပန်ကာလသာမက နောင်လာမည့်မျိုးဆက်များအတွက်ပါ စွန့်စားရန်၊ အနစ်နာခံရန် အရေးကြီးပေသည်။ ထိုတာဝန်များကို ယခု လက်ရှိတာဝန်ယူဆောင်ရွက်နေသော ပြည်သူ့အစိုးရက ကြိုးပမ်းဆောင်ရွက်လိမ့်မည်ဟု ရှုမြင်ပါသည်။

ပြည်သူလူထုနှင့်အစိုးရဟူသည်မှာ အုပ်ချုပ်သူနှင့်အုပ်ချုပ်ခံဟု မမှတ်ယူသင့်ချေ။ အစိုးရဟူသည်မှာ ပြည်သူလူထုအကျိုးကို ဆောင်ရွက်ပေးသူ သို့မဟုတ် ပြည်သူ့အရေးအရာများကို စီမံခန့်ခွဲဆောင်ရွက်ပေးသူ သို့မဟုတ် ပြည်သူ့ကိုယ်စားစီမံခန့်ခွဲပေးသူဟု မှတ်ယူသင့်သည်။ ထို့ကြောင့် အစိုးရသည် ပြည်သူ့အရေးအရာများကို ဆောင်ရွက်ပေးသူဖြစ်၍ ပြည်သူလူထုကလည်း အစိုးရနှင့်လက်တွဲပူးပေါင်းဆောင်ရွက်သင့်သည်။ သို့မှသာ ပြည်သူ့အားသည် တိုင်းပြည်၏အားဖြစ်လာပေလိမ့်မည်။

သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် ပြည်သူ၏အားဖြင့် တိုင်းပြည်ကိုပြောင်းလဲနိုင်စွမ်းရှိသည်ကို တွေ့ရသည်။ ပြည်သူများ နိုင်ငံရေးအသိအမြင် ကြွယ်ဝလျှင်ကြွယ်ဝသလောက် ခေတ်အဆက်ဆက် အစိုးရများ၏ လုပ်ဆောင်ချက်များကို သုံးသပ်ဆုံးဖြတ်နိုင်ပေသည်။ အစိုးရတစ်ရပ်၏လုပ်ဆောင်ချက်များသည် ပြည်သူများ၏အဆုံးအဖြတ်နှင့်အညီ သမိုင်းမှတ်တိုင်စိုက်ထူနိုင်သည်။

မြန်မာနိုင်ငံရှိပြည်သူလူထုတို့မှာ ရှင်ကြီးဝမ်းတွင်းလည်း ဝင်ဖူးပြီး ရှင်ငယ်ဝမ်းတွင်းလည်း ဝင်ဖူးခဲ့ပေပြီ။ ထို့ကြောင့် နိုင်ငံ့အရေးကိစ္စများကို ပြည်သူတို့က သိရှိနေကြပြီ။ ပြည်သူလူထုအတွက် မည်သည့်ပုဂ္ဂိုလ်များသည် မည်မျှစွန့်လွှတ်စွန့်စားအနစ်နာခံသည်။ ပေးဆပ်ဆောင်ရွက်သည်တို့ကို ကောင်းမွန်စွာသိရှိနေကြပြီဖြစ်သည်။ ပြည်သူတို့က နိုင်ငံ့အရေးကို အဆုံးအဖြတ်ပေးနိုင်ပြီဖြစ်၍ မိမိတို့၏ရေးထိုးမည့်သမိုင်းကြောင်းကို လှည့်ဖြား၍ရနိုင်လိမ့်မည်မဟုတ်ချေ။

လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၏သမိုင်းကြောင်းတွင် ပြည်သူလူထု၏ အရေးအရာများအတွက် အမျိုးမျိုးအဖုံဖုံ စီမံခန့်ခွဲခြင်းခံရသည်။ ပြည်သူလူထု၏အကျိုးစီးပွားဖြစ်ထွန်းမှုရှိ၊ မရှိ ပြည်သူလူထုသိရှိခဲ့ကြသည်။ မျက်မှောက်ကာလတွင် ပြည်သူ့အစိုးရက နိုင်ငံ့တာဝန်ယူလာခဲ့သည်မှာ တစ်နှစ်ပြည့်လုကာလသို့ရောက်ရှိလာပြီဖြစ်သည်။ ပြည်သူ့အစိုးရက ပြည်သူလူထုအကျိုးစီးပွားကို တိုတောင်းသည့်ကာလအတွင်း မည်မျှဆောင်ရွက်ပေးနေသည်ကို ပြည်သူလူထုသိရှိနေကြပြီဖြစ်သည်။

ပြည်သူ့အစိုးရသည် ကြမ်းတမ်းခက်ထန်သော နိုင်ငံ၏ခရီးလမ်းကို ချောမွေ့အောင် ခက်ခက်ခဲခဲစီမံခန့်ခွဲဆောင်ရွက်နေရပြီး ထိုအရေးအရာများထဲတွင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် အရေးအကြီးဆုံး၊ တန်ဖိုးအရှိဆုံး၊ အကျိုးစီးပွားအကြီးမားဆုံးဖြစ်သည့် ငြိမ်းချမ်းရေးကို မဖြစ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေမှာ နိုင်ငံတကာနှင့်ရင်ပေါင်မတန်းနိုင်သေးချေ။ ခေတ်အဆက်ဆက်တွင် အကြောင်းအမျိုးမျိုးကြောင့် တိုင်းပြည်မှာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်နေသေးသည်။ ထိုအကြောင်းများတွင် ငြိမ်းချမ်းရေးသည် အဓိကအကြောင်းဖြစ်နေသည်။ တိုင်းပြည်တစ်ပြည်တွင် ငြိမ်းချမ်းရေးမရရှိသရွေ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လိမ့်မည် မဟုတ်ချေ။

ယခုအခါ ငြိမ်းချမ်းရေးရရှိရန်အတွက် ပြည်သူ့အစိုးရ၏ တက်တက်ကြွကြွ ဦးဆောင်မှုဖြင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်နေကြပြီ။ ငြိမ်းချမ်းရေးရရှိရန်အတွက် စစ်မှန်သည့်ယုံကြည်မှုကို တည်ဆောက်ကြရမည်ဖြစ်သည်။ ထိုယုံကြည်မှုမှာ ကွဲပြားခြားနားနေသောအဖွဲ့အစည်းများအကြား ယုံကြည်မှုရအောင်ပြုလုပ်ခြင်းပင်ဖြစ်သည်။ အဆိုပါယုံကြည်မှုကို ပြည်သူ့အားဖြင့် ဝိုင်းဝန်းတည်ဆောက်ကြပါအံ့။ ။



## စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ GAP စနစ်ကို လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မြန်မာနှင့် ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှုအဖြစ် စပါးကြိတ်ခွဲသန့်စင်စက်၊ စပါးအခြောက်ခံစက်၊ စပါးသိုလှောင်ရုံတည်ဆောက်ရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ တောင်သူအသိပညာပေးစင်တာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံး ကောင်းမွန်စေရေးနှင့် ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးလာစေရေးတို့အတွက် တောင်သူများအပိုင်း၊ လုပ်ငန်းရှင်များအပိုင်းနှင့် ပညာရှင်များအပိုင်းတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကိုရီးယားနိုင်ငံမှ စီမံကိန်းမန်နေဂျာ Dr. Park Sang Hyun က စီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စိုးက စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေါက်တာတင်ဥမ္မာဝင်းက စပါးသီးနှံစတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန်ကာလများတွင် လိုက်နာဆောင်ရွက်ရမည့် သိမှတ်ဖွယ်ရာများကိုလည်းကောင်း အသီးသီးဆွေးနွေးပြောကြားခဲ့ကြသည်။

ဇေယျာသီရိမြို့နယ်အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးစပါး ၁၂၃၄၄ ဧက၊ နွေစပါး ၃၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးစပါး ၁၂၁၃၅ ဧက စိုက်ပျိုးခဲ့သည်။ ယခုဆောင်ရွက်မည့်စီမံကိန်းမှ တစ်နာရီ ၂ ဒသမ ၅ မက်ထရစ်တန်ကျ စပါးကြိတ်ခွဲသန့်စင်စက်၊ တစ်နာရီ ၁၅ တန်ကျ စပါးအခြောက်ခံစက်၊ မက်ထရစ်တန် ၇၅၀ သိုလှောင်နိုင်သည့် သိုလှောင်ရုံလေးခု တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သဖြင့် စီမံကိန်းပြီးစီးပါက ဒေသ၏ဆန်စပါးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံး ကောင်းမွန်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးလာစေမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဗိုလ်ချုပ်အောင်ဆန်း (၁၀၂)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဟောပြောပွဲ အားကစားပြိုင်ပွဲများကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

ဗိုလ်ချုပ်အောင်ဆန်း ကျောက်ဆစ်ရုပ်တုနှင့် ဗိမာန်အပန်းဖြေဥယျာဉ်တည်ဆောက်ရေးအဖွဲ့(မန္တလေး)က ကြီးမှူး၍ ဗိုလ်ချုပ်အောင်ဆန်း(၁၀၂)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ အောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားကြားကွင်းပြင်၌ ကျင်းပခဲ့သည်။

ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက ဗိုလ်ချုပ်အောင်ဆန်း ကျောက်ဆစ်ရုပ်တုသမိုင်းဖြစ်စဉ်ကို ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းတန်၊ စာရေးဆရာဆူးငှက်၊ တမ္ပဝတီဦးဝင်းမောင်တို့က ဟောပြောပြီး ရတနာပုံသန်းဌေးအောင် ဆိုင်းအဖွဲ့က ဧည့်ခံဖျော်ဖြေသည်။

ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ၊ ခြင်းအလှခတ်ပြိုင်ပွဲ၊ ချောတိုင်တက်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများ ကျင်းပရာ ရပ်ကွက်ပြည်သူများ ပါဝင်ယှဉ်ပြိုင် အားပေးကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်းဆင်း

**မိုးမိတ် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်းအမှတ်စဉ်(၃၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိုးမိတ်ခရိုင်အတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာမည်ဖြစ်ပြီး အကျိုးကျေးဇူးများ များစွာရရှိသည့်အတွက် သင်တန်းသားများအတွက် ဝမ်းသာပီတိဖြစ်ရကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက ပြောကြားပြီး အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)မှ ကျောင်းအုပ်ဆရာကြီး ဦးကျော်စွာဦးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်ပြီး အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)မှ ကျောင်းအုပ်ဆရာကြီးက သင်းတန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းသားများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက အခြေခံလျှပ်စစ်သင်တန်းသားများ၏ စွမ်းရည်ပြသထားမှုများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်(ရွှေဈေး) ၈၈၉၀၀၀ - ၈၈၉၀၀၀ မန္တလေး(ရွှေဈေး) ၈၈၉၀၀၀ - ၈၈၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၆၀ ကျပ်၊ | ၈၆၅/၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၈၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၄.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၇၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈.၇၃၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅.၇၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၃၄၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၄.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၀၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၂.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၅.၀၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဖင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေးဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၁၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၁၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂေါပကအဖွဲ့ဝင်တစ်ဦးက အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတူများ အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နံထောင့်၌ ဆီမီး ၁၀၂တိုင် ထွန်းညှိကုသိုလ်ပြုစဉ်။(သတင်းစဉ်)

**☆ ဗိုလ်ချုပ်အောင်ဆန်းမှ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စူဠာမုနိစေတီအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နံထောင့်၌ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဆီမီး ၁၀၂ တိုင် ထွန်းညှိကုသိုလ်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဘုရားဖူးလာ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုသို့နှုတ်ဆက်ရာတွင် ဘုရားဖူးလာ အဝေးသင်တက္ကသိုလ် မြန်မာစာ ပထမနှစ်မှ မသန်စွမ်းတက္ကသိုလ်ကျောင်းသူတစ်ဦးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ၎င်းအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခွင့် ရှိ၊ မရှိ မေးမြန်းရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ မည်သူမဆို ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း၊ ယခုကဲ့သို့ ကျန်းမာသန်စွမ်းမှု အားနည်းသော်လည်း ပြင်းပြသည့် စိတ်ဓာတ်ဖြင့် ဘဝခရီးကိုလျှောက်လှမ်းခဲ့သူ တစ်ဦးအနေဖြင့်လည်း ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားပြီး တရင်းတနှီး အားပေးစကားပြောကြားသည်။

ထို့နောက် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် (၁၀၂) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်အဖြစ် မိဘမဲ့ကလေးများနှင့် မသန်စွမ်းကလေးများအား နေ့လယ်စာအာဟာရကျွေးမွေးခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၂)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် "ဖေဖေရဲ့အသက် (၁၀၂)နှစ်မြောက်မွေးနေ့အတွက် ယခုလို ကျွေးမွေးခြင်းဖြစ်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံကလေးများနေ့ကိုလည်း ဂုဏ်ပြုခြင်းဖြစ်ပါတယ်။ ကလေးတွေအားလုံး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်ရာကျော်နေနိုင်ကြပါစေ၊ နိုင်ငံကို အကျိုးပြုနိုင်ကြပါစေလို့ တိုတိုတုတ်တုတ်ပဲ ဆုတောင်းပေးပါတယ်။ ထမင်းကောင်းကောင်း စားကြပါ၊ ကုန်အောင်လည်းစားကြပါ၊ ဘာမှ မချန်ထားပါနဲ့၊ များများစားကြမှလည်း ကျန်းမာမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဝါရောင်မျိုးဆက်သစ်လူငယ် ပရဟိတအသင်းနှင့် ဒေါ်ကြီးဒေါ်ငယ် ပရဟိတဂေဟာတို့ကိုယ်စား အဝါရောင်မျိုးဆက်သစ်လူငယ် ပရဟိတအသင်းကိုလည်းကောင်း၊ ဓမ္မဝိဒူ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ အမျိုးသမီး ပရဟိတဂေဟာ၊ ရန်တိုင်းအောင် အေးသာယာ ပရဟိတဂေဟာ၊ စိတ္တာသုခ ပရဟိတဂေဟာ၊ အောင်ချမ်းသာ ပရဟိတဂေဟာနှင့် မိဘမေတ္တာ ပရဟိတဂေဟာတို့ကိုယ်စား စိတ္တာသုခ ပရဟိတဂေဟာကို လည်းကောင်း၊ Open door အေးသာယာ ပရဟိတဂေဟာနှင့် ဘုရားဖြူ(ခရစ်ယာန်) မသန်စွမ်းဂေဟာတို့ကိုယ်စား Open door အေးသာယာ ပရဟိတဂေဟာကို လည်းကောင်း၊ ငြိမ်းချမ်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကိုလည်းကောင်း အလှူငွေနှင့် ပစ္စည်းများထောက်ပံ့လှူဒါန်းသည်။

ထို့နောက် ပရဟိတကျောင်းများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကလေးငယ်များက ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ်တေးသီချင်းနှင့် ကဗျာများကို ရွတ်ဆိုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကလေးငယ်များနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တောင်ကြီးမြို့မှ ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား သွားရောက်ဖူးမြော်ကြည်ညို၍ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နံထောင့်၌ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဆီမီး ၁၀၂ တိုင် ထွန်းညှိကုသိုလ်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဘုရားဖူးလာ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရှမ်းပြည်နယ် ဟဲဟိုးမြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် ရှေ့နေဦးဖာနှင့် မိခင်ဒေါ်စုတို့က နတ်မောက်မြို့တွင် မွေးဖွားခဲ့သည်။

နှစ်စဉ် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ဖြစ်သော ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ ကလေးများနေ့အဖြစ် သတ်မှတ်၍ အခမ်းအနားများ ကျင်းပခဲ့သည်။ ယခုနောက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အဖြစ် မြန်မာနိုင်ငံ၏ နေရာဒေသအသီးသီးတွင် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိသည်။

**(သတင်းစဉ်)**

# (၁၀၂)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့(မြန်မာနိုင်ငံကလေးများနေ့)အခမ်းအနား ရန်ကုန်မြို့တွင် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သော (၁၀၂)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ (မြန်မာနိုင်ငံ ကလေးများနေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်)၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD) နာယက သူရဦးတင်ဦးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိနှင့် ပင်လုံမြို့၌ ကျင်းပသည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့သည့် အကြောင်းအရာများကို တက်ရောက်လာကြသည့် ကလေးငယ်များအား သိရှိစေရန် ပြောကြားသည်။

"အထူးသဖြင့် ကလေးများနေ့ဆိုတာကတော့ ကမ္ဘာကကြေညာထားတာနေ့တစ်နေ့ရှိပါတယ်။ ဒါပေမယ့် ဒီလိုနေ့မျိုးကိုလည်း ကိုယ့်တိုင်းပြည်နဲ့ကိုယ်သင့်လျော်သလို ကလေးများနေ့ကို သေသေချာချာ ဖြစ်မြောက်အောင်လုပ်ပေးနေတာပါ။ ကလေးတွေကို တိုင်းပြည်အနာဂတ် ခေါင်းဆောင်ကောင်းတွေဖြစ်အောင်လုပ်တာပါ။ ရှေ့ဆက်ပြီးတော့လည်း ကလေးများနေ့ကို ပိုမိုထိရောက်အောင် လုပ်ဆောင်သွားမှာပါ" ဟု အဆိုပါပွဲကျင်းပမှုအပေါ် (NLD) နာယက သူရ ဦးတင်ဦးက မီဒီယာများအား ပြောကြားသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ကလေးငယ်များကို ဉာဏ်စမ်းမေးခွန်းများမေးမြန်းခြင်း၊ ဇာတိမာန်တေးသီချင်းများဖြင့်ဖျော်ဖြေခြင်း၊ တိုင်းရင်းသားအကများနှင့် အာဆီယံအကများဖြင့် ဖျော်ဖြေခြင်းအပြင် အမှတ်တရ လက်ဆောင်အရုပ်များကို ပေးအပ်ပြီး အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

အာဇာနည် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေသဘောထားများနှင့် တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့မှုများကို ကလေးငယ်များအတုယူ၍ အနာဂတ်ကာလတွင် တိုင်းပြည်အတွက် အကျိုးပြုသည့် သားကောင်းရတနာများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကာ အဆိုပါ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က ဆိုသည်။

**ဇော်ကြီး(ပဏီတ)**



# မက္ကဆီကိုတစ်ဝန်းရှိ မြို့ကြီး ၂၀ တွင် ဒေါ်နယ်ထရန့် ဆန့်ကျင်ရေးဆန္ဒပြ




**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၃**
မက္ကဆီကို နိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၂၀ တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား ဆန့်ကျင်သည့် ဆန္ဒပြပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်က တစ်ခဲနက်ပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

'ညီညွတ်သော မက္ကဆီကို ဘယ်သောအခါမျှ အညံ့မခံ'၊ 'ထရန့်ကို အလိုမရှိ'စသည့် ကြွေးကြော်သံများကို ဟစ်ကြွေးလျက် ဆန္ဒပြခဲ့ကြကြောင်း၊ အမေရိကန်သမ္မတအနေဖြင့် မက္ကဆီကိုနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံသားများကို လေးလေးစားစားဆက်ဆံသင့်သည်ဟု ဆန္ဒပြသူများက တောင်းဆိုကြကြောင်း တူရကီနိုင်ငံအခြေစိုက် အင်န်နာဒိုလူ သတင်းဌာနက သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံနယ်စပ်တွင် တံတိုင်းကာရံမည့်ထရန့်၏ အစီအစဉ်ကို မိမိတို့ကန့်ကွက်ကြောင်း၊ ပြည်တွင်း၌ဘဝအခြေအနေတိုးတက်မှုမရှိသဖြင့် အမေရိကန်သို့ သွားရောက်ကာ ကြိုးစားပမ်းစားအလုပ်လုပ်ကိုင်ကြသော မက္ကဆီကို နိုင်ငံသားများကို မိမိတို့ထောက်ခံကြောင်း ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ မက္ကဆီကို အမျိုးသားတက္ကသိုလ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မက္ကဆီကို ပြည်နယ်များအဖွဲ့ စသည့်အဖွဲ့အစည်း ၈၀ က စည်းရုံးလှုံ့ဆော်မှုဖြင့် စုဝေးချီတက်ကြခြင်းဖြစ်ပြီး မည်သည့်နိုင်ငံရေးပါတီကမျှ ဆန္ဒပြသူများကို ဦးဆောင်ခြင်းမရှိပေ။

အမေရိကန်အစိုးရအဖွဲ့သစ်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မက္ကဆီကိုသမ္မတ အန်းရစ်ပီနာနီတိုအနေဖြင့် ထိထိရောက်ရောက် ပြန်လည်တုံ့ပြန်ရန် ဆန္ဒပြသူများက တောင်းဆိုကြသည်။

အမေရိကန်-မက္ကဆီကို နယ်စပ်တစ်လျှောက် တံတိုင်းစည်းရိုးကာရံရန် သမ္မတထရန့်က အမိန့်ဒီဂရီထုတ်ပြန်လိုက်ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးထိခိုက်လာကြောင်း၊ သမ္မတနီတိုမှာလည်း ဇန်နဝါရီ ၃၁ ရက်တွင် ဝါရှင်တန်သို့ သွားရောက်မည့်အစီအစဉ်ကို ပြန်လည်ဖျက်သိမ်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ကာလီဖိုးနီးယားပြည်နယ်၌ တမံကျိုးမည့်အန္တရာယ်ဖြစ်ပေါ် ဒေသခံပြည်သူများ ဘေးကင်းရာသို့ ထွက်ခွာရန်ညွှန်ကြား

**အော်ရိုဗီးလ်(ကာလီဖိုးနီးယား) ဖေဖော်ဝါရီ ၁၃**
အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် မြောက်ပိုင်းရှိ လိတ်အော်ရိုဗီးလ်ရေလှောင်တမံ၏ ရေပိုရေလွှဲပေါက်မှာ တစ်စစပဲ့ပြိုကျနေခြင်းကြောင့် ဒေသခံပြည်သူ ၂၀၀၀၀၀ ခန့် ဘေးကင်းရာသို့ ထွက်ခွာကြရန် အာဏာပိုင်များက ညွှန်ကြားထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လိတ်အော်ရိုဗီးလ်ရေလှောင်တမံ၏ ရေပိုရေလွှဲအမှတ်အထိ ရေမြင့်တက်လာပြီး တမံကျိုးမည်ကို စိုးရိမ်ရသဖြင့် အရေးပေါ် ရေပိုရေလွှဲပေါက်မှတစ်ဆင့် ရေထုတ်ခဲ့သော်လည်း တောင်စောင်းတစ်လျှောက် တိုက်စားခံရမှုနှင့်အတူ ရေပိုရေလွှဲပေါက်တစ်စစပဲ့ထွက်လာနေခြင်းကြောင့် အောက်ဘက်ပိုင်းရှိ မြို့ငယ်များမှာ ရေလွှမ်းခံရမည့် အခြေအနေဖြစ်ပေါ်လာခဲ့သည်။

ဆန်ဖရန်စစ္စကိုမြို့ အရှေ့မြောက်ဘက် မိုင် ၁၅၀ ခန့်အကွာရှိ လိတ်အော်ရိုဗီးလ်ရေလှောင်တမံသည် ကာလီဖိုးနီးယားပြည်နယ်ရှိ တာတမံများအနက် အကြီးဆုံးဖြစ်ပြီး အမြင့်ပေ ၇၇၀ ရှိ ယင်းတာတမံကို အမေရိကန်ပြည်ထောင်စု၏ အမြင့်ဆုံးတာတမံအဖြစ် သတ်မှတ်ထားသည်။

ယင်းရေလှောင်တမံ၏ အရေးပေါ် ရေပိုရေလွှဲပေါက်ကို ဖေဖော်ဝါရီ ၁၁ ရက်က ဖွင့်ပေးလိုက်ရသည်။ ယင်းရေလှောင်တမံ၏ ၄၈ နှစ်တာ သမိုင်းတွင် အရေးပေါ်ရေပိုရေလွှဲပေါက်အသုံးပြုရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။



ပုံမှန်အားဖြင့် ရေပိုရေလွှဲပေါက်ကို အသုံးပြုကာ ပိုလျှံနေသောရေများကို စွန့်ထုတ်နိုင်သော်လည်း ရေပိုရေလွှဲလမ်းမှာ ဆိုးဆိုးရွားရွား ပျက်စီးနေသဖြင့် အရေးပေါ်ရေပိုရေလွှဲလမ်းကိုအသုံးပြုခဲ့သည်။

ဒေသခံပြည်သူများ ဘေးကင်းရာသို့ ချက်ချင်းထွက်ခွာကြရန် အာဏာပိုင်များက ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် ညွှန်ကြားခဲ့သည်။

**ရိုက်တာ။**



# လစ်ဗျားဆိုင်ရာ ကုလသမဂ္ဂ အထူးသံအဖြစ် ဆာလမ်ဖေယက်အား ရွေးချယ်မှု ဂူးတဲရက်ရှ် ကာကွယ်ပြောကြား

**ဒူဘိုင်း ဖေဖော်ဝါရီ ၁၃**
ပါလက်စတိုင်းဝန်ကြီးချုပ်ဟောင်း ဆာလမ်ဖေယက်အား လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်အဖြစ် ခန့်အပ်ရန် ရွေးချယ်ခြင်းကို အမေရိကန်ပြည်ထောင်စုက ကန့်ကွက်ခဲ့သော်လည်း ယင်းသို့ရွေးချယ်ခြင်းမှာ မှန်ကန်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်သော်နျူး ဂူးတဲရက်ရှ်က ဖေဖော်ဝါရီ ၁၃ ရက်တွင် ကာကွယ်ပြောကြားလိုက်သည်။

လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်အဖြစ် ဆာလမ်ဖေယက်အား ရွေးချယ်ရခြင်းမှာ လူမှန်နေရာမှန် ရွေးချယ်ခြင်းသာဖြစ်သည်ဟု မိမိယုံကြည်ကြောင်း၊ အမေရိကန်အနေဖြင့် ယင်းပုဂ္ဂိုလ်အား ကန့်ကွက်ခြင်းအတွက် မိမိအလွန်ဝမ်းနည်းမိကြောင်း ဂူးတဲရက်ရှ်က အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်း၌ ကျင်းပသော ကမ္ဘာ့အစိုးရအဖွဲ့အမည်ရှိ ထိပ်သီးဆွေးနွေးပွဲတွင် ပြောကြားသည်။

**ရိုက်တာ။**



# ကုလသမဂ္ဂဆုံးဖြတ်ချက်များအား ဖောက်ဖျက်သည့် မြောက်ကိုရီးယားကို တရုတ်ပြစ်တင်

**ပေကျင်း ဖေဖော်ဝါရီ ၁၃**
မြောက်ကိုရီးယားနိုင်ငံ၏ နောက်ဆုံးပြုလုပ်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုအတွက် တရုတ်နိုင်ငံက ပြစ်တင်ဝေဖန်ခဲ့သော်လည်း မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်သည် အမေရိကန်၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် အငြင်းပွားစရာဖြစ်သည်ဟု မှတ်ယူရကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ရှုန်က တနင်္ဂနွေနေ့က မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုအတွက် တနင်္လာနေ့တွင် ပြုလုပ်သည့် နေ့စဉ်သတင်းစာရှင်းလင်းပွဲတွင် မှတ်ချက်ပြုပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်နေသည့် မြောက်ကိုရီးယားနိုင်ငံ၏ လုပ်ရပ်များကို တရုတ်နိုင်ငံက ဆန့်ကျင်ကြောင်း၊ တရုတ်နိုင်ငံသည် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့်ရော နိုင်ငံတကာအသိုင်းအဝိုင်း အဖွဲ့ဝင်တစ်နိုင်ငံအနေဖြင့်ပါ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဂျန်ရှုန်က ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများ မြင့်တက်မလာစေရန် တရုတ်နိုင်ငံက တောင်းဆိုလိုက်ပြီး ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုထိန်းသိမ်းကြရန် တိုက်တွန်းကြောင်း ဂျန်ရှုန်က ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှု အစီအစဉ်ဇာစ်မြစ်သည် အမေရိကန်၊ တောင်ကိုရီးယားတို့နှင့် သဘောထားကွဲမှုကြောင့် ဖြစ်ရကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သမ္မတတာဝန်မထမ်းဆောင်မီက တရုတ်နိုင်ငံသည် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်ဖွံ့ဖြိုးရေး အစီအစဉ်များ ရပ်တန့်ရေး လုပ်ဆောင်ခြင်းမရှိကြောင်း ဝေဖန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ၂၀၁၆ ခုနှစ် စက်တင်ဘာလ ပထမခြောက်လပတ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် အခွန်အကောက်များ ပိုမိုရရှိလာ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**အခွန်အကောက်များပိုမိုရရှိလာခြင်းမှာ ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်စီးရေများပြားလာခြင်း၊ ယာဉ်မောင်းလိုင်စင် လျှောက်ထားဆောင်ရွက်မှုများ များပြားလာခြင်း၊ တယ်လီဖုန်း သုံးစွဲသူဦးရေ တိုးတက်လာသည့်အတွက် နံပါတ်စဉ်အသုံးပြုခ တိုးတက်ရရှိခြင်းနှင့် ပုဂ္ဂလိက အော်ပရေတာသုံးခုထံမှ လိုင်းနှုန်းစီမံခန့်ခွဲခများ ပိုမိုရရှိလာခြင်းကြောင့် ဖြစ်ပါကြောင်း** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားသည်။

ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အခွန်အကောက်ကောက်ခံလျက်ရှိသည့် ဌာနနှစ်ခုရှိပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ဖြစ်ပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များ လိုင်စင်မှတ်ပုံတင် စိစစ်ထုတ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်များ စိစစ်ထုတ်ပေးခြင်းတို့ဖြင့် လိုင်စင်ခများ ကောက်ခံလျက်ရှိပါကြောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုင်စင်ခများ ကောက်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ -၁၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ရငွေကျပ် ၂၃၅ ဒသမ ၂၀၆ ဘီလီယံ လျာထားခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ပထမခြောက်လပတ်အတွက် ကျပ်ဘီလီယံ ၃၁၈ ဒသမ ၁၅၃ သန်း ရရှိသည့်အတွက် လျာထားချက်၏ ၁၃၅ ရာခိုင်နှုန်း ပိုမိုတိုးတက်ကောက်ခံရရှိခဲ့ပါကြောင်း၊ တစ်နှစ်တာလုံး လျာထားချက်မှာ ၃၂၄ ဒသမ ၀၆၅ ဖြစ်သည့်အတွက်ကြောင့် တစ်နှစ်လုံးလျာထားချက်ဖြင့်ဆိုပါက ၉၈ ရာခိုင်နှုန်းအထိ ပထမခြောက်လအတွင်းမှာပင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းဝင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ကလည်း မိမိတို့ဝန်ကြီးဌာနအလိုက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းတင်ပြချက်များကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်မင်းက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲနေသော မြန်မာနိုင်ငံပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတစ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်း ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၃၆၅၆ ဒသမ ၈၂



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

ခွဲဝေသုံးစွဲမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဆွေးနွေးသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သီးသန့်ရန်ပုံငွေသုံးစွဲမည့် သက်ဆိုင်ရာဝန်ကြီးဌာနက ပြည့်စုံစွာ ပြန်လည်ရှင်းလင်းဖြေကြားပြီးဖြစ်သဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ထပ်မံရှင်းလင်းတင်ပြရန် မရှိပါကြောင်းနှင့် လွှတ်တော်မှ အတည်ပြုပြီးသည့်အခါ သီးသန့်ရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၂၇ (ဂ) အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ပြန်လည်တင်ပြရမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ ထောက်ခံမဲ ၅၁၀ မဲ၊ ကန့်ကွက်မဲ ၃ မဲ၊ ကြားနေမဲ ၁ မဲ ရရှိသဖြင့် ပြည်ထောင်စုလွှတ်တော်နာယက က ခွင့်ပြုကြောင်း အတည်ပြုကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်းက ရုပ်သိမ်းသင့်ကြောင်း အဆိုတင်သွင်းပြီး ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်သက်သက်ခိုင်က အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ မတူညီသည့် သဘောသဘာဝကို ဆွေးနွေးလိုပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများသည် စီးပွားရေးအရ တွက်ခြေကိုက်သည့် အလုပ်မျိုးကိုသာ လုပ်ဆောင်နိုင်ကြပြီး ပုဂ္ဂလိကကဏ္ဍမှ ဝင်ရောက်မလုပ်ဆောင်နိုင်သည့် စီးပွားရေးအရ တွက်ခြေမကိုက်သည့် လုပ်ငန်းများကိုမူ အစိုးရက အများပြည်သူအဆင်ပြေစေရန် ဝင်ရောက်လုပ်ကိုင်ကြရသည်ဖြစ်ပါကြောင်း၊ အစိုးရတစ်ရပ်သည် အခွန်ထမ်းများ ထည့်ဝင်ထားသည့် ဘုံပိုင်အရင်းအမြစ်များကို အများပြည်သူနှင့် သက်ဆိုင်သည့်အသုံးစရိတ်များတွင် စုပေါင်းကျခံသုံးစွဲရသည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးအရ တွက်ခြေမကိုက်တိုင်း အစိုးရက ဝင်ရောက်အရှုံးခံပြီး ဝန်ဆောင်မှုပေးနေမည်ဆိုပါက တိုင်းပြည်ဘဏ္ဍာများ မလိုအပ်ဘဲ ပြုန်းတီးနိုင်သောကြောင့် ပုဂ္ဂလိကကဏ္ဍ ဝင်ရောက်လုပ်ကိုင်နိုင်စေရန် အစိုးရက ပံ့ပိုးကူညီအားပေးသင့်ပါကြောင်း၊ လက်ရှိနိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရ ပြည်သူ့ဘဏ္ဍာကို မလိုအပ်ဘဲကျခံသုံးစွဲစရာ မလိုစေရန် အမှန်တကယ် အစိုးရကဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုသာ ရွေးချယ်ဆောင်ရွက်ရမည့် အချိန်ဖြစ်သည့်အတွက် ဈေးကွက်က လိုအပ်သည့်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုကို ပုဂ္ဂလိကကဏ္ဍမှ အစွမ်းကုန် ပါဝင်ဆောင်ရွက်နိုင်ရန် အတတ်နိုင်ဆုံး မြေတောင်မြှောက်ရမည့် အချိန်ဖြစ်ပါကြောင်း၊ သာဓကအားဖြင့် နိုင်ငံတော်ရော၊ ပုဂ္ဂလိကကဏ္ဍပါ ဝင်ရောက်လုပ်ကိုင်ပြီး အဆင်ပြေနေသည့် ပြည်တွင်းလေကြောင်းကဏ္ဍကို ကြည့်မည်ဆိုပါက မြန်မာနေရှင်နယ်အဲလိုင်းကဲ့သို့ နိုင်ငံပိုင်လေကြောင်းလိုင်း ပြေးဆွဲနေသလို၊ အက်ဖ်အမ်အိုင်၊ ကမ္ဘောဇတို့ကဲ့သို့ ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းများလည်း ဝန်ဆောင်မှုပေးနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်လား၊ ပုဂ္ဂလိကလား တစ်လမ်းသွားစဉ်းစားနည်းဖြင့် စဉ်းစားမည့်အစား နောင်တွင် အစားထိုးရေးဆွဲမည့် ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းသည့်အခါ နိုင်ငံတော်ရော ပုဂ္ဂလိကကဏ္ဍပါ ပုံစံမျိုးစုံဖြင့် ပါဝင်ဆောင်ရွက်၍ ရနိုင်မည့် လုပ်သာကိုင်သာရှိမည့် ဥပဒေမူဘောင်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေအစား ကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံသည့် ပိုမိုကျယ်ပြန့်သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်းကို အကြံပြုတိုက်တွန်းအပ်ပါကြောင်း၊ အကယ်၍ ရှိရင်းစွဲ ပုဂ္ဂလိကပိုင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို ထိန်းကျောင်းနေသည့် ကဏ္ဍကြီးတစ်ခုလုံးကို လွှမ်းခြုံသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဥပဒေ ရှိနှင့်ပြီးသားဖြစ်မည်ဆိုပါက နိုင်ငံတော်ပိုင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများသည်လည်း ပုဂ္ဂလိကပိုင်လုပ်ငန်းများကဲ့သို့ပင် ကုမ္ပဏီများ ဥပဒေအရ လုပ်ငန်းအဖွဲ့အစည်းတည်ထောင်ပြီး ပုဂ္ဂလိကပိုင်လုပ်ငန်းများနည်းတူ တစ်ပြေးညီ တူညီသည့်ဥပဒေ၏ ထိန်းကျောင်းမှုအောက်မှာပင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ငန်းပြိုင်ဆိုင် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကိုပြဋ္ဌာန်းရန် သင့် မသင့်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပြဋ္ဌာန်းရန်မသင့်ကြောင်း အတည်ပြုကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အလုံးစုံ ပြုပြင်မွမ်းမံရေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ဂျပန်ယန်း ၁၀ ဒသမ ၇၈၇ ဘီလီယံ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဘီလူးချောင်း အမှတ် (၁) စက်ရုံ၏ သက်တမ်းမှာ ၂၅ နှစ်ရှိပြီး စက်များချွတ်ယွင်းမှုများကြောင့် ရပ်တန့်ရမှုဖြစ်စဉ် (၈၉)ကြိမ် ရှိခဲ့ပါကြောင်း၊ ရပ်တန့်ကြာမြင့်ချိန် စုစုပေါင်း ၁၄၆၂ နာရီ ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လေးကြိမ်ရပ်တန့်ခဲ့ရပြီး ရပ်တန့်ချိန် ၂၈ နာရီ ကြာမြင့်ကာ ၂၀၁၆ ခုနှစ်အတွင်း ငါးကြိမ်ရပ်တန့်ခဲ့ရပြီး ရပ်တန့်ချိန်နာရီ ၇၃၂ နာရီ ကြာမြင့်ခဲ့ပါကြောင်း၊ ဒီဇိုင်းများအရ စက်ရုံ၏ ထုတ်လုပ်နိုင်မှုမှာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၂၀၀ ယူနစ်သန်းပေါင်းဖြစ်သော်လည်း ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၁၃၉ ဒသမ ၀၆ ယူနစ်သန်းသာ ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ၁၁၀ ဒသမ ၄၂၃ ယူနစ်သန်းသာ ထုတ်လုပ်နိုင်ခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ်ဓာတ်အားထုတ်လုပ်နိုင်မှု လျော့နည်းလာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ စက်များ၏ မူလဒီဇိုင်းအရ ရေအသုံးပြုရသည့်နှုန်းမှာ 1 Mega Watt Hour ထုတ်လုပ်ရန် ၄ ဒသမ ၉ ဧကပေဖြစ်သော်လည်း ယခုအခါ စက်များ၏ စွမ်းရည်ကျဆင်းလာခြင်းကြောင့် ရေအသုံးပြုရသည့်နှုန်းမှာ 1 Mega Watt Hour ထုတ်လုပ်ရန် ၅ ဒသမ ၄ ဧကပေအထိ အသုံးပြုဆောင်ရွက်နေရပါကြောင်း၊ စက်တပ်ဆင်အင်အားအတိုင်း လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သော်လည်း ရေကို ပိုမိုသုံးစွဲရသည့်အတွက် စုဆောင်းရေ ဆုံးရှုံးမှုများကာ နွေရာသီ ရေနည်းသည့်ကာလအတွင်း ဓာတ်အားထုတ်လုပ်နိုင်မှုလျော့ကျသွားခြင်း ဖြစ်ပါကြောင်း။

ဆည်တော်ကြီးစက်ရုံ၏ သက်တမ်းမှာ ၂၈ နှစ်ကြာမြင့်ပြီဖြစ်ကာ စက်များချွတ်ယွင်းမှုကြောင့် ရပ်တန့်ရမှုဖြစ်စဉ် ၅၅၁ ကြိမ်ဖြစ်ပြီး ရပ်တန့်ကြာမြင့်ချိန် စုစုပေါင်း ၂၁၆၀ နာရီဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ရပ်တန့်ခဲ့ရချိန် အကြိမ်လေးဆယ်နှင့် ရပ်တန့်ချိန် ၂၆၂ နာရီ ရပ်တန့်ပြုပြင်ခဲ့ရပါကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း ရပ်တန့်ရသည့် အကြိမ် ၃၆ ကြိမ်နှင့် ရပ်တန့်ချိန်နာရီ ၃၅၃ နာရီ ရပ်တန့်ပြုပြင်ခဲ့ရပါကြောင်း၊ ဒီဇိုင်းများအရ စက်ရုံ၏ ထုတ်လုပ်နိုင်မှုမှာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားယူနစ် ၁၃၄ သန်း ဖြစ်သော်လည်း ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၁၁၇ ဒသမ ၂၆ ယူနစ်သန်းသာ ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ၁၀၉ ဒသမ ၃၂၃ ယူနစ်သန်းသာ ထုတ်လုပ်နိုင်ခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ် ဓာတ်အားထုတ်လုပ်နိုင်မှု လျော့နည်းလာသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း၊ စက်များ၏ မူလဒီဇိုင်းအရ ရေအသုံးပြုရသည့်နှုန်းမှာ 1 Mega Watt Hour ထုတ်လုပ်ရန် ၉ ဒသမ ၁၄၇ ဧကပေဖြစ်သော်လည်း ယခုအခါ စက်များ၏ စွမ်းရည်ကျဆင်းလာခြင်းကြောင့် ရေအသုံးပြုရသည့်နှုန်းမှာ 1 Mega Watt Hour ထုတ်လုပ်ရန် ၉ ဒသမ ၉၃ ဧကပေဖြင့် ပိုမိုအသုံးပြုထုတ်လုပ်ပေးနေရပါကြောင်း၊ စက်တပ်ဆင်အင်အားအတိုင်း လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သော်လည်း ရေကိုပိုမိုသုံးစွဲရသည့်အတွက် ဆည်ရေအမြန်ကျဆင်းကာ နွေရာသီရေနည်းသည့်ကာလအတွင်း ဓာတ်အားထုတ်လုပ်နိုင်မှု လျော့ကျသွားခြင်းဖြစ်ပါကြောင်း။

ရေအားစက်ရုံများ၏ တာဘိုင်နှင့် ဂျင်နရေတာ၊ လျှပ်စစ်နှင့် စက်မှုပစ္စည်းများ၏ သက်တမ်းကို ယေဘုယျအားဖြင့် နှစ် ၃၀ ဟု သတ်မှတ်ကာ ၁၀ နှစ်လျှင်တစ်ကြိမ် အကြီးစားပြုပြင်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တင်ပြပါစက်ရုံ နှစ်ရုံရှိ ဓာတ်အားပေးစက်များမှာ နှစ်ပေါင်း သုံးဆယ်နီးပါး ကြာမြင့်ပြီဖြစ်သော်လည်း အလုံးစုံပြုပြင်မှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသေးပါကြောင်း၊ ယခုအတိုင်း ပြင်ဆင်ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်မည်ဆိုပါက ဘီလူးချောင်း အမှတ်(၁) စက်ရုံနှင့် ဆည်တော်ကြီးစက်ရုံတို့သည် လာမည့်သုံးနှစ်တာကာလအတွင်း စက်ပစ္စည်းအစိတ်အပိုင်းများ ကြီးကြီးမားမား ပိုမိုချွတ်ယွင်းဖြစ်ပေါ်လာပါက ပြုပြင်ရမည့် စရိတ်စကများခြင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က ထုတ်လုပ်ထားသော စက်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်တွင် ရှာဖွေအစားထိုးပြုပြင်ရန် မလွယ်ကူခြင်းတို့ကြောင့် ဓာတ်အားထုတ်လုပ်မှု ရပ်တန့်သွားလျှင် ပြည်သူများအတွက် ဓာတ်အားဖြန့်ဖြူးထုတ်လုပ်ပေးနိုင်ရန် များစွာ ခက်ခဲလာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအချိန်မီပြုပြင်မည်ဆိုပါက မူလဒီဇိုင်းနေရာတွင် ထပ်တူညီမျှထုတ်လုပ်သည့် စက်ပစ္စည်းဒီဇိုင်းများကို ရရှိနိုင်မှုမရှိသော်လည်း အကြံပေးများ၏ အကူအညီဖြင့် အစားထိုးတပ်ဆင်နိုင်မည့် စက်ပစ္စည်းများကို အလုံးစုံလေ့လာခြင်းအားဖြင့် စက်ရုံများမှာ နောက်ထပ်နှစ်ပေါင်း ၂၀ ယုံကြည်စိတ်ချစွာ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်လျှင် နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို များစွာအထောက်အကူပြုလာမည်ဖြစ်ပါကြောင်း၊ အဆိုပါစက်ရုံနှစ်ရုံကို အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်း ဆောင်ရွက်ရန် စီးပွားရေးအရ လေ့လာဆန်းစစ်မှုများကို ဆောင်ရွက်ရာတွင် ဓာတ်အားတစ်ယူနစ် ထုတ်လုပ်ရောင်းချစရိတ် ငါးဆယ့်နှစ်ကျပ်နှုန်းဖြင့် တွက်ချက်ပါက ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရကိန်းသည် ၇ ဒသမ ၆၉ ရာခိုင်နှုန်း ရရှိမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူသည့် ရည်ရွယ်ချက်၊ ချေးငွေအတွက်သုံးစွဲမည့် လုပ်ငန်းများနှင့် အကျိုးအပြစ်၊ ချေးငွေအတွက်ပြန်လည်ပေးဆပ်မည့် အစီအစဉ်များကို ချေးငွေရယူသုံးစွဲမည့် သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းတင်ပြပြီးဖြစ်ပါသဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ထပ်မံရှင်းလင်းတင်ပြရန် မရှိပါကြောင်းနှင့် လွှတ်တော်မှ အတည်ပြုပြီးသည့်အခါ ချေးငွေရရှိနိုင်ရေးကို ပြည်တွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ ထောက်ခံမဲ ၅၀၆ မဲ၊ ကန့်ကွက်မဲ ၃ မဲနှင့် ကြားနေမဲ ၅ မဲ ရရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

**အောင်နိုင်(သတင်းစဉ်)**








နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မေတ္တာဖြင့် လာရောက်တင်ဆက်ကြသော မြပုဏ္ဏမာနှင့် သီးလေးသီးအဖွဲ့ကိုယ်စား ဦးဇာဂနာအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (သတင်းစဉ်)

❁ ပြည်ထောင်စုမှ

ကျပ်သိန်း ၃၀ လှူဒါန်းသည့် တောင်ကြီးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများကိုယ်စား တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် လက်ခံရရှိသော လှူဒါန်းငွေနှင့် အလှူရှင်စာရင်းကိုဖတ်ကြား၍ ဂုဏ်ပြုမှတ်တမ်းတင်သည်။

ထို့နောက် မြပုဏ္ဏမာနှင့် သီးလေးသီးအဖွဲ့တို့က ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် ငြိမ်းချမ်းရေးစည်တော်သံ အနုပညာပွဲခင်းသာ အစီအစဉ်အရ တေးဂီတ၊ အငြိမ့်၊ တစ်ခန်းရပ် ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဖျော်ဖြေပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်ဇနီး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ နေပြည်တော်ကောင်စီနယ်မြေမှ ပြည်သူများ တက်ရောက်အားပေးကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီးများ၌ ကင်းထောက်များက အာဟာရကျွေးမွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက ရန်ကင်းကလေးဆေးရုံကြီး ခုတင်(၅၅၀) နှင့် ရန်ကုန်ကလေးဆေးရုံကြီး ခုတင်(၅၀၀)တို့ရှိ ကလေးလူနာများအား မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ ကင်းထောက်များက စုပေါင်းထည့်ဝင် လှူဒါန်းငွေများဖြင့် အာဟာရဖြစ်စေမည့် နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် တစ်နေ့တာ အာဟာရကျွေးမွေးခြင်း၊ အမှတ်တရလက်ဆောင်များပေးခြင်းနှင့် ဆေးရုံသန့်ရှင်းရေးအတွက် ဝန်ထမ်းများနှင့်အတူ ကူညီဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြသည်။**

အစီအစဉ်အရ ယနေ့နံနက် ၁၀ နာရီက ရန်ကင်းကလေးဆေးရုံကြီး ခုတင်(၅၅၀)တွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်နှင့် အမျိုးသားကင်းထောက်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီး ကင်းထောက်အဖွဲ့မှ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် အမျိုးသမီးကင်းထောက်ကြီးများ ဦးဆောင်မှုဖြင့် တက္ကသိုလ်ကင်းထောက်များသည် ဆေးရုံအတွင်းဝန်ထမ်းများနှင့်အတူ သန့်ရှင်းရေးဆောင်ရွက်ပေးကြပြီး ကလေးလူနာများအားတွေ့ဆုံကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ သိကောင်းစရာများ ဟောပြောခြင်း၊ နံနက်စာ၊ နေ့လယ်စာ အာဟာရကျွေးမွေးခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခြင်းတို့ ပြုလုပ်ကြသည်။

ထို့နောက် ရန်ကင်း ကလေးဆေးရုံကြီး ခုတင်(၅၅၀) ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခိုင်နှင့် ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မိမိခင်တို့အား အမျိုးသား၊ အမျိုးသမီး ကင်းထောက်ကြီးများက လှူဒါန်းငွေနှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်များနှင့် တက္ကသိုလ်ကင်းထောက်များ စုပေါင်းထည့်ဝင် လှူဒါန်းငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့ပြင် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီး ခုတင် (၅၀၀) အစည်းအဝေးခန်းမ၌ အမျိုးသား၊ အမျိုးသမီး ကင်းထောက်ကြီးများက လှူဒါန်းငွေနှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်များနှင့် တက္ကသိုလ်ကင်းထောက်များစုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် နှစ်သိန်းကို



နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် တစ်နေ့တာ ကျွေးမွေးခြင်းအတွက် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးက လက်ခံသည်။

ထို့နောက် ကင်းထောက်များက ကလေးဆေးရုံကြီး လူနာဆောင်အသီးသီးတွင် ကလေးလူနာများအား အမှတ်တရအရုပ်များ လက်ဆောင်ပေးအပ်သည်။

ထို့ပြင် တက္ကသိုလ် ကင်းထောက်မောင်မယ်များက ရန်ကုန်ကလေးဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံကြီး ပတ်ဝန်းကျင်နှင့် ဆေးရုံအတွင်းအပြင်တို့တွင် ဝန်ထမ်းများနှင့်အတူ သန့်ရှင်းရေးကူညီစုပေါင်းဆောင်ရွက်ခြင်း၊ ကလေးလူနာများအားတွေ့ဆုံကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ သိကောင်းစရာများ ဟောပြောခြင်း၊ စိတ်ဓာတ် ပျော်ရွှင်စေမည့် ကင်းထောက်တေးသီချင်းများ သီဆိုခြင်း၊ ကစားနည်းများဖြင့် သရုပ်ဖော်ပြသခြင်းများ ပြုလုပ်ကြမည်ဖြစ်သည်။

**ကိုလတ် (သတင်းစဉ်)**

# ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုနှင့် ပြည်သူ့ရင်ပြင်ဖွင့်

**အောင်လံ ဖေဖော်ဝါရီ ၁၃**

မြန်မာ့လွတ်လပ်ရေးဗိသုကာနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုနှင့် ပြည်သူ့ရင်ပြင်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (ဗိုလ်ချုပ်မွေးနေ့)နံနက် ၉ နာရီတွင် အောင်လံမြို့နယ် အောင်မာလာပန်းခြံအတွင်း၌ ပြုလုပ်သည်။

အစီအစဉ်အရ ဗိုလ်ချုပ်ကြေးရုပ်ကို အောင်လံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဝင် ဦးမြင့်ဆွေနှင့် မြို့မိမြို့ဖကိုယ်စားလှယ် ဦးညွန့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တုကို မကွေးတိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ်၊ မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်အေး၊ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီနာယက ဦးမြင့်ကြည်နှင့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လေးတို့က ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ပြန်လည်ပြောကြားပြီး တက်ရောက်လာသည့် ပရိသတ်များအား ပဲပြုတ်၊ နံပြားဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**





**ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံကလေးများနေ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ထီးချိုင့်မြို့ပေါ်ရပ်ကွက်ရှိအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များ၊ မူလတန်းကျောင်းများနှင့် မူကြိုကျောင်းရှိ ကလေးသူငယ်များအား အာဟာရနို့ထမင်းကျွေးမွေးစဉ်။**

(မြို့နယ်ပြန်/ဆက်)

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဗမာဖြစ်ဖြစ် မြန်မာဖြစ်ဖြစ် ပြည်ထောင်စုအဖြစ်တည်ရှိတယ်

ဝေဖြိုးဟန်(အင်းစိန်)

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီး ဧပြီလ လွှတ်တော်တွေ ပြန်ခေါ်တဲ့အချိန်တုန်းက အဖြစ်အပျက်တစ်ခုကို သတိရမိပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီးဆိုတဲ့ စကားရပ်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပြီးဆိုတဲ့ စကားရပ်အကြား အပြန်အလှန် အငြင်းပွားခဲ့ကြဖူးပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲမှာ အောင်ပွဲခံခဲ့တဲ့အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်တက်ရေး မတက်ရေးတွေအထိ အားလုံးကလည်း စိတ်ဝင်တစား ရှိခဲ့ကြပါတယ်။ နောက်ဆုံးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူ့မျက်နှာ၊ တိုင်းရင်းသားပါတီတွေရဲ့ မျက်နှာကို ထောက်ချင့်ပြီး စကားလုံးအပေါ် အငြင်းပွားမနေတော့ဘဲ လွှတ်တော်ထဲဝင်ခဲ့ကြပါတယ်။ ဒီလိုနဲ့ ကာကွယ်စောင့်ရှောက်ပြီး ဆိုတာနဲ့ လေးစားလိုက်နာပြီးဆိုတဲ့ စကားလုံးအငြင်းပွားမှုဟာ လွှတ်တော်ထဲမှာ ငြိမ်သက်သွားပါတော့တယ်။

အဲဒီအငြင်းပွားမှုပြီးတဲ့နောက် တစ်ဆက်တည်း ကြားလာရပြန်တာက နိုင်ငံနာမည်အငြင်းပွားမှုပါပဲ။ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံကို မြန်မာလို့ ခေါ်ခြင်းကမှန်သလား ဗမာလို့ခေါ်ခြင်းက မှန်သလားဆိုတဲ့ အငြင်းပွားမှုဖြစ်ပါတယ်။ ဒီတစ်ခါလည်း အဲဒီအချိန်တုန်းက အာဏာပိုင်အဖွဲ့အစည်းနဲ့ အတိုက်အခံပါတီကြီးတို့ ထိပ်တိုက်တွေ့ခဲ့ကြတာပါပဲ။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေပြီးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၂၀၁၂ ခုနှစ် ဇွန်လ နိုင်ငံခြားခရီးစဉ် မိန့်ခွန်းတွေမှာ ဘားမား(Burma)လို့ သုံးနှုန်းခေါ်ဝေါ်ခဲ့တဲ့အပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတိပေးချက်ထုတ်ခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုးကားပြီး မြန်မာဆိုတဲ့စကားရပ်သာ အမှန်ဖြစ်ကြောင်း ဆိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရယ်လို့ အတိအလင်းပါထားတာကြောင့် နိုင်ငံအမည်ကို မြန်မာလို့ပဲ ခေါ်ဝေါ်သုံးစွဲရမယ်လို့ ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်ထုတ်ပါတယ်။

တကယ်တော့ နိုင်ငံတစ်နိုင်ငံရဲ့ အမည်ကို ပြောင်းလဲသတ်မှတ် ခေါ်ဝေါ်သုံးစွဲတော့မယ်ဆိုရင် နိုင်ငံသူ နိုင်ငံသားတွေကို အသိပေးဖို့လိုပါတယ်။ ပြည်သူလူထုသဘောထားကို သုံးသပ်သင့်ပါတယ်။ ဒီမိုကရေစီသဘောတရားအရ လွတ်လွတ်လပ်လပ် ပြောနိုင်ဆိုနိုင်ရပါမယ်။ ဘယ်သူ့ကိုမှလည်း စော်ကားတာမဟုတ်လို့ နှစ်သက်သလို သုံးစွဲခွင့်ရှိပါတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဘက်က တုံ့ပြန်ခဲ့ဖူးပါတယ်။

တချို့က မြန်မာဆိုတာ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတာပါလို့ ပြောကြတယ်။ ဗမာဆိုတာကတော့ အင်္ဂလိပ်လက်ထက်က ဆက်ဆံခဲ့တဲ့ လူနည်းစုဗမာတွေကို ခေါ်ဝေါ်ရင်း အရိုးစွဲလာတဲ့ စကားလုံးဖြစ်ကြောင်း ဖော်ပြကြတယ်။ တိုင်းရင်းသားအားလုံးကို ကိုယ်စားမပြုဘူးလို့ ထောက်ပြကြတယ်။ တချို့က မြန်မာဆိုတာ တိုင်းရင်းသားလူမျိုးအားလုံးနဲ့ မဆိုင်ဘူး။ မြန်မာစကားပြောတဲ့ မြန်မာလူမျိုးနဲ့ပဲ ဆိုင်တယ်။ ဗမာဆိုတာကမှ တစ်မျိုးသားလုံးနဲ့ ဆိုင်တယ်ဆိုပြီး ပြောကြဆိုကြ ငြင်းခုံကြ၊ လွတ်လပ်စွာသဘောထားကွဲလွဲမှုတွေ ရှိလာကြပါတယ်။

မြန်မာဖြစ်စေ၊ ဗမာဖြစ်စေ ကျွန်တော်တို့နိုင်ငံဟာ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနဲ့ ကုန်းဘောင်ခေတ်အဆက်ဆက် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ရိုးရာဓလေ့စရိုက်တွေ၊ တန်ဖိုးမဖြတ်နိုင်တဲ့ သဘာဝသယံဇာတအရင်းအမြစ်တွေ၊ သာယာလှပတဲ့ တောတောင် ရေမြေတွေနဲ့ အင်မတန်မှ ခံ့ညားထည်ဝါခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပြည်မ တောင်တန်းပူးပေါင်းရေးစာချုပ်ကို ပင်လုံမြို့မှာ ချုပ်ဆိုနိုင်ခဲ့ကြပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေး ရခဲ့ပါတယ်။

အခုဆိုရင် နှစ်ပေါင်း (၇၀)ရှိခဲ့ပါပြီ။ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်လာခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ ဗမာလို့ပဲခေါ်ခေါ်၊ မြန်မာလို့ပဲ ခေါ်ခေါ် ခေါ်ချင်သလို ခေါ်ကြပါစေ။ ကျွန်တော်တို့ နိုင်ငံကို ယဉ်ကျေးမှုအစဉ်အလာကြီးမားတဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာကအသိအမှတ်ပြုလက်ခံနေရင် ပြီးတာပါပဲ။ အဲဒီအချိန်မှာ လူတချို့က ဗမာ-မြန်မာ အဖြေရှာဆိုတဲ့ ဒီဘိတ်အငြင်းအခုံပွဲတွေ လူမှုကွန်ရက်တွေမှာ ပြုလုပ်လာကြတယ်။ ဒီတော့ အုပ်စုနှစ်စု ဖြစ်လာကြတယ်။ ငြင်းကြခုံကြ ထောက်ပြဝေဖန်ကြနဲ့ အလုပ်တွေ ရှုပ်ခဲ့ကြတယ်။ တစ်ဖက်နဲ့တစ်ဖက် စကားရပ်တစ်ခုအပေါ် အပြန်အလှန် အငြင်းပွားနေကြမယ့်အစား၊ ဝေဖန်ထောက်ပြနေကြမယ့်အစား၊ သမိုင်းကြောင်းတွေ ပြန်လှန်ရေးသားတင်ပြပြောဆိုနေကြမယ့်အစား မြန်မာပဲဖြစ်ဖြစ်၊ ဗမာပဲဖြစ်ဖြစ် ဒါငါတို့ နိုင်ငံ၊ ငါတို့တိုင်းပြည်၊ ငါတို့တိုင်းရင်းသားတွေအားလုံး စုပေါင်းနေထိုင်ရာ ပြည်ထောင်စုကြီးဖြစ်တယ်၊ ငါတို့ ပြည်ထောင်စုကြီးကို ဘယ်လိုတိုးတက်အောင် လုပ်ရမယ်ဆိုတာမျိုးပဲ စဉ်းစားကြ၊ တိုင်ပင်ကြ၊ ဆွေးနွေးကြ၊ ငြင်းခုံကြရင် ပိုကောင်းပါတယ်။

ငြင်းခုံကြတယ်ဆိုတဲ့နေရာမှာ ဘာမဟုတ်တဲ့ ကိစ္စတွေအပေါ် ဖြစ်နေတာထက် တကယ်လိုအပ်နေတဲ့ နိုင်ငံတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ၊ ပညာရေး၊ ကျန်းမာရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးစတဲ့ အခြေခံလုပ်ငန်းဆောင်တာများနဲ့ ပတ်သက်ပြီး လွှတ်တော်ထဲမှာ ပြောကြဆိုကြ တိုင်ပင်ဆွေးနွေးကြ၊ ထောက်ခံကြ၊ ကန့်ကွက်ကြ၊ ငြင်းခုံကြလုပ်ခြင်းဟာ ပိုပြီးဖြစ်သင့်ဖြစ်ထိုက်တဲ့ လုပ်ငန်းစဉ်ပါပဲ။

အခုတော့ နိုင်ငံအမည်နဲ့ပတ်သက်ပြီး ဒီကနေ့အထိ ဆတ်ဆတ်ထိမခံတွေရှိနေသေးတာကို အံ့သြစွာတွေ့နေရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ ဝိဝါဒကွဲပြားမှုတွေဟာ ကောင်းတဲ့လက္ခဏာမဟုတ်ဘူးလို့ ပြောချင်ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း မွေးဖွားတဲ့ ကျောင်းသားလူငယ်တွေမှာ ဘယ်ဟာအမှန်တရားဆိုတာကို ဒွိဟဖြစ်ကြရပါတော့မယ်။ ကျွန်တော်တို့ ငယ်ငယ်ကသင်ရတဲ့ ဖတ်စာအုပ်တွေမှာ ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ။ တို့စာကိုမြတ်နိုးပါ။ တို့စကားကို လေးစားပါဆိုပြီး သင်ရပါတယ်။

အဲဒီမှာ သုံးခဲ့တာ ဗမာပါ။ ပြီးတော့ ယနေ့တိုင် သင်နေကြတဲ့ သင်ရိုးညွှန်းတမ်းတွေမှာပါနေဆဲကတော့ တို့ဗမာအစည်းအရုံးဆိုတာနဲ့ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာတွေပါပဲ။ ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ကိုအောင်ဆန်း၊ ကိုနု၊ ကိုဗဟိန်းတို့ခေတ် ၁၉၃၆-၃၇ ဝန်းကျင်က ကျောင်းသားသမဂ္ဂကို ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ (Auo)လို့ သုံးခဲ့ကြသလို မြန်မာနိုင်ငံလုံးဆိုင်ရာလို့ သုံးခဲ့တာမျိုးလည်းရှိကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။

ကျွန်တော်တို့ ခပ်ငယ်ငယ်မှာ ဗမာဆိုတဲ့ အသုံးအနှုန်းကနေ မြန်မာဆိုတဲ့ စကားလုံးကို ပြောင်းလဲသွားပါတယ်။ နိုင်ငံတော်သီချင်းမှာတောင် ကမ္ဘာမကျေ ဗမာပြေကနေ ကမ္ဘာမကျေ မြန်မာပြည်ဆိုပြီး ဖြစ်သွားတယ်။ ဒါက နိုင်ငံအမည် ပြောင်းလိုက်လို့ နိုင်ငံတော်သီချင်းကို လိုက်ပြောင်းရတာမှန်း နားလည်ပါတယ်။ သို့သော် မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကားလို့ ပြောင်းတာတော့ အရုပ်ဆိုးမယ်လို့ ထင်ပါတယ်။ ငယ်ငယ်ကတည်းက တကယ့်ကို နှုတ်ကျိုးခဲ့တဲ့ သင်ပုန်းကြီးဖတ်စာအုပ်ထဲက စာသားတွေကို စာမျက်နှာထက်မှာ ပြင်လို့ရကောင်းရပါလိမ့်မယ်။ ထိုစာတွေနဲ့ လူလားမြောက်လာတဲ့ ကျောင်းသားတွေရဲ့ မှတ်ဉာဏ်ကိုတော့ ပြင်လို့ရမယ်မထင်ပါဘူး။ ပြီးတော့ တို့ဗမာအစည်းအရုံးလို နိုင်ငံတစ်ဝန်းလုံး ထောက်ခံအားပေးခဲ့တဲ့ အဖွဲ့အစည်းကြီးကို တို့မြန်မာအစည်းအရုံးလို့ ဘယ်လိုပြောင်းခေါ်ရပါ့မလဲ။

ကျွန်တော်တို့ အခုချိန်အထိ ကြားနေရဆဲ ဂန္ထဝင်သီချင်းတစ်ပုဒ်ကတော့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးစပ်ထားတဲ့ သီချင်းပါပဲ။ "ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်" ဆိုပြီး အစချီထားတဲ့ သီချင်းပါ။ အဲဒီသီချင်းမှာလည်း ဗမာလို့သုံးသွားတာဟာ ကျွန်တော်တို့ အချုပ်အခြာအာဏာပိုင် နိုင်ငံကြီးတစ်ခုလုံးနဲ့ တိုင်းရင်းသားအားလုံးစုပေါင်းနေထိုင်ရာ ပြည်ထောင်စုကြီးကို ရည်ညွှန်းထားတာပါ။ ဒီဘက်ခေတ်မှာ နိုင်ငံအမည် ပြောင်းလဲလိုက်ပေမယ့် သမိုင်းမှာကျန်ခဲ့တဲ့ မှတ်တမ်းများကိုပါ တစ်ပါတည်းပြောင်းလဲပစ်ဖို့ ခက်ပါတယ်။ ကျွန်တော်ပြောချင်တာက ဗမာကနေ မြန်မာလို့ပြောင်းလဲလိုက်ခြင်းဟာ မှားယွင်းတဲ့ လုပ်ဆောင်ချက်လို့ မပြောပါဘူး။ ထင်လည်း မထင်ပါဘူး။ ဝေလည်း မဝေဖန်ချင်ပါဘူး။ လုပ်ပိုင်ခွင့် အာဏာရှိခဲ့တဲ့သူတွေ ထုဆစ်သွားတဲ့ လက်ရာတစ်ခုလို့ပဲ ခံယူပါတယ်။

အသက် ၃၀ ဝန်းကျင်နဲ့ ၃၀ အောက် လူငယ်တွေဟာ ၁၉၈၈ နောက်ပိုင်းမှ မူလတန်းစတက်ကြရပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဆိုပြီး အဓိက တိုင်းရင်းသားအမျိုးအမည်ရှစ်မျိုးကို သင်ကြားခဲ့ရလို့ သိရပါတယ်။ ကျောင်းမှာ လျှောက်လွှာတွေဖြည့်ရတဲ့ အခါဆို မြန်မာနိုင်ငံသား ဗမာလူမျိုး၊ မြန်မာနိုင်ငံသား ကရင်လူမျိုး၊ မြန်မာနိုင်ငံသား ပအိုဝ်းလူမျိုးဆိုပြီး သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးအလိုက် ဖြည့်ကြရပါတယ်။ အခုလို ဗမာနဲ့မြန်မာ ဘယ်ဟာအမှန်ဖြစ်သလဲ ဆိုပြီး သဘောထားကွဲလွဲမှုတွေ ပေါ်လာတဲ့အခါ လူငယ်တချို့ဝေခွဲမရ ဖြစ်လာကြပါတယ်။

ကျွန်တော်တို့ဟာ သမိုင်းနဲ့မကင်းဝေးရအောင် စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာရင်း သမိုင်းကို သိရှိလာခဲ့ရသူတွေ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ သမိုင်းကို ကိုယ်မသိရင် အနာဂတ်အတွက် သမိုင်းကောင်းကောင်း ရေးထိုးနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ ဆရာကြီးဒေါက်တာသန်းထွန်းပြောခဲ့သလို သမိုင်းသင်တာ မ အ အောင်လို့ဆိုတဲ့အတိုင်း ကျွန်တော်တို့တွေ လူအ လူနတွေမဖြစ်ရအောင် သမိုင်းကို သင်ယူလေ့လာလိုက်စားခဲ့ကြတာပါ။ ဒါကြောင့်လည်းပဲ ဒီကနေ့ ခေါ်နေကြတဲ့ မြန်မာနဲ့ ယခင်ကခေါ်ခဲ့တဲ့ ဗမာဆိုတာဟာ ကျွန်တော်တို့ ပြည်ထောင်စုကြီးတစ်ခုတည်းကို ရည်ညွှန်းနေတယ်ဆိုတာသိခဲ့ရခြင်း ဖြစ်ပါတယ်။

မြန်မာလို့ခေါ်တာကလည်း ကျွန်တော်တို့ရဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ရာ ပြည်ထောင်စုကြီးပါ။ ဗမာလို့ သိကြတာကလည်း ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အတူတကွ စုပေါင်းနေထိုင်ရာ ပြည်ထောင်စုကြီးပါပဲ။ ယနေ့ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေပါပြီ။ ဘယ်ပုဂ္ဂိုလ်၊ ဘယ်နိုင်ငံခြားသား၊ ဘယ်လူမျိုးကပဲဖြစ်ဖြစ် ဗမာလို့ပဲခေါ်ခေါ်၊ မြန်မာလို့ပဲပြောပြော၊ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကိုမပျက်စီးစေဘူးဆိုရင်၊ ပုဂ္ဂိုလ်ရေးအရ ထိခိုက်နစ်နာသွားတာမျိုးမရှိဘူးဆိုရင်၊ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို မထိခိုက်စေဘူးဆိုရင်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်ရေးကို မပျက်ပြားစေဘူးဆိုရင် နှစ်သက်သလို လွတ်လွတ်လပ်လပ် ခေါ်ဝေါ်သုံးစွဲနိုင်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဗမာဖြစ်ဖြစ်၊ မြန်မာဖြစ်ဖြစ်၊ ကျွန်တော်တို့ နိုင်ငံကြီးပြည်ထောင်စုအဖြစ် တည်ရှိနေဖို့သာ အဓိကကျပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

**ယနေ့ကျွန်တော်တို့ နိုင်ငံဟာဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေပါပြီ။ ဘယ်ပုဂ္ဂိုလ်၊ ဘယ်နိုင်ငံခြားသား၊ ဘယ်လူမျိုးကပဲဖြစ်ဖြစ် ဗမာလို့ပဲခေါ်ခေါ်၊ မြန်မာလို့ပဲပြောပြော၊ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို မပျက်စီးစေဘူးဆိုရင်၊ ပုဂ္ဂိုလ်ရေးအရ ထိခိုက်နစ်နာသွားတာမျိုးမရှိဘူးဆိုရင်၊ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို မထိခိုက်စေဘူးဆိုရင်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်ရေးကို မပျက်ပြားစေဘူးဆိုရင် နှစ်သက်သလို လွတ်လွတ်လပ်လပ် ခေါ်ဝေါ်သုံးစွဲနိုင်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဗမာဖြစ်ဖြစ်၊ မြန်မာဖြစ်ဖြစ်၊ ကျွန်တော်တို့ နိုင်ငံကြီး ပြည်ထောင်စုအဖြစ် တည်ရှိနေဖို့သာ အဓိကကျပါကြောင်း။ ။**

# ပင်လုံမြို့၌ပြုလုပ်သည့်ငြိမ်းချမ်းရေးစကားဝိုင်းတွင် တိုင်းရင်းသား တိုင်းရင်းသူများ၏ ဆွေးနွေးချက်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံမြို့၌ပြုလုပ်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေးစကားဝိုင်းတွင် တိုင်းရင်းသားတိုင်းရင်းသူများ၏ ဆွေးနွေးချက်များကို ကောက်နုတ်တင်ပြလိုက်ပါသည် -

**ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အကျိုးဆောင်အဖြစ်ပံ့ပိုးဆောင်ရွက်နေသည့် ချင်းတိုင်းရင်းသူ မိုင်ချင်းချင်း**

ပင်လုံစာချုပ်အကြောင်းကို ပြောတဲ့အခါမှာ စာချုပ်တစ်ခုတည်းကိုပဲ မရည်ညွှန်းဘဲ ပင်လုံစာချုပ်နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ပေးထားခဲ့တဲ့ ပင်လုံကတိကဝတ်၊ နောက်ပြီး ပင်လုံစိတ်ဓာတ်တွေကို တွဲပြီးတော့သုံးပါတယ်။ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓာတ်ဆိုပြီးတော့ ရည်ညွှန်းထားပါတယ်။

နောက်ပြီးတော့ ပင်လုံစာချုပ်ဟာလည်း ပူးပေါင်းမယ်ဆိုတဲ့အရာကို ဖော်ပြပါတယ်။ နောက်တစ်ခုက တောင်တန်းဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ကနေပြီး သူတို့ရဲ့အစီရင်ခံစာမှာ ဘယ်လိုပူးပေါင်းကြမယ်ဆိုတာ ပါခဲ့တာပေါ့။ ပြီးတော့ ဗိုလ်ချုပ်ချမှတ်ထားတဲ့ အခြေခံလမ်းညွှန်မှု (၇)ချက်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကြမယ်ဆိုတာဖြစ်ပါတယ်။ ဒါပေမယ့် ကံဆိုးစွာနဲ့ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ရက်မှာ ဗိုလ်ချုပ်နဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် ကျွန်မတို့ရဲ့ မျှော်လင့်ထားတဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပုံစံပြောင်းလဲသွားတယ်။

အဲဒီရဲ့ အကျိုးဆက်အနေနဲ့ ကျွန်မတို့လိုလားတဲ့ ဒီမိုကရေစီရယ်၊ နောက်ပြီးတော့ အမျိုးသားတန်းတူရေးနဲ့ ကိုယ်တိုင် ပြဋ္ဌာန်းခွင့်အာမခံချက်ပြည့်ဝတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို မတည်ထောင်နိုင်ခဲ့ဘဲ ဖက်ဒရယ်ဆိတ်သုဉ်းမှု၊ ဒီမိုကရေစီဆိတ်သုဉ်းမှုတွေ ဖြစ်ခဲ့ရပါတယ်။ ဒီလိုနဲ့ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် NCA ဆိုတာ ပေါ်ပေါက်လာပါတယ်။

NCA ဆိုတာကိုလည်း ကျွန်မတို့နားလည်တာကတော့ ပြည်ထောင်စုမပြိုကွဲရေးကို ပြန်လည်ပြီးတော့မှ သက်သေပြုတဲ့စာချုပ်လို့ နားလည်ထားပါတယ်။ ကျွန်မတို့က အခု (၂၁) ရာစုပင်လုံကို တိုင်းသူပြည်သားအားလုံးကလည်း အများကြီး မျှော်လင့်တယ်။ ငြိမ်းချမ်းရေးလိုချင်တဲ့သူအားလုံးကလည်း မျှော်လင့်တဲ့အခါမှာ ဒီ (၂၁) ရာစုပင်လုံဆိုတာ အကောင်အထည်မဖော်ခဲ့ရတဲ့ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နဲ့ ပင်လုံစိတ်ဓာတ်တွေကို ပြန်လည်ပြီး အသစ်တစ်ဖန် ပြန်လည်ဖော်ဆောင်ပေးနိုင်ဖို့ ကြိုးစားနေတယ်ဆိုတာကို ပြည်သူလူထုရဲ့ခံစားချက်နဲ့ မျှော်မှန်းချက်ဖြစ်ပါတယ်။

အဲဒီအတွက်ကလည်း အင်မတန်မှ မျှော်လင့်ချက်တွေကြီးနေကြပါတယ်။ NCAရဲ့ အပိုဒ်(၁) အပိုဒ်ခွဲ(က)မှာပါတဲ့အတိုင်း ဒို့တာဝန်အရေးသုံးပါးပေါ့။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုပြီးတော့မှ လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတွေကို အခြေခံပြီး ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်အာမခံချက် အပြည့်အဝရှိတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်ကို တည်ဆောက်ဖို့ အများကြီးမျှော်လင့်ထားကြပါတယ်။ နိုင်ငံရေးအရ၊ လူမျိုးရေးအရ တန်းတူပူးပေါင်းနိုင်မယ့် အာမခံချက်တွေရှိမယ်ဆိုရင်တော့ ငြိမ်းချမ်းရေးကို လုံးဝရရှိမယ်လို့ မျှော်လင့်ထားပါတယ်။ တိုင်းသူပြည်သားတွေအားလုံးလိုလားတဲ့ငြိမ်းချမ်းရေးကို နိုင်ငံတော်၏အတိုင်ပင်ခံရဲ့ ဦးဆောင်မှုနဲ့ အားလုံးဝိုင်းဝန်းပြီးတော့ လုပ်ဆောင်နိုင်မယ်ဆိုတာကို ယုံကြည်ပါတယ်။

**ကရင်လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် ကရင်တိုင်းရင်းသူ နန်းမြသီတာ**

ကျွန်မတို့က ခုနက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသလိုပါပဲ။ မတူကွဲပြားတာတွေ အများကြီးရှိတယ်။ ဘာကြောင့် မငြိမ်းချမ်းနိုင်ရတာလဲ။ မညီညွတ်နိုင်ရတာလဲ။ ပန်းတွေဆိုရင်တောင်မှ ရောင်စုံရှိမှ လှတာလေ။ မတူကွဲပြားမှုတွေက တကယ်တမ်း အင်အားတွေပါ။ မတူကွဲပြားမှုတွေနဲ့ ကျွန်မတို့ အင်မတန်မှ လှပပျော်ရွှင်တဲ့ဘဝကို ဘယ်လိုသွားမလဲပေါ့။ အခုသွားနေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်ကြည့်မယ်ဆိုရင် ဒီပင်လုံကနေပြီးတော့ ပူးပေါင်းပြီး ရလာခဲ့တဲ့ နိုင်ငံပါ။ ပင်လုံကိုပဲ ပြန်ကြည့်မယ်ဆိုရင် တစ်ဦးကိုတစ်ဦး ယုံကြည်ခဲ့ကြတယ်။ စည်းလုံးညီညွတ်ခဲ့ကြတယ်။ အဲဒီကနေအခြေခံပြီးတော့ သွားခဲ့တာပေါ့နော်။

ကျွန်မကတော့ ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ တောက်လျှောက်ပါခဲ့တယ်။ နော်ခီးလာ(လိုင်ဇာ)မှာကတည်းက တောက်လျှောက်ပါခဲ့တဲ့ သူတစ်ယောက်အနေနဲ့ အခုကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုရင် ပင်လုံကိုရောက်တာနဲ့ ပြန်ပြောင်းပြီးသတိရတာက ပင်လုံအနှစ်သာရအပြည့်နဲ့ ကျွန်မတို့လုပ်ခဲ့ကြလို့သာ အခုတစ်နိုင်ငံလုံးကလည်း ပြောနေတယ်။ ကရင်ပွဲက အရမ်းအောင်မြင်တယ်။ ကရင်ပွဲကို အားရတယ်။ ကျေနပ်တယ်ပေါ့။ တကယ်တမ်းမှာ ဘယ်လိုပုံစံမျိုးနဲ့ လုပ်ခဲ့ကြတာလဲဆိုတော့ အခက်အခဲတွေအများကြီးရှိခဲ့ကြပါတယ်။ ညှိနှိုင်းရတယ်။ ယုံယုံကြည်ကြည်နဲ့ ကိုယ့်ကိုယ်ကိုယ် အရင်စတာပေါ့။ ကိုယ့်ကိုယ်ကိုယ် အရင်ယုံကြည်ရတယ်။ ပြီးတော့မှ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်ပေါ့။ ဒါမှမဟုတ်ရင် ပူးတွဲပြီး အလုပ်လုပ်မယ့်သူတွေကိုလည်း ယုံကြည်ရတယ်။ ပြီးတော့ ညီညီညွတ်ညွတ်နဲ့ တစ်ဦးကိုတစ်ဦး လေးစားသမှုနဲ့ သာတူညီမျှ၊ စကားတစ်ခွန်းက အမြဲတမ်းကျွန်မခေါင်းထဲမှာပေါ်နေတာက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို စတင်စီစဉ်တဲ့အခါမှာ ပူးတွဲလုပ်ရတဲ့ကော်မတီတွေက အများကြီးပါ။ ကရင်တွေဘက်အခြမ်းကတောင် ကရင်တိုင်းရင်းသားလက်နက်ကိုင်က သုံးဖွဲ့၊ ကရင်ပါတီက ငါးဖွဲ့၊ ဘာသာရေးခေါင်းဆောင်တွေ၊ CSO တွေ။



ဖေဖော်ဝါရီ ၁၂ ရက်က ရှမ်းပြည်နယ် ပင်လုံမြို့၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများ၏စကားဝိုင်းပြုလုပ်စဉ်။ (သတင်းစဉ်)

အဲဒီကနေမှ ကော်မတီတစ်ခုဆိုတာ ဖြစ်လာပါတယ်။ အဲဒီမှာ မတူကွဲပြားမှုတွေက နောက်ခံအကြောင်းအရာတွေ အများကြီးပဲ။ UPDJC က ဖွဲ့လိုက်တဲ့ ကြီးကြပ်မှုကော်မတီကလည်း ကော်မတီတစ်ခုအနေနဲ့ ညှိနှိုင်းရပါတယ်။ ပြီးတော့ ကရင်ပြည်နယ် အစိုးရအဖွဲ့က ကော်မတီ ၁၃ ဖွဲ့နဲ့လည်း ညှိရတယ်။ ဒီညှိရတဲ့အပေါ်မှာ ဘယ်ဟာကိုအခြေခံခဲ့လဲဆိုရင် ယုံကြည်မှုနဲ့တည်ဆောက်ခဲ့ကြတာပါ။ ရင်းနှီးမှုနဲ့ တည်ဆောက်ခဲ့ကြတာပါ။ တစ်ဦးကိုတစ်ဦး ကျွန်မတို့ လေးစားသမှုနဲ့တည်ဆောက်လို့ ရခဲ့တဲ့အောင်မြင်မှုလို့တော့မြင်တယ်။ ဒီကြားထဲမှာ အများကြီးပဲ ကျော်လွှားခဲ့ရတယ်။ အခက်အခဲတွေ ကြုံခဲ့ရတယ်ဆိုပေမယ့် ကျွန်မတို့ အမြဲတမ်းပြောတဲ့ ကရင်တွေရဲ့သမိုင်းမှာ စကားလုံးတစ်လုံးရှိပါတယ်။ မဟာနဲ့ အာဏာ။ ကျွန်မတို့ မဟာနဲ့ အာဏာကို လုံးဝမရှိဘူး။ ခဝါချထားတယ်။ အဲဒီလိုသွားနိုင်ခဲ့လို့သာ အောင်မြင်နေတဲ့ပွဲလို့ ခံစားရတယ်။ ရှေ့ဆက်သွားမယ့် နိုင်ငံရေးဆွေးနွေးပွဲမှာလည်း ခေါင်းဆောင်ကြီးတွေ ပြောခဲ့တဲ့၊ ကရင်ခေါင်းဆောင်ကြီးတွေလည်း ပြောခဲ့သလိုမျိုး ဒီနေ့အခင်းအကျင်းမှာ တိုင်းရင်းသားတွေရဲ့ နှလုံးသားထဲမှာရှိနေတဲ့ အစွဲလေးပေါ့။ မဟာနဲ့အာဏာကို ခဝါချပြီးတော့ အချင်းချင်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်တယ်။ ဒီတိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကိုလည်း ယုံကြည်ကြမယ်။ ပြီးတော့မှ တစ်ဦးကိုတစ်ဦး လေးလေးစားစားနဲ့ သူသာတယ်၊ ကိုယ်နာတယ် မဟုတ်ဘဲနဲ့ တည်ဆောက်ကြမယ်ဆိုရင် အင်မတန်မှလှပပြီး ဒါဟာတည်တံ့ခိုင်မြဲမယ့် နိုင်ငံတစ်ခုကို ဘယ်လိုပဲဖြစ်ဖြစ်ရအောင် တည်ဆောက်နိုင်မယ်ဆိုတာ မျှော်လင့်လည်း မျှော်လင့်တယ်၊ ယုံလည်း ယုံကြည်တယ်။ ကိုယ်ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ငြိမ်းချမ်းရေး Process (လုပ်ငန်းစဉ်)မှာလည်း ပါဝင်နေတယ်ပေါ့။

**ပဋိပက္ခလျှော့ချနိုင်ရေး ပညာပေးလုပ်ငန်းနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဖြစ်ထွန်းရေး ပညာပေးဆောင်ရွက်နေသည့် ရခိုင်တိုင်းရင်းသား ဦးဦးအောင်သန်း**

ခုနက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ဒီ့အပြင် လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်းကြားထဲက ယုံကြည်မှု၊ အခု NCA လက်မှတ်ထိုးထားတဲ့အဖွဲ့တွေနဲ့ NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့တွေကြားထဲက ယုံကြည်မှု၊ တိုင်းရင်းသားတွေအချင်းချင်းကြား ယုံကြည်မှု၊ ဒီလိုယုံကြည်မှုတွေ တည်ဆောက်ဖို့လိုနေတယ်လို့ မြင်ပါတယ်။

အခုစစ်ရှိန်တွေ မြင့်လာတာနဲ့အမျှ၊ ထိုးစစ်တွေ မြင့်လာတာနဲ့အမျှ ကျွန်တော်တို့ တိုင်းရင်းသားတွေကြားထဲက အမုန်းတရားတွေက ပိုမိုကြီးထွားလာတဲ့ဟာက အင်မတန်ကြောက်စရာကောင်းတဲ့တစ်ချက်လို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒါကြောင့် ၂၀၁၇ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်လို့ ကြွေးကြော်ထားတာနဲ့အညီ နိုင်ငံငြိမ်းချမ်းချင်တယ်ဆိုရင် နံပါတ်(၁)အနေနဲ့ လုပ်သင့်တာက ထိုးစစ်တွေ အားလုံးရပ်ပေးဖို့ တောင်းဆိုချင်တယ်။ လိုလားတယ်။ နံပါတ် (၂)အနေနဲ့ ဒီထိုးစစ်တွေ ရပ်ပြီးတော့ တကယ့်နိုင်ငံရေးဖြစ်တည်လာတဲ့ ပဋိပက္ခတွေကို နိုင်ငံရေးစားပွဲဝိုင်းမှာ ဆွေးနွေးနိုင်ဖို့အတွက် အားလုံးပါဝင်တဲ့ လက်မှတ်ရေးထိုးဖို့၊ တန်းတူအခွင့်အရေးရဖို့ တောင်းဆိုချင်တယ်။ ကျွန်တော်က ရခိုင်ဒေသမှာ အလုပ်လုပ်နေတဲ့ ရခိုင်တိုင်းရင်းသားတစ်ယောက်ဖြစ်တဲ့အတွက် ရခိုင်တိုင်းရင်းသားတွေရဲ့အသံကတော့ အခုလို ငြိမ်းချမ်းရေးစကားဝိုင်း၊ NCA လက်မှတ်ထိုးမယ့်ဟာတွေ၊ (၂၁)ရာစု ပင်လုံတွေမှာ AA ကို ပါဝင်ဖို့ဆိုတာကိုလည်း သူတို့တွေအနေနဲ့ တောင်းဆိုထားတာ၊ ပြောဆိုနေတာတွေကို လေ့လာတွေ့ရှိရတဲ့အတွက် သူတို့တွေကိုယ်စားတောင်းဆိုချင်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့လည်း ထည့်သွင်းစဉ်းစားပေးပါ။ တပ်မတော်အနေနဲ့လည်း ထည့်သွင်းစဉ်းစားပေးပါ။ နိုင်ငံရေးပဋိပက္ခကို နိုင်ငံရေးအရ အဖြေရှာပေးဖို့အတွက် စားပွဲဝိုင်းကို အားလုံးပါဝင်ဖို့အတွက် တစ်ဖက်နဲ့တစ်ဖက် ယုံကြည်ပေးကြပါလို့၊ သဘောထားကြီးပေးကြပါလို့ တင်ပြတောင်းဆိုချင်ပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုပါဝင်လာရေးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်ကျင်းပနိုင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် မွန်တိုင်းရင်းသား မင်းအောင်ထူး**

နိုင်ငံသားတွေအားလုံးက ငြိမ်းချမ်းဖို့ကို တော်တော်လေးလိုလားနေပြီပေါ့။ အခုလက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး တကယ်ကို မျှော်လင့်စရာလမ်းကြောင်းတစ်ခုက (၂၁)ပင်လုံလမ်းကြောင်းနဲ့သွားမယ်ဆိုတဲ့ လမ်းကြောင်းပါ။ ပြီးတော့ ဒီ NCA ကို အခြေခံပြီး အားလုံးပါဝင်လာပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် တဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲရင်းနဲ့ သွားမယ်ဆိုတဲ့ လမ်းကြောင်းတော့ ရှိနေတာပေါ့လေ။ အဲဒီမှာ အဓိကကတော့ အားလုံးပါဝင်လာဖို့အတွက် မျှော်လင့်ပါတယ်။ လက်ရှိအခြေအနေမှာလည်း NCA မှာ လက်ရှိမှာ အားလုံးမပါဝင်နိုင်သေးဘူး။ သို့သော် NCA Process ကို ဆက်ပြီးတော့ သွားနေတယ်။ အားလုံးမပါဝင်တဲ့အတွက် နှောင့်နှေးမှုတွေရှိတယ်။ တကယ်တမ်းပြီးရမယ့်အချိန်မှာ မပြီးတဲ့အလုပ်တွေပေါ့။ အဲဒါမျိုးဖြစ်တဲ့အခါကျတော့ တိုင်းပြည်အတွက်လည်း နစ်နာတာပေါ့လေ။ အဲဒီတော့ ဒီလိုအားလုံးပါဝင်လာဖို့အတွက် တိုင်းရင်းသားတွေအနေနဲ့ ဆန္ဒရှိတယ်။ အားလုံးပါဝင်လာဖို့အတွက် ရှုထောင့်တစ်ခုကနေပြောချင်တာက အားလုံးပါဝင်လာနိုင်မယ့် အခင်းအကျင်းတစ်ခုကိုတော့ တည်ဆောက်ပေးဖို့ လိုမယ်ထင်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုကို သွားမယ်ဆိုတဲ့လမ်းကြောင်းမှာ တကယ်တမ်းအခြေခံကျတဲ့ တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်တွေ၊ သူတို့တွေရဲ့ အခြေခံ identity တွေကို ဖော်ထုတ်ရင်းနဲ့ ဒီအခွင့်အရေးတွေကို စာပေ၊ ယဉ်ကျေးမှုကအစ ဒီလိုမျိုးဖန်တီးပေးတဲ့အခါမှာ သူတို့လည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုက အတိုင်းအတာတစ်ခုအထိရလာမယ်။ သွားချင်တဲ့ အနေအထားတစ်ခု၊ ရပ်တည်မှုတစ်ခုရပြီဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာမယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာရင် တခြားသော တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်လေးစားမှုတွေရလာမယ်။ အပြန်အလှန်လေးစားမှုရရင် တစ်ဖက်ကလည်း ယုံကြည်မှုက ပိုပြီးတော့ လွယ်လွယ်လေးနဲ့တည်ဆောက်နိုင်မယ်လို့ ယူဆပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကချင်ဒေသ စစ်ဘေးရှောင်ပြည်သူတွေအတွက် အလှူငွေပေးတဲ့ပွဲမှာ သတိပေးခဲ့တဲ့စကားတစ်ခုကို အလွန်ကျေးဇူးတင်မိပါတယ်။ ဘာလဲဆိုတော့ လူအများစုဖြစ်တဲ့ ဗမာတိုင်းရင်းသားတွေကနေပြီးတော့ အခွင့်အရေးကို အများကြီးရနေတယ်လို့ တိုင်းရင်းသားတွေက ဒီလိုမျိုး ခံစားလာရရင် ပြည်ထောင်စုစိတ်ဓာတ်တွေ ပြန်တည်ဆောက်ရတာ အရမ်းခက်မယ်လို့ ပြောခဲ့တာရှိပါတယ်။ အဲဒါက အလွန်အရေးကြီးပါတယ်။ ဒီလိုမျိုးမဖြစ်အောင် လူမျိုးတစ်မျိုးရဲ့ identityကိုပဲ ညှိနေတာမျိုးမဟုတ်ဘဲ အားလုံးတန်းတူညီမျှစွာနဲ့ မြှင့်တင်ရင်း သူတို့ရဲ့ယုံကြည်မှုကို တည်ဆောက်ပေးဖို့လိုပါတယ်။ ဘာကိုရောင်ပြန်ဟပ်မလဲဆိုတော့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ အားလုံးမပါဝင်နိုင်သေးတဲ့ အခင်းအကျင်းတစ်ခုအတွက်လည်း ပုံစံတစ်ခုနဲ့ ရောင်ပြန်ဟပ်နိုင်မယ်လို့ ယူဆပါတယ်။ အားလုံးမှာကိုယ်ပိုင်ယုံကြည်မှုတွေ ရလာတဲ့အခါကျရင် ငြိမ်းချမ်းရေးလမ်းကြောင်းအပေါ်မှာ တက်လာဖို့အတွက် လွယ်ကူလာမယ်လို့ မြင်ပါတယ်။

တကယ်လို့သာ ဒီအတိုင်းဆက်သွားနေမယ်ဆိုရင် အချိန်တွေ နှောင့်နှေးမှုရှိမယ်။ နှစ်ပေါင်း ၇၀ အထိ မငြိမ်းချမ်းတဲ့ ဒီအဖြစ်မျိုးကို မြန်မြန်နဲ့ ကျော်လွှားနိုင်ဖို့လိုတယ်။ သက်ဆိုင်ရာ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဝင်တဲ့၊ ပဋိပက္ခဖြစ်စဉ်မှာ ပါဝင်တဲ့ ပုဂ္ဂိုလ်တွေအားလုံးအနေနဲ့ အစိုးရရော၊ တပ်မတော်ရော၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရော

**စာမျက်နှာ ၉ သို့◆**

**◆ပင်လုံမြို့မှ**

တစ်ယောက်အပေါ်တစ်ယောက် သဘောထားကြီးဖို့ လိုပြီလို့လည်း ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

**အရပ်ဘက်လူ့အဖွဲ့အစည်းများ ဖိုရမ်ကျင်းပနိုင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် ဗမာ-ကချင်တိုင်းရင်းသူ ဒေါ်ဖွေးယုမွန်**

အဓိက ဆွေးနွေးချင်တာကတော့ NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေအနေနဲ့ လက်မှတ်ထိုးဖို့အတွက် အဟန့်အတားဖြစ်စေတဲ့ အကြောင်းအရာတွေက ဘာတွေဖြစ်မလဲဆိုပြီး စဉ်းစားကြည့်မိတယ်။ အဲဒါက ဘယ်ပေါ်မှာ မူတည်နေသလဲဆိုတော့ ယုံကြည်မှုတည်ဆောက်ခြင်းမှာ အဟန့်အတားဖြစ်စေမယ့် ကိစ္စတွေမှာ မူတည်နေတယ်လို့ထင်ပါတယ်။ အဓိကယုံကြည်မှုတည်ဆောက်ခြင်းမှာ အဓိကအားဖြင့် သုံးပိုင်းရှိမယ်လို့ ထင်ပါတယ်။ တပ်မတော်နဲ့ လက်နက်ကိုင်တွေကြားမှာ ယုံကြည်မှုတည်ဆောက်ခြင်းရယ်၊ နောက်တစ်ချက်ကကျတော့ လက်နက်ကိုင်အချင်းချင်းအကြား ယုံကြည်မှုတည်ဆောက်ခြင်းရယ်၊ ပြည်သူနဲ့တပ်မတော်အပါအဝင် လက်နက်ကိုင်တွေကြားမှာ ယုံကြည်မှုတည်ဆောက်ခြင်းရယ်ဆိုတဲ့ အပိုင်း သုံးပိုင်းကို အဓိက စဉ်းစားမိတယ်။ ပထမဆုံးဖြစ်တဲ့ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကြားမှာ ယုံကြည်မှု တည်ဆောက်ဖို့အတွက် အဟန့်အတားတွေက ဘာတွေဖြစ်မလဲဆိုတာကို စဉ်းစားကြည့်တဲ့အခါ လက်ရှိ တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပွားနေတဲ့ စစ်ရေးအခြေအနေ၊ နောက်ထပ် ထိုးစစ်တွေက လက်မှတ်ထိုးဖို့အတွက် အခက်အခဲများဖြစ်နေသလား။ နောက်တစ်ချက်ကတော့ အတူတကွ ဆွေးနွေးနေရင်းနဲ့မှ ထိုးစစ်ဆင်လာမှုတွေ၊ နောက်တစ်ချက်က တပ်မတော်အနေနဲ့ရော သတ္တိရှိရှိနဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်စွာနဲ့ ထိုးစစ်တွေကို ရပ်တန့်ပေးဖို့ရော မဖြစ်နိုင်ဘူးလား။ အဲဒါကိုလည်း စဉ်းစားမိတယ်။ နောက်တစ်ချက်ကတော့ တိုင်းရင်းသားလက်နက်ကိုင်တွေအပေါ် အခုအချိန်အထိ သုံးစွဲနေတဲ့ ၁၇/၈ ပုဒ်မလိုမျိုး မတရားအသင်းနဲ့ဆက်သွယ်မှုဆိုပြီး ပြည်သူတွေကို ဖမ်းဆီးတဲ့၊ ချုပ်နှောင်တဲ့ ကိစ္စမျိုးတွေရယ်။ နောက်တစ်ချက်ကတော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အတိုက်အခိုက်တွေဖြစ်တဲ့အခါ သုံးစွဲတဲ့ သောင်းကျန်းသူဆိုတဲ့ အသုံးအနှုန်းတွေကရော ဒီ NCA မှာလက်မှတ်ထိုးဖို့ အဟန့်အတားတွေများ ဖြစ်စေနိုင်မလားဆိုတာ စဉ်းစားမိပါတယ်။

အဲဒါတွေကို ကြိုးစားပြီး ရှောင်တိမ်းမယ်ဆိုရင် ယုံကြည်မှုတည်ဆောက်ဖို့အတွက် အဓိကလမ်းစဉ်ဖြစ်လာမယ်လို့ထင်ပါတယ်။ နောက်တစ်ချက်က လက်နက်ကိုင်အချင်းချင်းကြားမှာ တွေ့ဆုံဆွေးနွေးမှုတွေလည်း များများလိုအပ်မယ်လို့ ထင်ပါတယ်။ ဥပမာအားဖြင့် နော်ခီးလာ ညီလာခံမျိုးတွေ ပြန်လည်ပေါ်ပေါက်လာနိုင်ဖို့ကလည်း တိုင်းရင်းသားအချင်းချင်းကြားမှာ ယုံကြည်မှု ဒီထက်ပိုပြီးတော့ခိုင်မာဖို့ တည်ဆောက်ဖို့လိုအပ်တယ်လို့ထင်ပါတယ်။ ပြည်သူတွေနဲ့ တပ်မတော်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တွေကြားမှာ ယုံကြည်မှုတည်ဆောက်ဖို့။ အဲဒီဟာတွေက အခုသွားနေတဲ့ငြိမ်းချမ်းရေးဖြစ်စဉ်တွေက အဓိပ္ပာယ်ပြည့်ဝစွာပါဝင်နိုင်ဖို့ ပြည်သူတွေရဲ့ အသံကိုထင်ဟပ်နိုင်တဲ့ ဆွေးနွေးပွဲတွေ၊ အဲဒီဆွေးနွေးပွဲတွေမှာ ဖြစ်ပေါ်လာမယ့် တကယ်အကောင်အထည်ဖော်မှုအပိုင်းတွေ ဖြစ်လာမယ်ဆိုရင် ပြည်သူတွေကလည်း လက်နက်ကိုင်အဖွဲ့အစည်းတွေအပါအဝင်ကို ယုံကြည်လာမယ်လို့ မြင်ပါတယ်။ ဆွေးနွေးပွဲတွေကလည်း အားလုံးပါဝင်ပြီး တန်းတူညီမျှစွာပါဝင်ပြီးတော့ ဆွေးနွေးခွင့်ရဖို့ရယ်၊ အဓိပ္ပာယ်ပြည့်ဝစွာနဲ့ ပါဝင်ဆွေးနွေးခွင့်ရယ်၊ ပြည်သူ့အသံတွေရယ် ထင်ဟပ်စေဖို့က အဓိကကျမယ်လို့ ဆွေးနွေးချင်ပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များပါဝင်မှု မြှင့်တင်နိုင်ရေးနှင့် တိုင်းရင်းသားလူငယ်များအရေး ဆောင်ရွက်နေသည့် ရှမ်းတိုင်းရင်းသား စိုင်းအောင်မြင့်ဦး**

ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်တွေကို အကောင်အထည်ဖော်ဖို့ဆိုရင် လက်တွေ့ကျကျ လုပ်သွားဖို့လိုပါတယ်။ ပင်လုံစာချုပ်၊ ကတိကဝတ်တွေ တင်မကဘူး စတင်ခဲ့တဲ့ ပထမပင်လုံ၊ ဒုတိယပင်လုံနှစ်ခုစလုံးကို သုံးသပ်ပြီးတော့ လက်တွေ့မှာ အကောင်အထည်ဖော်မယ်ဆိုရင် နိုင်ငံဟာငြိမ်းချမ်းမှု ပိုမိုရနိုင်မယ်လို့မြင်တယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း ကောင်းကောင်းသွားနိုင်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့ တကယ်ယုံကြည်တာက ဒီပင်လုံစာချုပ်ရဲ့ အသက်သွေးကြောပေးခဲ့တဲ့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးတွေပဲ။ တောင်တန်းနဲ့မြေပြန့်ကို ပေါင်းစည်းနိုင်ခဲ့တယ်။ ဒါကျွန်တော်တို့ယုံကြည်မှုပဲ။ ဒါအောင်မြင်အောင် ကြိုးစားမယ်ဆိုရင် အနာဂတ်ပြည်ထောင်စုဟာ ပိုပြီးလှပတဲ့၊ ပိုပြီးစည်းရုံးတဲ့၊ ပိုပြီးယုံကြည်မှုရှိတဲ့ လူငယ်တွေအစ၊ လူကြီးတွေကအစ၊ ဆုံးပါးသွားတဲ့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေကအစ သူတို့ပျော်မှာ ကျွန်တော်တို့ ယုံကြည်တယ်။ ကျွန်တော်တို့က ဒီ(၂၁)ရာစုပင်လုံကို ယုံကြည်တယ်။ ပြီးတော့ အကောင်အထည်ဖော်ဖို့အတွက်လည်း လမ်းစပြပေးပါ။ ကူညီပါ့မယ်။ ဝိုင်းဝန်းလုပ်ပါ့မယ်။ ကျွန်တော်ကိုယ်တိုင်၊ လူငယ်တွေကအစ၊ လူကြီးတွေအစ ဝိုင်းဝန်းပြီးတော့ ကူညီသွားမယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အခြေခံအကျဆုံးပဲ။ ကျွန်တော်တို့ တိုင်းပြည်ရဲ့အခြေခံအကျဆုံး တိုင်းပြည်တည်ဆောက်ရေးမှာ အခြေခံအကျဆုံးလို့ ကျွန်တော်တို့ ယုံကြည်တယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုပါဝင်လာရေးနှင့် အရပ်သားအပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေးလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးနေသည့် ကယားတိုင်းရင်းသား ခူးပလုရယ်**

မြန်မာနိုင်ငံရဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းလို့ ပြောတဲ့အခါ ကျွန်တော်ဉာဏ်မီသလောက် လမ်းကြောင်းတစ်ခုကို စဉ်းစားမိပါတယ်။ ဒီမိုကရေစီလမ်းကြောင်းဖြစ်ပြီး ကျန်တာတစ်ခုကတော့ ငြိမ်းချမ်းရေးလမ်းကြောင်းဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းလို့ ပြောတဲ့အခါ အခုအစိုးရလက်ထက်မှာတော့ ပွင့်လင်းမြင်သာမှု ရှိပြီးတော့မှ ငြိမ်းချမ်းရေးဖြစ်စဉ်မှာဆိုရင်လည်း အားလုံးပါဝင်နိုင်အောင် နောက်ဖက်ဒရယ်ဆိုတဲ့ကိစ္စတွေလည်း သေချာပွင့်လင်းမြင်သာမှုတွေနဲ့ ဆွေးနွေးနိုင်တဲ့ အခွင့်အလမ်းတွေရှိလာတာ အားရစရာ အင်မတန်မှကောင်းပါတယ်။ မျှော်လင့်စရာ အများကြီးရှိပါတယ်။ တစ်ဖက်မှာလည်း ဒီမိုကရေစီစံနှုန်းစံထားလို့ ပြောတဲ့အခါ သာမန်ပြည်သူတစ်ယောက်အနေနဲ့ ဘယ်လောက်ထိ တိုးတက်အောင်မြင်နေပြီလဲလို့ မတိုင်းတာတတ်ပါဘူး။ တိုင်းတာဖို့လည်း ခက်နေပါတယ်။ သာမန်ပြည်သူတွေအနေနဲ့ များသောအားဖြင့် ဒီလိုစံနှုန်းစံထားတွေ တိုင်းတာတဲ့အခါ ပြည်နယ်အစိုးရ (သို့မဟုတ်)တိုင်းဒေသကြီးအစိုးရတွေက ဘယ်လောက်ထိ လုပ်ပိုင်ခွင့်၊ လုပ်နိုင်ခွင့်ရှိသလဲဆိုတဲ့ အနေအထားမျိုးကိုလည်း သုံးသပ်ကြတာမျိုးလည်း ကျွန်တော်တို့ အများကြီးတွေ့ရမှာ ဖြစ်ပါတယ်။

နောက်ငြိမ်းချမ်းရေးဖြစ်စဉ်ကိုကြည့်တဲ့အခါ ကျွန်တော်တို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကလည်း အမျိုးသားနိုင်ငံရေးအဆင့် ဆွေးနွေးပွဲတွေကို အဆင့်ဆင့်ပြုလုပ်ပြီးတော့မှ အားလုံးမျှော်လင့်တောင့်တတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ဖို့ဆိုတဲ့လမ်းကြောင်းကိုလည်း သွားတဲ့နေရာမှာ ဒီNCAကလည်း တကယ့်အခြေခံအုတ်မြစ် ရည်ရွယ်ချက်တစ်ခုဖြစ်တယ်ဆိုတဲ့ဟာကိုလည်း မှတ်သားရတယ်ပေါ့လေ။ သို့သော် တစ်ဖက်မှာလည်း NCA လမ်းကြောင်းကိုသွားဖို့ အတူတကွသွားဖို့ ပြောတဲ့နေရာမှာ တချို့လည်း အမြင်တွေကွဲတာမျိုးရှိတယ်။ အခုဆိုရင်လည်း NCA ကို လက်မှတ်ထိုးပြီးတော့ အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲကို စတင်ခြေလှမ်းလှမ်းနေတဲ့သူတွေရှိသလို တချို့ကလည်း NCA မှာ ပြင်ဆင်၊ ဖြည့်စွက်မှုတွေလိုသေးတယ်ဆိုပြီးတော့ ပါဝင်ဖို့ ဆက်လက်ဆွေးနွေးနေဆဲ အနေအထားမျိုးလည်းတွေ့နေရပါတယ်။ ပြည်သူလူထုကနေ ပြန်ကြည့်တဲ့အခါကျတော့ NCA ကို သဘောပေါက်နားလည်ဖို့လည်း ပြန်ပြီးတော့ ကြိုးစားနေရတဲ့အနေအထားမှာ တွေ့မိတာက ဒီမိုကရေစီလမ်းကြောင်းနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းကို သွားတဲ့နေရာမှာ အခက်အခဲလေးတွေရှိနေတယ်ဆိုတဲ့ဟာက မတူကွဲပြားတဲ့အလွှာအသီးသီးက လူတွေရဲ့ အမြဲတမ်းကောက်ချက်ချတာတစ်ခုက အခုလက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်ဖြည့်စွက်သင့်တာတွေရှိရင် ပြင်ဆင်ဖြည့်စွက်လို့ လိုမလားဆိုတဲ့အချက်ကိုလည်း ပြောကြဆိုကြ တစိုက်မတ်မတ်ကောက်ချက်ပေးတာမျိုးလည်း သတိထားမိပါတယ်။

အချုပ်အားဖြင့် ဒီမိုကရေစီလမ်းကြောင်းနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းမှာ ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရေးကလည်း ကျွန်တော်တို့လိုချင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ဖို့သွားတဲ့နေရာမှာ ဘယ်လောက်ထိ Inpect ရှိနိုင်မလဲ၊ ဘယ်လောက်ထိ ဒါကိုလုပ်ဖို့ လိုဦးမလဲဆိုတာ ဒီဟာလည်း အခရာကျတယ်လို့ အလျဉ်းသင့်လို့ ဆွေးနွေးလိုပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးနှင့် လူထုပူးပေါင်းပါဝင်လာရေး ဆောင်ရွက်သည့် မွန်-ကရင်-ဗမာ တိုင်းရင်းသူ ဒေါ်သန္တာဦး**

ကျွန်မက တောင်ကြီးကနေလာတဲ့အတွက် ရှမ်းပြည်နယ်မှာရှိတဲ့အတွက် ရှမ်းပြည်နယ်မှာ မတူကွဲပြားမှုတွေ အင်မတန်များပြားတယ်။ ဒါကြောင့် အခုလက်ရှိလုပ်နေတဲ့ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေနဲ့ပတ်သက်လို့ရှိရင် ပြန်ပြီးတော့မှ အဲဒီဆွေးနွေးပွဲကိစ္စတွေနဲ့ပတ်သက်ပြီးအပြင် အားလုံးပါဝင်နိုင်ဖို့ဆိုတဲ့မူဘောင်အတွက် ပြန်ပြီးတော့သုံးသပ်ဖို့လိုလာမယ်လို့ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးမှာ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ လူမျိုးအလိုက် အားလုံးပါဝင်လုပ်ဆောင်နိုင်ပြီးတော့မှ အားလုံးကွဲပြားတဲ့ အချက်အလက်တွေကို တင်သွင်းနိုင်တဲ့အတွက် အားလုံးပါဝင်နိုင်တယ်လို့ ယူဆလို့ရပေမယ့် ဒေသအဆင့်မှာ၊ ပြည်နယ်အဆင့်မှာ ဒါတွေအားလုံးချုပ်ပြီးတော့မှ အားလုံးဘုံသဘောတူညီချက်ကို မရှာထုတ်နိုင်ဘူးဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ပင်လုံညီလာခံကိုဆွေးနွေးတဲ့အချိန်မှာ ပြန့်ကျဲနေတဲ့ အကြောင်းအရာတွေကို ပြန်ပြီးတော့ မစုစည်းနိုင်တဲ့ အနေအထားမျိုးဖြစ်တဲ့အချိန်မှာ ဆွေးနွေးမှုကို အဟန့်အတားဖြစ်စေတယ်လို့ ယုံကြည်ပါတယ်။ နောက်ပြီး အခုအနေအထားဆိုရင် လူနည်းစုအခွင့်အရေးတွေ၊ လူနည်းစုတွေ ပါဝင်ဖို့အတွက်ကလည်း လမ်းစပျောက်နေတဲ့ ပုံစံမျိုးဖြစ်တဲ့အတွက် ဒါတွေကို ပြန်လည်ဆွေးနွေးဖို့လိုမယ်ဆိုတာ ပြန်လည်သုံးသပ်စေချင်ပါတယ်။

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏လုပ်ငန်းစဉ်များတွင် ပညာရှင်အဖြစ်ပါဝင်ပံ့ပိုးနေသည့် ကချင်တိုင်းရင်းသူ ဒေါ်လရှမ်းဆိုင်းပန်**

ထောက်ခံချက် နှစ်ချက်နဲ့ ဆွေးနွေးဖို့ သုံးချက် ပြင်ဆင်ထားပါတယ်။ ဒါပေမဲ့လည်း အတိုချုပ်အားဖြင့် ဆွေးနွေးဖို့ နံပါတ်(၁)အချက်ကိုပဲ အရင်ဆုံးသွားလိုက်ပါမယ်။ NCA လို့ ပြောတဲ့အခါမှာ UPDJC ဘက်က လုပ်ဆောင်နေတဲ့ဟာတွေလည်း အများကြီးရှိသလိုမျိုး JMC ဘက်ကလည်း လုပ်ဆောင်နေတာတွေရှိပါတယ်။ ဒီနှစ်ခုရဲ့ လုပ်ဆောင်ချက်တွေဟာ ဟန်ချက်ညီညီ လုပ်နေပေမယ့်လည်း တစ်ခါတလေကျရင် အလယ်ဗဟိုမှာဆုံပြီးတော့မှ ဖြေရှင်းရမယ့်ပြဿနာတွေဟာ ဘယ်မှာသွားတွေ့နေရသလဲဆိုတော့ NCA ရဲ့ အခန်း(၆)ဒီကြားကာလ အစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်သေးမှု မရှိသေးတဲ့အခါ မလိုလားတဲ့ ထိတွေ့မှုတွေ၊ မလိုလားအပ်တဲ့ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲမှားမှုတွေ ဖြစ်နေတယ်ဟာကို လက်တွေ့ကြုံတွေ့ရမှုအပေါ်မှာ အခြေခံပြီးတော့ ပြောပြချင်ပါတယ်။ ဥပမာအားဖြင့် အခုဆိုရင် မွန်၊ ကရင်၊ တနင်္သာရီဘက်မှာ ကရင်အမျိုးသားအစည်းအရုံး (KNU) ကလည်း လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သလို သူဟာလည်း သူ့ရဲ့ ဒေသအတွင်းမှာ အစိုးရငယ်ဖြစ်တဲ့အတွက် သူ့မှာ ပညာရေးဌာနရှိတယ်။ ကျန်းမာရေးဌာနရှိတယ် အစရှိသဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးနေတဲ့ ဌာနတွေရှိပါတယ်။ ဒီလိုမျိုးဝန်ဆောင်မှု ပေးနေတဲ့ဌာနတွေနဲ့ ဒီဘက်က နိုင်ငံတော်အစိုးရရဲ့ ဝန်ဆောင်မှု ဌာနတွေနဲ့ ပေါင်းစပ်မှု၊ ညှိနှိုင်းမှုမရှိသေးခင်ကာလမှာ ဥပမာအားဖြင့် အစိုးရထိန်းချုပ်ဒေသ၊ KNU ထိန်းချုပ်ဒေသ၊ အဓိကအားဖြင့် ကရင်ဘာသာနဲ့ သင်ကြားနေတဲ့ကျောင်းတွေမှာ အလံတိုင်မှာ ဘယ်အလံတိုင်ကို လွှင့်မလဲဆိုတဲ့ဟာကနေပြီးတော့မှ အဲဒီလိုမျိုးသေးငယ်တဲ့ အရာကနေပြီးတော့ တစ်ခါတလေကျရင် ထိတွေ့မှုတွေဖြစ်လာတဲ့အခါ လက်တွေ့အားဖြင့် မြင်မိတာကတော့ ဒီNCA မှာ အားလုံးအားဖြင့် အကောင်အထည်ဖော်မှုတွေကတော့ ဟန်ချက်ညီညီသွားနေပါပြီ။ သို့သော်လည်း ကြားကာလအစီအစဉ် အခန်း(၆)ကို ပြန်ပြီးတော့မှ အသက်သွင်းဖို့အတွက် အကျယ်တဝင့်လုပ်ဆောင်မယ်ဆိုရင် ပိုပြီးဟန်ချက်ညီသော တခြားသော ဖြစ်စဉ်တွေနဲ့ ချိတ်ဆက်၍ရတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပေါ်လာမယ်လို့ ယုံကြည်တဲ့အကြောင်းကို အတိုချုပ်ဆွေးနွေးချင်ပါတယ်။

လောလောဆယ် လက်တွေ့အနေနဲ့ ကျွန်မတာဝန်ယူလုပ်ဆောင်နေတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အလုပ်အဖွဲ့မှာဆိုရင် ခုနက နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ပြောဆိုသွားတဲ့ ပြည်သူတွေရဲ့အခန်းကဏ္ဍကို မြှင့်တင်ပေးဖို့လိုမယ်ဆိုတဲ့ဟာကိုလည်းပဲ တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ဒီ JMC မှာဆိုရင် ဘက် သုံးဖက်ပါတဲ့ ဆွေးနွေးဖက်ရှိပါတယ်။ တစ်ဖက်ကတော့ လက်မှတ်ထိုးထားတဲ့ အဖွဲ့ ရှစ်ဖွဲ့ရှိပါတယ်။ တစ်ဖွဲ့ကတော့ နိုင်ငံတော်အစိုးရရဲ့ စစ်တပ်ရှိပြီးတော့ နောက်တစ်ဖက်ကတော့ အရပ်သားကိုယ်စားလှယ်ပေါ့။ တစ်ခါတလေကျရင် ကျွန်မအနေနဲ့ စိုးရိမ်မိပါတယ်။ လက်နက်ရှိတဲ့ အဖွဲ့ နှစ်ဖွဲ့ရဲ့အလယ်မှာ လက်နက်မရှိတဲ့ အရပ်သားကိုယ်စားလှယ်တွေရဲ့ အနေအထားဟာ ဘယ်လိုဖြစ်မလဲ ဆိုပြီးတော့ သူတို့ရဲ့နေရာမှာလည်း ဝင်ပြီးတော့ ခံစားကြည့်ပါတယ်။ ဒါပေမဲ့ အရပ်သားကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍနဲ့ သူတို့ရဲ့ ပါဝင်မှုဟာ JMC မှာ အဖိုးမဖြတ်နိုင်တဲ့ ကဏ္ဍတစ်ခုဖြစ်သလိုမျိုး ဒီအရပ်သားကိုယ်စားလှယ်တွေဟာလည်း ပြည်သူလူထုရဲ့ ပေါင်းကူးတံတားဖြစ်တယ်၊ ပြည်သူလူထုရဲ့ နေ့စဉ်ကြုံတွေ့နေရတဲ့ အခက်အခဲ၊ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာတွေကို စားပွဲပေါ်တင်ပြီး အရင်တုန်းက နိုင်ငံရေးဓလေ့အသစ်ဖြစ်တဲ့ လက်နက်နဲ့အချင်းချင်းရှင်းကြတဲ့ဟာ မျိုးမဟုတ်ဘဲ စားပွဲပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် အခြေအတင်အသေးစိတ် ဆွေးနွေးညှိနှိုင်းတဲ့သဘောထားတွေကို အဲဒီအရသာတွေကို အရပ်သားကိုယ်စားလှယ်တွေက အများကြီးသယ်ဆောင်လာပေးတဲ့ဟာကို တွေ့ရှိရတဲ့အတွက် ပြည်သူလူထုရဲ့အခန်းကဏ္ဍ မြှင့်တင်ပေးဖို့ ဆိုတဲ့ဟာမှာလည်း ဒီ JMC မှာပါဝင်တဲ့ အရပ်သားကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးဖို့လိုမယ်။ ဥပမာအားဖြင့် ဒီအရေးအတွက်တွေကို ဘက် သုံးဘက် ညီညီမျှမျှ ၁၀၊ ၁၀၊ ၁၀၊ ၈၊ ၈၊ ၈၊ အစရှိသဖြင့် လုပ်နိုင်မယ်ဆိုလို့ရှိရင် ကောင်းလိမ့်မယ်ဆိုပြီး ကျွန်မအနေနဲ့ တစ်ဦးတည်းအမြင်ကို စဉ်းစားထားတာလေးတွေရှိပါတယ်။ အဲဒီအပေါ်မှာလည်း ကျန်ရှိသေးတဲ့ ဆွေးနွေးဖော်ဆွေးနွေးဖက်တွေနဲ့ တိုက်ရိုက်ကြည့်ရှုနေကြတဲ့ မိဘပြည်သူတွေရဲ့ အကြံဉာဏ်တွေကိုလည်း နားထောင်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောတာကို ကျွန်မတို့ အထူးသဘောကျပါတယ်။ အထူးသဖြင့် ခုနကလိုမျိုး အလံတိုင်နဲ့ပတ်သက်တဲ့ ဆိုင်ရာဥပဒေအစရှိတဲ့ဟာတွေကို အခုလိုမျိုးလက်မှတ် စပြီးတော့ လက်မှတ်ထိုးထားပြီးသား ဒေသတွေမှာ ဒီအသေးစိတ်ဆိုင်ရာအချက်အလက်တွေကို ကြားကာလအစီအစဉ်တွေရဲ့ NCA ရဲ့ အခန်း(၆)ကို ပြန်ပြီးတော့မှ အသက်သွင်းပြီး လုပ်ကိုင်မယ်ဆိုရင်တော့ လွှတ်တော်ထဲအထိ ရောက်လာမယ်။ အစရှိတဲ့ဆွေးနွေးမှုတွေဖြစ်ပေါ်လာမယ်ဆိုရင်တော့ ဒါဟာပိုပြီးတော့မှ ပြီးပြည့်စုံပါမယ်။

**မူးယစ်ဆေးဝါး ဆန့်ကျင်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်နေသည့် ရှမ်းတိုင်းရင်းသူ နန်းမိုမိုသီတာ**


တကယ်တော့ ဒီနေ့အခမ်းအနားဟာ နှစ်ပေါင်း(၇၀)အတွင်းမှာ ပင်လုံမြို့မှာ ပြန်လာပြီးတော့မှ ပင်လုံစာချုပ်လက်မှတ်ထိုးတဲ့ မိသားစုတွေနဲ့ တွေ့တယ်။ တိုင်းရင်းသား ၁၂ဦးနဲ့ Peace Talk လုပ်တယ်ဆိုတာကလည်း တကယ်တမ်းပြောရရင်တော့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွေထဲက တစ်ခုဖြစ်မယ်လို့ ထင်ပါတယ်။ ဒီအရပ်ဘက်ထဲမှာဖြစ်နေတာက ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဒီ NCA နဲ့ ပင်လုံညီလာခံတွေကြောင့် တော်တော်ကျယ်ကျယ်ပြန့်ပြန့်သိပါတယ်။ ဒါပေမဲ့ ဘယ်လိုအပြုအမူတွေက အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ဆောင်ရွက်ပေးရင်ဖြင့် အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်တဲ့လုပ်ငန်းမျိုးဖြစ်မှာလဲ၊ ဘယ်လိုမျိုး ကျွန်မတို့ဘက်က ပူးပေါင်းပါဝင်လို့ ရသလဲဆိုတာကို အကြံအဉာဏ်များပေးစေလိုပါတယ်ရှင်။

**တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် ဗမာတိုင်းရင်းသား ဦးကျော်ထက်**

ကျွန်တော်က လယ်သမားတစ်ယောက်ပါ။ လယ်သမားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့အသင်းကို တည်ထောင်ပြီးတော့ လယ်သမားဘဝတွေ ဘာတွေဖြစ်နေလို့ ဒီလောက်နိမ့်ကျနေတာလဲဆိုတာ အတိုချုပ်ပေါ့နော်။ လယ်သမားတွေကိုယ့်ဒေသ၊ ကိုယ့်ရေမြေ၊ ကိုယ့်ဟာကိုယ် အဲဒါတွေအကုန်လုံးဟာ ဘာတွေနဲ့ ခြယ်လှယ်ခံရလဲ၊ ဘာကြောင့်အသုံးချခံရလဲ၊ ဘာကြောင့်တရားမမျှတတဲ့ ဥပဒေတွေက ကျွန်တော်တို့တစ်တွေကို အတင်းဖိစီးထားတယ်၊ အတင်းထိန်းချုပ်ထားတယ်ဆိုတော့ ကျွန်တော်တို့ ဘဝတွေလည်း မငြိမ်းချမ်းဘူး၊ ဘယ်လိုမှ ငြိမ်းချမ်းအောင်လုပ်လို့မရဘူး။ အဲဒီတော့ ဒီပင်လုံညီလာခံကြီးကနေပြီးတော့ ဘုံသဘောတူညီချက်လို့ ကျွန်တော်ကတော့ နားလည်တဲ့ ဥပဒေ၊ မျှတတဲ့ဥပဒေဆိုတာမျိုးကြီး ပေါ်ပေါက်လာမယ်ဆိုရင် စောစောက လယ်သမားဘဝတွေလည်း ဖွံ့ဖြိုးမယ်။ ပြည်သူတွေလည်း ဖွံ့ဖြိုးမယ်၊ တိုင်းရင်းသားတွေလည်း ဖွံ့ဖြိုးမယ်၊ နိုင်ငံတော်ကြီးလည်း တည်ငြိမ်မယ်၊ အေးချမ်းမယ်၊ လုံခြုံရမယ်၊ စိတ်ချရမယ်ဆိုတဲ့ ဘောင်တစ်ခုကိုတော့ရမယ်လို့ မျှော်လည်းမျှော်လင့်တယ်။ ဖြစ်လည်းဖြစ်မှာလို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ ခက်နေတာက ငြိမ်းချမ်းတဲ့၊ တရားမျှတတဲ့ ဥပဒေကြီးပေါ်ပေါက်လာဖို့ ဒီနေ့ပင်လုံညီလာခံကျင်းပတဲ့နေရာကို အခု NCA လက်မှတ်ရေးထိုးတဲ့သူတွေ၊ ကျွန်တော်တို့ထက် တတ်သိနားလည်တဲ့သူတွေ ဒီနေ့ဥပဒေကို မကျေနပ်လို့ဘဲဖြစ်ဖြစ်၊ အကြောင်းအရာကို မခံချင်လို့ဘဲဖြစ်ဖြစ် ပုဂ္ဂိုလ်တွေ ဒီညီလာခံကို ဝင်ရောက်ပါဝင်ပြီးတော့ မျှတတဲ့၊ ညီညွတ်မယ့်၊ တန်းတူဖြစ်မယ့် အခွင့်အရေးတွေ၊ ဥပဒေတွေကို ရေးဆွဲပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။ တောင်းလည်း တောင်းပန်ပါတယ်။ လယ်သမားဘဝမှာဆိုရင်လည်း မြေတွေသိမ်းသွားပြန်ပြီ၊ တော်ကြာကျွန်တော်တို့ဒေသတွေမှာရှိနေတဲ့ သယံဇာတတွေကို အလကားနီးနီးယူသွားတဲ့ ဥပဒေတွေကလည်း ရှိနေတဲ့အခါကျတော့ ဒါတိုင်းရင်းသားတွေမှာ ဒါတွေကိုလည်း မခံချင်ဘူး။ ပြန်လည်ပြုပြင်ဖို့လည်း အလွန်ခက်ပါတယ်။ အဲဒီတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ယနေ့ကျင်းပတဲ့ (၂၁)ရာစုပင်လုံညီလာခံကြီးကနေ ထွက်ပေါ်လာမယ့် မျှတတဲ့၊ ညီညွတ်တဲ့ ဥပဒေပေါ်ပေါက်လာဖို့အရေး အခု ကျွန်တော်တို့ထက် တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေ ဝိုင်းဝန်းကူညီဖြေရှင်းပေးကြပါလို့ တောင်းဆိုချင်ပါတယ်။

**(သတင်းစဉ် သတင်းအဖွဲ့)**

❐



## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျာတာအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု၊ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် သတင်းဖလှယ်မှု၊ လူမှောင်ခို၊ မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းတားဆီးနှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည့် ကိစ္စရပ်များအား ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျွမ်းကျင်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

### ❖ ကျောဖုံးမှ

လေယာဉ်သစ်များဖြင့် စင်ကာပူခရီးစဉ်ကို အခေါက်ရေ တိုးချဲ့ပြေးဆွဲခဲ့ကြောင်း သိရသည်။

"MNA အနေနဲ့ ၂၀၁၅ ခုနှစ် ဩဂုတ်လမှာ စင်ကာပူခရီးစဉ်ကို စတင်ပြေးဆွဲခဲ့ပြီး ဒီဇင်ဘာလမှာ ဟောင်ကောင်ခရီးစဉ်ကို ၂၂ နှစ်တာကာလအတွင်းမှာ ပြန်လည်ပြေးဆွဲနိုင်ခဲ့ပါတယ်။ ၂၀၁၆ နှစ်ဆန်းပိုင်းမှာ ဗန်ကောက်ကို ပြေးဆွဲနိုင်ခဲ့ပြီး နိုဝင်ဘာလမှာ ချင်းမိုင်ခရီးစဉ်ကို ပြေးဆွဲပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ရောက်ရှိလာတဲ့ လေယာဉ်သစ်တွေနဲ့ ခရီးစဉ်တွေ တိုးချဲ့ပြေးဆွဲသွားမှာဖြစ်ပြီး တိုင်ပေခရီးစဉ် ကိုလည်း ဆက်လက်ပြေးဆွဲနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု အဆိုပါလေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံပိုင် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေး (ပ. လ. သ. ဖ) Union of Burma Airways အမည်ဖြင့် စတင်တည်ထောင် ပြေးဆွဲခဲ့သည်။ စတင်ချိန်တွင် De Havilland Dove လေယာဉ်ဖြင့် ပြည်တွင်းရှိ လေဆိပ်ပေါင်း ၁၉ ခုသို့ ပျံသန်းနိုင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ဗန်ကောက်၊ ကိုးလ်ကတ္တား၊ စစ်တကောင်းမြို့တို့သို့ ပျံသန်းမှုစတင်ခဲ့သည်ဟု သိရသည်။ ၁၉၉၃ ခုနှစ်တိုင်သည်အထိ စင်ကာပူ၊ ခတ္တမန္ဒူ၊ ဗန်ကောက်၊ ကိုးလ်ကတ္တား၊ ဒါကာ၊ ဟောင်ကောင်နှင့် ဂျကာတာမြို့တို့သို့ ပျံသန်းနိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် မြန်မာ့လေကြောင်း Myanma Airways အမည်သို့ ပြောင်းလဲကာ မြို့ပေါင်း ၂၁ မြို့သို့ ပြေးဆွဲခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ကော်ပိုရေးရှင်းသို့ ပြောင်းလဲကာ နိုင်ငံပိုင် လေကြောင်းလိုင်း မြန်မာအမျိုးသားလေကြောင်းလိုင်း အမည်ဖြင့် ပြည်တွင်းခရီးစဉ်များအပြင် နိုင်ငံတကာခရီးစဉ်များကို စတင်ပြန်လည်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။ **(ဆုနှင်းလဲ့)**



## မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ မောင်တောဒေသရှိ ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းစုံစမ်း

**မောင်တော ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ရောက်ရှိနေသည့် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ယနေ့တွင် မောင်တောဒေသအတွင်းရှိ ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းစုံစမ်းမေးမြန်းကြသည်။

နံနက်ပိုင်းတွင် ကော်မရှင်အဖွဲ့ဝင်များသည် မောင်တောဒေသရှိ ကျားခေါင်းတောင်ကျေးရွာ၊ ရေခပ်ချောင်းခွဆုံ ကျေးရွာအုပ်စု ခွဆုံကျေးရွာနှင့် ရေတွင်းကျွန်းကျေးရွာများသို့ သွားရောက်၍ သက်ကြီးရွယ်အိုများ၊ လူငယ်လူရွယ်များ၊ အမျိုးသမီးများ၊ ကလေးငယ်များနှင့် တစ်ဦးချင်း၊ အစုအဖွဲ့လိုက် တွေ့ဆုံမေးမြန်းခြင်းတို့ဖြင့် လွတ်လပ်ပွင့်လင်းစွာ ဆက်လက်ကွင်းဆင်းစုံစမ်းမေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ပွင့်ဖြူချောင်းကျေးရွာ၊ ဒါးကြီးစားကျေးရွာနှင့် မြောတောင်ကျေးရွာများသို့ အဖွဲ့နှစ်ဖွဲ့ခွဲ၍ သွားရောက်ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ (OHCHR) အစီရင်ခံစာပါ လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ဒေသခံများကြုံတွေ့နေရသည့် လူမှုစီးပွားဆိုင်ရာအခြေအနေများ၊ ကလေးငယ်များ ပညာသင်ကြားရေးဆိုင်ရာ အခြေအနေများ၊ ဘာသာရေးဆောင်ရွက်နိုင်မှုအခြေအနေများကို လည်းကောင်း အသေးစိတ် မေးမြန်းခြင်းနှင့် သီးခြားထုတ်ဖော်ပြောဆိုလိုသည်များကို သီးခြားစီတွေ့ဆုံခြင်းတို့ဖြင့် ပွင့်လင်းစွာ မေးမြန်းစုံစမ်းကြသည်။ **(သတင်းစဉ်)**

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းဆောင်ရွက်

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်းမှ လူထုစည်းရုံးရေးမှူး ၂၂ ဦးနှင့် လက်ထောက်နည်းပညာမှူး ၁၄ ဦးတို့သည် ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာ ၂၂ ရွာတွင် ကျေးရွာလူထုနှင့်အတူ စီမံကိန်းမိတ်ဆက်ခြင်း၊ ကျေးရွာအခြေခံအချက်အလက်များ ဖော်ထုတ်ရေးဆွဲခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာအဆင့်နှင့် အုပ်စုအဆင့်တွင် စီမံကိန်း အထောက်အကူပြုကော်မတီများ ဖွဲ့စည်းခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်းကို ကွမ်းခြံကုန်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ လေးနှစ်ဆက်တိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ကိုးတန်ကောက်ရဲကင်းစခန်းအား ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်သူတစ်ဦး စစ်တွေခရိုင်တရားရုံးက သေဒဏ်ချမှတ်

**စစ်တွေ ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်နယ်ခြားစောင့်ရဲစခန်းအား ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်သူတစ်ဦးကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စစ်တွေခရိုင်တရားရုံးက သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ကိုးတန်ကောက် နယ်ခြား စောင့်ရဲစခန်းကို အင်အား ၂၀ ခန့်ရှိ အကြမ်းဖက်သမားများက ဝင်ရောက်စီးနင်းတိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိစေခဲ့သည့် ဖြစ်စဉ်တွင် ပါရှိသော ဖမ်းဆီးရမိ တရားခံ အူရူးမား(ခ)မာမတ်နူရ်(ခ) အူလာနှင့် ရော်ရှီးအာမောက်တို့ပါ အကြမ်းဖက်သမားများအား စစ်တွေခရိုင် တရားရုံးက စစ်ဆေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၀ ရက်တွင် တရားခံ အူရူးမား(ခ) မာမတ်နူရ်(ခ) အူလာအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(က) အရ သေဒဏ်ကျခံစေ ရန်၊ ထို့ပြင် ရာဇသတ်ကြီး ပုဒ်မ-၃၂၆ အရ အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နတ်မြစ်အတွင်း ငွေကျပ်သိန်း ၁၉၀၀ ကျော် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နတ်မြစ်အတွင်း လက်ခတ်လှေတစ်စင်းပေါ်မှ ငွေကျပ်သိန်း ၁၉၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို ဖေဖော် ဝါရီ ၁၂ ရက် ည ၁၀ နာရီခွဲခန့်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် နတ်မြစ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် တစ်ဖက်နိုင်ငံသို့ လှော်ခတ်နေသော မသင်္ကာ ဖွယ် လက်ခတ်လှေတစ်စင်းအားတွေ့ရှိ၍ မီးအချက်ပြခေါ်ယူရာ လာရောက်ခြင်းမရှိ သောကြောင့် လိုက်လံဖမ်းဆီးရာ လှေပေါ်ပါသူများသည် ကမ်းတွင်လှေထိုးပြီး ထွက်ပြေးသွားသဖြင့် အလျားပေ ၂၀၊ အနံ ခုနစ်ပေရှိ လှေတစ်စင်းနှင့် လှေအတွင်း မှ ဆာလာအိတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို သိမ်းဆည်းရမိသည်။

သိမ်းဆည်းရမိသည့် အထုပ်အား ဖွင့်ဖောက်စစ်ဆေးရာ ကာလတန်ဖိုး ငွေကျပ်သိန်း ၁၉၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ ကို စစ်ဆေးတွေ့ရှိရသည်။ သိမ်းဆည်းရမိသည့် လှေနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ စနစ်တကျ လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မွန်အမျိုးသားပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**မွန်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်စိန်မြမောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



မင်္ဂလာပါခင်ဗျား -

ချစ်ခင်လေးစားအပ်ပါသော မွန်တိုင်းရင်းသားများနှင့် မဲဆန္ဒရှင် မိဘပြည်သူ အပေါင်းတို့ခင်ဗျား

ကျွန်တော်ကတော့ မွန်အမျိုးသားပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်စိန်မြမောင်ဖြစ်ပါတယ်။ လာမည့် ၂၀၁၇ ခုနှစ် ဧပြီလ (၁)ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲမှာ မွန်အမျိုးသားပါတီအနေနဲ့ ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်နေရာမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မွန်အမျိုးသားပါတီရဲ့ နိုင်ငံရေးမူဝါဒ သဘောထားတွေကတော့ -

၁။ ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပြည့်အဝ ရရှိခံစားရန်။

၂။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသော ခိုင်မာသည့် စည်းလုံးညီညွတ်ရေး တည်ဆောက်ရန်။

၃။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရှိသော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းတည်တံ့ရန်။

၄။ စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်ရန်။

၅။ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကူညီပံ့ပိုးဆောင်ရွက်သွားရန်။

၆။ ပြည်သူလူထုအား ဖိစီးနှိပ်စက်သော မည်သည့်အာဏာရှင်စနစ်မျိုးမဆို မည်သည့်အခါမျှ မပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။

၇။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍအသီးသီးတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်သော ဆန္ဒတူညီမှုအပေါ် အခြေခံလျက် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

အထက်ပါ နိုင်ငံရေးမူဝါဒ သဘောထားများ ဖော်ဆောင်နိုင်ရန်အတွက် အောက်ပါနိုင်ငံရေးလုပ်ငန်းစဉ်များကို ချမှတ်ထားပါတယ်။

နိုင်ငံရေးလုပ်ငန်းစဉ်များကတော့-

(၁) အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်များကို ပြည်သူများ အပြည့်အဝခံစားကျင့်သုံးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂) နိုင်ငံရေးနည်းလမ်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဒီမိုကရေစီအင်အားစုများနှင့် အတူတကွ ပူးပေါင်းအဖြေရှာ တည်ဆောက်သွားမည်။

(၃) ပါတီစုံဒီမိုကရေစီနည်းဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် တန်းတူရည်တူ အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းထားသော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကို တည်ဆောက်သွားမည်။

(၄) မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကို တိုက်ဖျက်ပြီး လူမျိုးစုံသွေးစည်း ချစ်ကြည်ရေးကို တည်ဆောက်သွားမည်။

(၅) ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို လျစ်လျူရှုပြီး လူတစ်စု၏ အကျိုးစီးပွားကို အကာအကွယ်ပေးသော စနစ်ပေါ်ပေါက်လာခြင်း မရှိစေရန် ဆောင်ရွက်သွားမည်။




(၆) အဂတိလိုက်စားမှုများနှင့် အကျင့်ပျက်ခြစားမှုများ ပပျောက်ရန် ဆောင်ရွက်သွားမည်။

(၇) ယုံကြည်ချက်၊ ခံယူချက်၊ သဘောထားတူညီပြီး လုပ်ငန်းစဉ်တူညီသော မည်သည့်ပါတီနှင့်မဆို မဟာမိတ်ဖွဲ့ပြီး ဒီမိုကရေစီရေး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်။

အထက်ပါ နိုင်ငံရေးမူဝါဒများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်အတွက် မွန်အမျိုးသားပါတီအနေနဲ့ အောက်ပါကြွေးကြော်သံ (၃)ရပ် ချမှတ်ပြီး ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

၁။ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပ နိုင်ငံရေးအင်အားစုများ ဟန်ချက်ညီစွာ နိုင်ငံရေးဆောင်ရွက်မှုများ လုပ်ဆောင်ရန်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲရန် (သို့) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်။

၃။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော စစ်မှန်သော မွန်ပြည်နယ်ပေါ်ထွန်းရန်တို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့

"အမျိုးသားတန်းတူရေးကို ဖော်ဆောင်ဖို့ မွန်အမျိုးသားပါတီကို မဲပေးစို့"

"၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ဖို့ မွန်အမျိုးသားပါတီကို မဲပေးစို့"

"ဟင်္သာအားမာန် မိုးယံဖောက်တက် ကြယ်ဖြူထက်သို့"

**ကျေးဇူးတင်ပါတယ်ခင်ဗျား**

## ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ၆၆ ကေဗွီဓာတ်အားလိုင်းစီမံကိန်းလေးခု အကောင်အထည်ဖော်ပြီးစီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ၆၆ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဇန်နဝါရီလအတွင်း ၆၆ ကေဗွီဓာတ်အားလိုင်း စီမံကိန်းလေးခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် ၆၆ ကေဗွီဓာတ်အားလိုင်း စီမံကိန်းလေးခုမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးသီးမြို့နယ်ရှိ မိုင်းနောင်-ကျေးသီးဓာတ်အားလိုင်းစီမံကိန်း၊ မိုင်းရှူးမြို့နယ်ရှိ မိုင်းနောင်-မိုင်းရှူး ဓာတ်အားလိုင်းစီမံကိန်း၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်ရှိ ချောင်းကူး-ပေါက် ဓာတ်အားလိုင်းစီမံကိန်းနှင့် ချင်းပြည်နယ် မင်းတပ်မြို့နယ်ရှိ ပေါက်-မင်းတပ် ဓာတ်အားလိုင်းစီမံကိန်းတို့ဖြစ်သည်။

မိုင်းနောင်-ကျေးသီးဓာတ်အားလိုင်းစီမံကိန်းသည် ၂၈ ဒသမ ၁၉ မိုင်ရှည်လျားသော ဓာတ်အားလိုင်းဖြစ်ပြီး ကျေးသီးမြို့နယ်အနီးဝန်းကျင်ရှိ ကျေးရွာ ကိုးရွာမှ အိမ်ခြေ ၅၄၆ အိမ်ကိုလည်းကောင်း၊ မိုင်းနောင်-မိုင်းရှူး ဓာတ်အားလိုင်းစီမံကိန်းသည် ၃၅ ဒသမ ၅ မိုင်ရှည်လျားသည့် ဓာတ်အားလိုင်းဖြစ်ပြီး မိုင်းရှူးမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများကိုလည်းကောင်း၊ ချောင်းကူး-ပေါက်ဓာတ်အားလိုင်းစီမံကိန်းသည် ၃ ဒသမ ၅၉ မိုင်ရှည်လျားသည့် ဓာတ်အားလိုင်းဖြစ်ပြီး ပေါက်မြို့နှင့် အနီးဝန်းကျင်ဒေသများရှိ ကျေးရွာ ကိုးရွာမှ အိမ်ခြေ ၁၂၀၄ အိမ်ကိုလည်းကောင်း၊ ပေါက်-မင်းတပ် ဓာတ်အားလိုင်းစီမံကိန်းမှ မင်းတပ်မြို့ပေါ် ရပ်ကွက်လေးခုနှင့် အိမ်ခြေ ၁၈၆၉ အိမ်ကိုလည်းကောင်း ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော်ပြီးစီးခဲ့သည့် အထက်ပါ ၆၆ ကေဗွီဓာတ်အားလိုင်းစီမံကိန်းလေးခုကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဇန်နဝါရီ ၂၄၊ ၂၅၊ ၂၉ နှင့် ၃၁ ရက်တို့တွင် ဓာတ်အားများ အသီးသီးပို့လွှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လစဉ်ကျင်းပသည့် သတင်းထုတ်ပြန်ခြင်း အခမ်းအနားမှ သိရသည်။ **(နိုင်လင်းကြည်)**

## ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ချိန်ခါမရွေးဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် ကာတွန်းလက်တွေ့ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့နှင့် ဂျပန်နိုင်ငံ SAT ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသော "ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ချိန်ခါမရွေးဆောင်ရွက်ပေး"ခေါင်းစဉ်ဖြင့် ကာတွန်းလက်တွေ့ပြိုင်ပွဲကို မူလတန်း အလယ်တန်း၊ အထက်တန်းနှင့်အလွတ်တန်းဟူ၍ အတန်း ၄ တန်းဖြင့် မတ် ၂၅ ရက်တွင် လသာမြို့နယ် အထက(၂) လသာမြညီလာခန်းမ၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် မတ် ၁၅ ရက်မှ ၂၀ ရက်အတွင်း ဒဂုံမြို့နယ် ဦးဝိစာရလမ်း ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ရုံးသို့ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကာတွန်းလက်တွေ့ပြိုင်ပွဲ စည်းကမ်းချက်များမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အလွတ်တန်းဟူ၍ ၄ တန်းဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ ပြိုင်ပွဲဝင်များသည် ၁၅×၂၀ လက်မ အရွယ်အစားရှိ ပန်းချီစက္ကူပေါ်တွင် ရေးဆွဲရမည်ဖြစ်သည်။ လိုအပ်သော ပန်းချီစက္ကူများကို မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့မှ ပြိုင်ပွဲကျင်းပမည့်အချိန်တွင် တစ်ဦးချင်းဝေငှပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အစိုးရ၊ ပုဂ္ဂလိက၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းစသည့် ကျောင်းသား ကျောင်းသူများသည် အမည်၊ နေရပ်လိပ်စာ၊ အဘအမည်၊ လိုင်စင်ဓာတ်ပုံ(၁)ပုံနှင့် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထောက်ခံချက်နှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်ဖြစ်သည်။

အလွတ်တန်းအဆင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အမည်၊ နေရပ်လိပ်စာ၊ အဘအမည်၊ လိုင်စင်ဓာတ်ပုံ(၁)ပုံ တို့သာလျှင် ယူဆောင်လာရမည်ဖြစ်သည်။ စာရင်းလာရောက်ပေးသွင်းသည့်အချိန်တွင် လက်တွေ့ ပြိုင်ပွဲဝင်ခွင့်ကတ်ပြားများကို ထုတ်ပေးမည်ဖြစ်ရာ ပြိုင်ပွဲဝင်ချိန်တွင် ကတ်ပြားမပါရှိသူများအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပါ။ ကာတွန်းလက်တွေ့ ပြိုင်ပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီမှ မွန်းတည့်၁၂ နာရီအထိ သုံးနာရီကြာကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် မိမိရေးဆွဲလိုသော ဆေးပစ္စည်းများကို တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်သည်။ ဆုများကို အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆုစီကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကားချပ် စိစစ်ရွေးချယ်ခြင်းကို မြန်မာနိုင်ငံကာတွန်းပညာရှင်ကြီးများက မတ် ၂၆ ရက်တွင် ရွေးချယ်ပေးမည်ဖြစ်သည်။ ဆုရွေးချယ်မှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အငြင်းပွားဖွယ်ဖြစ်ပေါ်လာပါက ဆုရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၃၁ ရက်နံနက် ၉ နာရီတွင် အထက (၆)ဗိုလ်တထောင် အောင်ကျော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(စောသိန်းဝင်း)**

## ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ ရုံးခန်းသစ်ဖွင့်

**တာချီလိတ် ဖေဖော်ဝါရီ ၁၃**

ထိုင်းနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများအကြား အခိုက်အတန့်ဖြစ်ပွားသည့် အခက်အခဲများကို အောက်ခြေအဆင့် ညှိနှိုင်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ ရုံးခန်းသစ်ဖွင့်ပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ဖေဖော်ဝါရီ ၁၂ ရက်နေ့ နံနက်က ဖွင့်လှစ်သည်။

အခမ်းအနားတွင် ကော်မတီနာယက တာချီလိတ်စစ်ဗျူဟာအဖွဲ့ (အခြေချ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ကိုထိုက်က ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားပြီး ကော်မတီရုံးခန်းသစ်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီသည် မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ တည်ဆဲဥပဒေများနှင့်အညီ အခက်အခဲများကို ဘောင်းအတွင်းမှ ဖြေရှင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသတွင်းနေတိုင်းရင်းသားပြည်သူများအနေဖြင့် ဖြစ်ပေါ်လာသည့် အခက်အခဲများကို ကော်မတီထံသို့ အကူအညီတောင်းခံနိုင်ကြောင်းနှင့် ကော်မတီအနေဖြင့်လည်း ဥပဒေဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

CNCMC အဖွဲ့ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိကော်မတီကို နာယကအဖွဲ့ လေးဦး၊ ဦးစီးကော်မတီအဖွဲ့ ၂၅ ဦး၊ လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ၁၃ ဦး၊ တိုင်းရင်းသားများ ပါဝင်သော အမျိုးသမီးလုပ်ငန်းအဖွဲ့ လေးဦးတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

(၁၁၁)

# ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကျောက်ဆစ်ရုပ်တု စတင်ထုဆစ်ခြင်းအခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

ဗိုလ်ချုပ်အောင်ဆန်း (၁၀၂)နှစ်ပြည့် မွေးနေ့နှင့် ဗိုလ်ချုပ်ပုံတူ စကျင်ကျောက်ရုပ်တုစတင်ထုလုပ်ခြင်း ဩဝါဒခံယူပွဲနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကို မဟာလောကမာရဇိန် ကုသိုလ်တော်နှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား နှစ်ဆူကြား တွင် ယနေ့ နံနက်ပိုင်းကကျင်းပရာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မန္တလေးမြို့ဘုရားကြီးတိုက် ဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသ၊ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋ္ဌိပတ္တိမဟာဌာန ပါမောက္ခ (မဟာဌာနမှူး) ဓမ္မဒူတ ဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒ၊ မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်ကြီးများ၊ ဗိုလ်ချုပ်အောင်ဆန်းကျောက်ဆစ် ရုပ်တုနှင့် ဗိမာန်၊ ပြည်သူ့အပန်းဖြေဥယျာဉ် တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်နှင့် အဖွဲ့ဝင်များ၊ ရုပ်တု ထုလုပ်ရာတွင် ပါဝင်ကြမည့် ပညာရှင်များ၊ လူမှုအဖွဲ့ အစည်းများနှင့် အခြားစိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြ သည်။

ရှေးဦးစွာဆရာတော်သံဃာတော်များထံမှ ငါးပါးသီလ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွား ချီးမြှင့်သော ပရိတ်တရားတော်များကို နာယူကြည်ညို ကြသည်။ ယင်းနောက် ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်း တန်က ဗိုလ်ချုပ်ပုံတူထုလုပ်ခြင်းအကြောင်း ရှင်းလင်း လျှောက်ထားသည်။ ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသထံမှ ဩဝါဒကထာကို နာယူကြည်ညို ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော် အရှင်ဆေကိန္ဒက ရေစက်ချအနုမောဒနာတရား ချီးမြှင့် သည်။



ယခုထုလုပ်မည့် ဗိုလ်ချုပ်ပုံ ကျောက်ဆစ်ရုပ်တုမှာ ဗိုလ်ချုပ်ယူနီဖောင်းနှင့် ထိုင်လျက်ပုံဖြစ်ပြီး အမြင့် ၁၃ ပေ ဖြစ်သည်။ သာသနာ့ဂုဏ်ဆောင်ဆရာတော်ကြီးသုံးပါး ဩဝါဒစရိယအဖြစ် ဦးထိပ်ထားပြီး ပညာရှင်အသီးသီး ပါဝင်သော အဖွဲ့ဝင် ၁၇ ဦး၊ မြို့မိမြို့ဖနှင့် အသိပညာရှင် အတတ်ပညာရှင်များပါဝင်သည့် အလုပ်အမှုဆောင် ၁၇ ဦး၊ ဆပ်ကော်မတီလေးရပ် ဖွဲ့စည်းပြီး မြန်မာမှုဗိသုကာ ပညာရှင် တမ္ပဝတီဦးဝင်းမောင်၊ ပန်းပုပညာရှင် ပြည့်ဝ ဦးလှမြင့်တို့၏ အကြံဉာဏ်များရယူပြီး ကျောက်ဆစ် ပညာရှင် မုဒိတာ ဦးအောင်မင်းက Pointing Machine ဖြင့် ပုံဖော်ထုဆစ်မည်ဖြစ်သည်။ ရုပ်တုအချောထည် မထုလုပ်မီ အရွယ်တူပုံသဏ္ဍာန်တူ ရွှံ့ပလာစတာပြုလုပ်ပြီး ပြည်သူများ၏ သဘောထားရယူကာ ဆောင်ရွက်သွားမည် ဖြစ်သည်။

**အေးမြ(မန္တလေး)**

## အနယ်နယ်အရပ်ရပ်၌ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အခမ်းအနားအသီးသီးကျင်းပ



**ကျောက်ဆည်မြို့နယ်** - ဗိုလ်ချုပ်အောင်ဆန်းပန်းခြံတွင် ယနေ့နံနက်ပိုင်းက လာရောက်အပန်းဖြေသူ ပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။ ဗိုလ်ချုပ်မွေးနေ့တွင် ပန်းခြံကော်မတီက ပန်းခြံလာပြည်သူများအား စတုဒိသာ အဖြစ် နံပြားနှင့် ပဲပြုတ်များကျွေးမွေးခဲ့ပြီး ကလေးများ လွတ်လပ်စွာဆော့ကစား စေရန်နှင့် အလှဓာတ်ပုံများနှင့် အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန်အတွက် တိုင်းရင်းသားဝတ်စုံများ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**(သက်မောင်)**

**မုံရွာမြို့နယ်** - ဗိုလ်ချုပ်အောင်ဆန်း (၁၀၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ၊ ဆုပေးပွဲနှင့် စာပေဟောပြောပွဲများကို မုံရွာမြို့ မြို့တော်ခန်းမ တွင် ယနေ့နံနက်ပိုင်းမှစတင်ကာ ညပိုင်းအထိ ကျင်းပခဲ့သည်။ ညနေပိုင်းတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ပြီး ညပိုင်းတွင် ဆရာမ နှင်းပန်းအိမ်နှင့် ဆရာ မောင်မှိုင်းလွင်(အင်း၀)တို့က စာပေရေးရာများ ဟောပြောခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**မော်လမြိုင်ကျွန်းမြို့နယ်** - ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ပျားမွတ်လျှော်ချောင်းကျေးရွာအုပ်စု လျှော်ချောင်းကွင်းစုကျေးရွာတွင် ဗိုလ်ချုပ်မွေးနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းက အနာဂတ်သစ် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အဆိုပါစာကြည့်တိုက် ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေး ဆရာများဖြစ်သော ဆရာဦးမြင့်ငွေ (မြင့်ငွေ - မော်ကျွန်း)၊ ဆရာဦးလှိုင်ဝင်း (ရွှေတြိဂံ - လှိုင်ဝင်း)တို့က အသိပညာပေးဟောပြောခဲ့ကြပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ/ရသ စာအုပ်မျိုးစုံ ၁၀၀ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီနာယက ဦးအောင်ဝင်းက လက်ခံခဲ့သည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၁၆ပေ၊ အနံ၁၅ပေရှိ သံကူ ကွန်ကရစ် အဆောက်အအုံဖြစ်ပြီး ၁-၄-၂၀၁၆ ရက်တွင်စတင်ဆောက်လုပ် ပြီး ဖေဖော်ဝါရီ ၁၀ ရက်က ပြီးစီးခဲ့သည်။ ကျေးလက်နေပြည်သူများနှင့် အနာဂတ်ကလေးငယ်များ အသိပညာဗဟုသုတတိုးပွားလာစေရန် ရည်ရွယ်၍ စုပေါင်းလှူဒါန်းဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



**ချောက်မြို့နယ်** - မကွေးတိုင်းဒေသကြီး ချောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ရှေ့တွင် ယနေ့နံနက်ပိုင်းက ချောက်မြို့ပေါ်ရှိ အမက၊ အလက၊ အထကကျောင်းပေါင်းစုံမှ စတုတ္ထတန်း ကျောင်းသား ကျောင်းသူများက ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲ ပြုလုပ်ခဲ့သည်။ ပြိုင်ပွဲတွင် ကျောင်း သား ကျောင်းသူ ၂၁ ဦးက ပြည်သူ့လွတ်လပ်ရေးမိန့်ခွန်း၊ တိုင်းပြု ပြည်ပြု အစည်းအဝေး၌ပြောကြားသော မိန့်ခွန်းများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ကျော်မိုး (ပြန်/ဆက်)**

**ရမည်းသင်းမြို့နယ်** - မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရန်ကုန်- မန္တလေးကားလမ်းနှင့် သစ္စာလမ်းထောင့်တွင် ယနေ့ဗိုလ်ချုပ်မွေးနေ့တွင် ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းတရားသူကြီး ဦးစိုးသိန်း၊ ရွှေမိုးယံကုမ္ပဏီ အလှူရှင် ဦးကျော်စိန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပေးသည်။ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံဆိုင်းဘုတ်ကို အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဒါရိုက်တာ ဦးစိုးထွန်းရှိန်က စက်ခလုတ် နှိပ်ဖွင့်လှစ်ပြီး ဗိုလ်ချုပ်ကြေးရုပ်တုကို ဆန်းရွှေပြည်ကုမ္ပဏီဒါရိုက်တာ ဦးမျိုးမြင့် သန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး တို့က စက်ခလုတ်နှိပ်၍ဖွင့်လှစ်ခဲ့သည်။

**တင်ဦး(ရမည်းသင်း)**



**နတ်မောက်မြို့နယ်** - မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ မြို့ပေါ်ပရဟိတ လူငယ်ပေါင်းစုံ၏ကြီးကြပ်မှုဖြင့် ယနေ့နံနက်ပိုင်းက ဗိုလ်ချုပ်အောင်ဆန်း(၁၀၂) နှစ်ပြည့်မွေးနေ့ပွဲတွင် ကျောင်းသား ကျောင်းသူများနှင့် ကလေးငယ်များအတွက် ပျော်ပွဲရွှင်ပွဲများအဖြစ် ကစားနည်းမျိုးစုံကို ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်ရှေ့တွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

**လှဝင်း(နတ်မောက်)**



**ကျုံပျော်မြို့နယ်** - ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဗိုလ်ချုပ် အောင်ဆန်းကြေးရုပ်ဖွင့်ပွဲကို ဗိုလ်ချုပ်မွေးနေ့ဖြစ်သော ယနေ့နံနက်ပိုင်းက အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်ပန်းခြံအတွင်း၌ စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။ ရှေးဦးစွာ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသ ကြီး ဝန်ကြီးချုပ် မန်းဂျော်နီက ဗိုလ်ချုပ်ကြေးရုပ်ကို စက်ခလုတ်နှိတ်ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့သည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

**မြစ်ကြီးနားမြို့နယ်** - ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် မြို့လယ် နာရီစင်အနီး မြေကွက်လပ်၌ ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီး သော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

**(ပြည်နယ်ပြန်/ဆက်)**

**ညောင်ဦးမြို့နယ်** - ညောင်ဦးမြို့၌ လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်း ဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုဖွင့်ပွဲအခမ်းအနားကို ယနေ့တွင်ကျရောက်သည့် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၂)ပြည့်မွေးနေ့တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား အလေးပြုခြင်းတို့ဆောင်ရွက်ကြသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြေးရုပ်တုကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် များ ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗိုလ်ချုပ်ကြေးသွန်း ရုပ်တု ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် နိဗ္ဗာန်ဈေးပွဲတော်များမှ စတုဒိသာကျွေးခြင်း နှင့် ကလေးစာဖတ်ပွဲတော်ဆောင်ရွက်ထားခြင်းတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



# ဒဏ်ရာကြောင့် သုံးလနီးပါးနားနေရသည့် ဘေးလ် လေ့ကျင့်ရေးကွင်းသို့ ပြန်ရောက်

ရီးယဲလ်မက်ဒရစ်အသင်း၏ အားထားရသည့်တိုက်စစ်မှူး တစ်ဦးဖြစ်သည့် ဂါရတ်ဘေးလ် သည် နိုဝင်ဘာ ၂၂ ရက်ကတည်းက ခြေချင်းဝတ်ဒဏ်ရာပြဿနာကြောင့် အသင်းနှင့်အတူ ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း သုံးလနီးပါးကြာ အနားယူခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်း၏ လေ့ကျင့်ရေးကွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ထိုသို့ တိုက်စစ်မှူး ဂါရတ်ဘေးလ် လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာခဲ့ခြင်းသည် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းနှင့် ဝေလအသင်းနည်းပြ ကိုးလ်မန်းတို့အတွက် အားတက်ဖွယ်သတင်းတစ်ခုလည်းဖြစ်လာခဲ့ရသည်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် တိုက်စစ်မှူး ဂါရတ်ဘေးလ်မှာ မတ် ၇ ရက်တွင် နာပိုလီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပြန်လည်ပါဝင်လာမည်ဟု မျှော်လင့်ထားပြီး ဝေလအသင်းနည်းပြ ခရစ်ကိုးလ်မန်းကလည်း ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် ဒပ်ဘ်လင်မြို့၌ မြောက်အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်တွင် ဝေလလက်ရွေးစင်အသင်းနှင့်အတူ ပြန်လည်ပါဝင်လာရန်မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ဝေလလက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲယှဉ်ပြိုင်ကစားရာတွင် အုပ်စု(D) တွင် အုပ်စုဒုတိယနေရာမှာ ရပ်တည်လျက်ရှိပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ကာ အုပ်စုအဆင့်ပထမနေရာတွင် ရပ်တည်လျက်ရှိသည့် အိုင်ယာလန်အသင်းနှင့် လေးမှတ်ကွာ အနေအထားတွင် ရှိနေသည်။

ရီးယဲလ်မက်ဒရစ်အသင်းမှာမူ မတ် ၇ ရက်တွင် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်ကို နာပိုလီအသင်းနှင့် ကစားရမည်ဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူး ဂါရတ်ဘေးလ်ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့သော်လည်း လာလီဂါ အမှတ်ပေးဇယားတွင်မူ ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့သည်။ **(ငွေကြယ်)**

# ကမ္ဘာ့အကောင်းဆုံးကစားသမား နေရာအတွက် မက်ဆီနေရာတွင် ဂျီးဆပ်ဖြစ်လာမည်ဟုဆို

ဂါဘရီယယ်ဂျီးဆပ်သည် မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် သုံးပွဲကစားပေးခဲ့ရာတွင် သုံးဂိုးသွင်းယူနိုင်ခဲ့သည့်ကစားသမားတစ်ဦးဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ရော်နယ်လ်ဒင်ဟိုက ချီးကျူးပြောကြားလိုက်သည်။

ဘရာဇီးကြယ်ပွင့်ကစားသမား ဂါဘရီယယ်ဂျီးဆပ်သည် ပယ်လ်မီးရက်စ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းဖြင့် ရောက်ရှိလာခဲ့သည့်ကစားသမားတစ်ဦးဖြစ်ပြီး တစ်နေ့နေ့တစ်ချိန်ချိန်တွင် မက်ဆီရပ်တည်လျက်ရှိသည့် ကမ္ဘာ့အကောင်းဆုံးကစားသမားနေရာတွင် ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ရော်နယ်လ်ဒင်ဟိုက ပြောကြားလိုက်သည်။

အသက်(၁၉)နှစ်အရွယ် တိုက်စစ်မှူး ဂျီးဆပ်သည် ဘရာဇီးလက်ရွေးစင်အသင်းအတွက် ခြောက်ပွဲကစားပေးခဲ့ရာတွင် လေးဂိုးအထိသွင်းယူပေးထားနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။ **(ငွေကြယ်)**



# ပီအက်စ်ဗီတောင်ပံကစားသမား လူးကပ်မော်ရာ တစ်နေ့နေ့တွင် ဆော်ပေါ်လိုသို့ ပြန်မည်

ပီအက်စ်ဂျီအသင်းမှ တောင်ပံကစားသမား လူးကပ်မော်ရာသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် မွေးရပ်ဇာတိ ဘရာဇီးမြေမှ အသင်းဟောင်း ဆော်ပေါ်လိုအသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လူးကပ်မော်ရာသည် ၂၀၁၃ ခုနှစ်တွင် ဆော်ပေါ်လိုမှ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပီအက်စ်ဂျီအသင်းအတွက်လည်း အဓိကအားထားရသည့်ကစားသမားတစ်ဦးဖြစ်လာခဲ့သည်။ လူးကပ်မော်ရာသည် ယခုနှစ်ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် ၂၅ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုးရှစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့သည်။ **(ငွေကြယ်)**

# ဟီဂွာအင်၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်း ခုနစ်မှတ်ဖြတ်၍ ထိပ်ဆုံး၌ရပ်တည်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ဟီဂွာအင်၏ သွင်းဂိုးနှစ်ဂိုးဖြင့် ပြိုင်ဘက်ကာဂလီယာရီအသင်းကို အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နိုင်ကာ ဒုတိယနေရာမှ အသင်းကိုလည်း ခုနစ်မှတ်ဖြတ်ထားနိုင်ခဲ့သည်။

အာဂျင်တီးနားကြယ်ပွင့်ကစားသမား ဟီဂွာအင်သည် အီတလီစီးရီးအေပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် သွင်းဂိုး ၁၈ ဂိုးအထိ သွင်းယူပေးထားကာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်လည်း ရပ်တည်လျက်ရှိသည်။

ဟီဂွာအင်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ပြောင်းရွှေ့ကြေးပေါင် ၇၆ သန်းဖြင့် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ဂျူဗင်တပ်အသင်း အီတလီစီးရီးအေဖလားရရှိရေးအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ **(ငွေကြယ်)**



# မန်ယူနှင့်အတူ ဂိုး ၁၀၀ ပြည့်သွင်းယူနိုင်ရန် အိုးထရက်ဖို့ဒ်တွင် ဆက်နေမည်ဆိုသည့် မိုဗစ်




တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ၎င်း၏ လက်ရှိစာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သောကြောင့် မန်ယူအသင်း၌ ဆက်ရှိနေရေး သို့မဟုတ် ထွက်ခွာရေးတို့နှင့် ပတ်သက်၍ ဆုံးဖြတ်ရတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုး ၂၀ သွင်းယူထားကာ ပရီမီယာလိဂ်တွင်လည်း ခြေစွမ်းကောင်းပိုင်ဆိုင်ထားသည့်ကစားသမားတစ်ဦးဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းနည်းပြ မော်ရင်ဟိုက တိုက်စစ်မှူး အီဘရာဟီမိုဗစ်အား နောက်ထပ်တစ်နှစ်ထပ်တိုး၍ မန်ယူအသင်း၌ ဆက်နေစေလိုကြောင်း ပြောကြားခဲ့သည်။ ထိုသို့ နည်းပြမော်ရင်ဟို အနေဖြင့် မိုဗစ်အား နောက်ထပ် ၁၂ လတိုး၍ စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေသော်လည်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကမူ ၎င်း၏ အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်မှာ လေလွင့်ထဲတွင်သာ ရှိနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မန်ယူအသင်းက ဝက်ဖို့ဒ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် မန်ယူအသင်းနှင့်အတူ ဂိုးပေါင်း ၁၀၀ သွင်းယူနိုင်ရန်အတွက် မန်ယူအသင်းတွင် ဆက်ကစားရန်စီစဉ်ထားကြောင်းလည်း ပြောကြားခဲ့သည်။

**(ငွေကြယ်)**



## ပုပ္ပားဒေသ သဘာဝရေထွက်များ ရေအရည်အသွေးဆန်းစစ်ခြင်းနှင့် ရေရှည်ထိန်းသိမ်းမှုများ လုပ်ဆောင်ရန် ဘူမိဗေဒပညာရှင်များနှင့်တာဝန်ရှိသူများကွင်းဆင်းလေ့လာ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသ သဘာဝရေထွက်များမှ ရေအရည်သွေးလေ့လာဆန်းစစ်ခြင်းနှင့် ရေရှည်တည်တံ့ရေးဆောင်ရွက်နိုင်မည့် အစီအမံများနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာရေးကို ဘူမိဗေဒပညာရှင်များနှင့် မြို့နယ်တာဝန်ရှိသူများက ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

UNESCO အသိအမှတ်ပြု Geopark ဖြစ်မြောက်ရေး မြန်မာနိုင်ငံဘူမိသိပ္ပံပညာရှင်များနှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်တွင် ပုပ္ပားသုံးထပ်လမ်း ဒုတိယကွေ့အနီးရှိ ရေတင်ရေထွက်နှင့် တောင်ကလပ် အောက်ကြောင်းအနီးရှိ ရေငန်ရေထွက်များမှ ရေထွက်ရှိမှုအနေအထားနှင့် ရေထွက်များနှင့်ဆက်စပ်ပတ်ဝန်းကျင်အခြေအနေများကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် ငဝစမ်းရေထွက်၊ ကြို့ချောင်းရေထွက်နှင့် ညောင်ကားရားရေထွက်များသို့ သွားရောက်ပြီး သဘာဝရေထွက်များ ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့် ရေအရည်အသွေးလေ့လာခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က ပုပ္ပားဒေသ UNESCO အသိအမှတ်ပြု Global Geopark ဖြစ်မြောက်ရေး စီမံကိန်း အထောက်အကူဖြစ်စေဖို့အတွက် သဘာဝရေထွက်တွေ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ရေအရည်အသွေးအခြေအနေတို့ကို ဘယ်လိုကာကွယ်ထိန်းသိမ်းသင့်တယ်ဆိုတာ သိရှိနိုင်ဖို့အတွက် လာရောက်ကွင်းဆင်းလေ့လာတာပါ။ ရေနမူနာတွေကိုလည်း ဓာတ်ခွဲစမ်းသပ်ဖို့ယူသွားပါမယ်။ ဒီရေထွက်တွေရဲ့ သဘာဝပတ်ဝန်းကျင်တည်မြဲရေးနှင့် သန့်ရှင်းရေးတို့အတွက် ဘယ်လိုအရေးယူဆောင်ရွက်သင့်တယ်ဆိုတာတွေကိုလည်း မြို့နယ်တာဝန်ရှိသူတွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်သွားဖို့လည်းရှိပါတယ်" ဟု ဘူမိဗေဒပညာရှင် တစ်ဦးဖြစ်သူ ဦးသန်းထွန်းက ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်သည် ပုပ္ပားတောင်မကြီးမှ ထွက်ရှိသည့် သဘာဝရေထွက်ကြီးများဖြစ်သော ရေတင်ရေထွက်၊ ရေငန်ရေထွက်၊ ငဝစမ်းရေထွက်၊ ညောင်ကားရားရေထွက်၊ သရက်ပင်ရိုးရေထွက်နှင့် ကြို့ချောင်းရေထွက်များမှ ထွက်ရှိသည့် သဘာဝစိမ့်စမ်းရေများကို သောက်သုံးနေကြခြင်းဖြစ်ပြီး အဆိုပါ ရေထွက်ခြောက်ခုမှ တစ်ရက်လျှင် ရေဂါလန် ငါးသိန်းနီးပါးရရှိ၍ ဆည်ပေါက်စက်ရေတွင်းများမှရေဖြင့် ပေါင်းစပ်သုံးစွဲရခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ သဘာဝရေထွက်အခြေအနေများ ကွင်းဆင်းလေ့လာခြင်းကို UNESCO အသိမှတ်ပြု ဘူမိဗေဒပညာရှင်များဖြစ်သည့် ဦးသန်းထွန်း (ဥက္ကဋ္ဌ- Mount Popa Global Geopark အသင်း)၊ ဦးကြိုင်စိန်(ဥက္ကဋ္ဌ-မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း)၊ ဦးရွှေမောင် (ဘူမိဗေဒအရာရှိ/ရေအရင်းအမြစ်) တို့နှင့် ကျောက်ပန်းတောင်းမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်ရန်နှင့် ဌာနဆိုင်ရာများ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်နှင့်ကော်မတီဝင်များ၊ ပုပ္ပားတောင်ချစ်သူများအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ လိုက်ပါခဲ့ပြီး နှစ်ရက်တာ ကွင်းဆင်းလေ့လာခဲ့ကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မန်းရွှေစက်တော်ဘုရားပွဲတော်ကာလအတွင်း မန်းချောင်းရေသန့်ရှင်းရေးစုပေါင်းဆောင်ရွက်

**မကွေး ဖေဖော်ဝါရီ ၁၃**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မကွေးတိုင်းဒေသကြီး ရွှေစက်တော်ဘုရားပွဲတော်ကာလအတွင်း မန်းချောင်းရေ သန့်ရှင်းရေးအတွက် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီမှစတင်၍ ၁၀ နာရီခွဲကျော်အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မင်းဘူး(စကု) မြို့နယ် မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မန်းရွှေစက်တော်ဘုရား ကျန်းမာသန့်ရှင်းရေးအဖွဲ့နှင့် နမ္မဒါကျေးရွာအတွင်းရှိ ပြည်သူများ စုပေါင်းကာ မန်းချောင်းအတွင်း သန့်ရှင်းရေးများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မန်းရွှေတော် ဘုရားပွဲတော်ကာလအတွင်း နမ္မဒါတည်းကျောင်းမှ စတင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မင်းဘူး(စကု)မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အောက်စက်တော်ရာ တံတားအကူးထိလည်းကောင်း၊ မန်းရွှေစက်တော် ကျန်းမာသန့်ရှင်းအဖွဲ့များနှင့် ရွှေစက်တော်အနီး ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများက အောက်စက်တော်ရာ မန်းအထူးတံတားမှ လှေတင်တံတားအောက်အထိလည်းကောင်း စုစုပေါင်းအင်အား ၈၀ ခန့်ဖြင့် ရှင်းလင်းခဲ့ကြောင်းသိရသည်။

**ဇွဲထက်ရှင်**

## ကလေးမြို့တွင် ပညာပေးဟောပြောခြင်းများဆောင်ရွက်

**ကလေး ဖေဖော်ဝါရီ ၁၃**

ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြင့်မားရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးကွင်းဆင်းဟောပြောခြင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာနမှ နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြု မှတ်တမ်းဓာတ်ပုံများ ပြသခြင်းကို ဖေဖော်ဝါရီ ၈ ရက်နံနက် ၁၀ နာရီက အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ယင်းနောက်စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ ရက်လွန်မှုရှိ၊ မရှိ၊ မှိုတက်၍ အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းများရောင်းချနေမှု ရှိ၊ မရှိ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## မူးခင်းအသိပညာပေး ဟောပြောပွဲများကျင်းပ

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၃**

မူးခင်းအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမဝါယမကောလိပ်(မန္တလေး) ကျောင်းရှိ ရန်ကင်းခန်းမ၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အသိပညာများကို ရဲအုပ်သိန်းဇော်က လည်းကောင်း၊ ပုသိမ်ကြီးမြို့မရဲစခန်း ရဲအုပ်သိန်းထက်နိုင်က မြို့နယ်အတွင်းရှိ မူးခင်းဆိုင်ရာများကို လည်းကောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခြင်းကို ဒုရဲမှူးလှလွင်ကလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ဒုရဲမှူး ကျော်ကျော်အောင်ကလည်းကောင်း အသီးသီးဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းအုပ်ကြီးဒေါ်တင်မူအေး၊ ဒုတိယကျောင်းအုပ်ကြီးဦးတင်မြင့်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇာနည်ကိုကို**

## သက်ငယ်မုဒိမ်းမှုနှင့် ဒုစရိုက်မှုပပျောက်ရေး ပညာပေးဟောပြော

**မောင်တော ဖေဖော်ဝါရီ ၁၃**

သက်ငယ်မုဒိမ်းမှုနှင့် ဒုစရိုက်မှုပပျောက်ရေးဟောပြောပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက မောင်တောမြို့ မြို့မ နာရီစင်ကြီးရှေ့၌ ကျင်းခဲ့သည်။

မောင်တောမြို့ ရဲစခန်းမှူး၊ ဒုရဲမှူး ကျော်အေးလှိုင်နှင့်အဖွဲ့က သက်ငယ်မုဒိမ်းမှု နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှု ဖြစ်ပွားခြင်း အမျိုးမျိုးများဖြစ်လာသဖြင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရမည့် အကြောင်းအရာများကိုပြောကြားခဲ့သည်။

ဒုစရိုက်မှုနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အရက်အလွန်အကျွံသောက်သုံးခြင်း၊ စိတ်လိုက်မာန်ပါ ဒေါသအမျက်ထွက်ခြင်းကြောင့် လူသတ်မှုဖြစ်ပွားခြင်း၊ စိတ်အလိုလိုက်၍ဖြစ်ပွားခြင်း၊ တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်၍ ဖြစ်ပွားခြင်းတို့နှင့်ပတ်သက်၍ ပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ဒေသတွင်းမှုခင်းမဖြစ်ပွားစေရန်နှင့် မှုခင်းကြိုတင်ကာကွယ်ရေးအနေဖြင့် ရဲတပ်ဖွဲ့များက လှည့်ကင်းဆောင်ရွက်ထားခြင်း၊ ကင်းပုန်းဝပ်ခြင်း၊ မသင်္ကာသူများအား ဖမ်းဆီးစစ်ဆေးခြင်းများပြုလုပ် ဆောင်ရွက်နေရကြောင်း ပြည်သူများ သိရှိနိုင်ရန်နှင့် မှုခင်းကြိုတင်ကာကွယ်ရာတွင်ပြည်သူများပါ ပူးပေါင်းပါဝင်ရန် ဟောပြောခဲ့ကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**

## နတ်မောက်မြို့၌ မျက်စိစမ်းသပ်ခွဲစိတ်ကုသမှု အခမဲ့ပြုလုပ်ပေး

**နတ်မောက် ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ပုညသဟာယသာသနာ့အကျိုးတော်ဆောင် စေတနာအလှူရှင်လူငယ်များတို့ ပူးပေါင်း၍ မျက်စိစမ်းသပ်ခွဲစိတ်ကုသမှုအခမဲ့ပြုလုပ်ပေးခြင်းကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီက နတ်မောက်မြို့ အောင်ဆန်းရပ် ဒီပင်္ကရာပရိယတ္တိစာသင်တိုက်အတွင်းရှိ သီတဂူဒီပင်္ကရာစက္ခုဒါနဆေးရုံတော်ကြီး၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမဲ့မျက်စိစမ်းသပ်ခွဲစိပ်ကုသမှုကို ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာနီလာသိန်းကဦးဆောင်ကြီးမှူး၍ မျက်စိအထူးကုပါရဂူဆရာဝန်ကြီးများလာရောက်ပြီး နတ်မောက်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၃၀၀ ခန့်အား စစ်ဆေး၊ ခွဲစိတ်ကုသပေးခဲ့ရာမျက်စိခွဲစိတ်လူနာ ၆၀ ခန့်အား အခမဲ့ကုသပေးခဲ့ကြောင်းသိရသည်။

**လှဝင်း(နတ်မောက်)**



# ဆံတော်ရှင်မြသပိတ်စေတီတော်ဗုဒ္ဓပူဇနိယပွဲနှင့်မြန်မာနိုင်ငံတွင်အကြီးဆုံး နီးဘုရားရုပ်ပွားတော်မြတ်ကြီးပူဇော်ပွဲ သထုံတွင် စည်ကားစွာကျင်းပ

**သထုံ ဖေဖော်ဝါရီ ၁၃**
မွန်ပြည်နယ် သထုံမြို့ မြသပိတ်တောင်ထိပ်ရှိ ဆံတော်ရှင် မြသပိတ်စေတီတော်မြတ်ကြီး၏ (၅၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် တောင်ခြေရှိ မြန်မာနိုင်ငံ၌ အကြီးဆုံးဖြစ်သော နီးဘုရားကြီး ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် (တပို့တွဲလပြည့်နေ့) နံနက်က စည်ကားစွာ ကျင်းပခဲ့သည်။



နံနက် ၅ နာရီတွင် တောင်ထိပ်ရှိ ဆံတော်ရှင် စေတီတော်မြတ်ကြီးအား သံဃာတော် ၄၅ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများနှင့် ဆွမ်းပွဲ ၁၀၀၀ ဖြင့် ကပ်လှူပူဇော်ကြပြီး နံနက် ၇ နာရီမှစတင်ကာ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၇၄ ကျောင်းမှ သံဃာတော် ၆၀၀ ကျော်နှင့် သီလရှင်ကျောင်းတိုက် ၃၆ တိုက်မှ သီလရှင် ၈၀ ကျော်တို့အား အလှူရှင်အသီးသီးတို့က (ထမနဲ)၊ ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို တောင်ခြေတွင် စည်ကားသိုက်မြိုက်စွာ စုပေါင်းလောင်းလှူခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ မြသပိတ် စေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ဗုဒ္ဓဒေသနာတော်များကို အသံမစဲရွတ်ဆို ပူဇော်ခဲ့ကြပြီး လပြည့်နေ့ ညနေ ၄ နာရီမှစတင်၍ မြို့တွင်းရှိစေတနာရှင်များက နိဗ္ဗာန်ဈေးဖြင့် တည်ခင်းကျွေးမွေးကာ စေတီတော်တောင်တက် လမ်းတစ်လျှောက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဇာတ်ပွဲများ၊ ပွဲဈေးများဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**သက်ဦး(သထုံ)**

## ညောင်လေးပင်မြို့၌ (၁၁၅) ကြိမ်မြောက် လုဒ်မယ်တော်သခင်မပူဇော်ပွဲ စည်ကားစွာကျင်းပ

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၃**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့တွင် (၁၁၅) ကြိမ်မြောက် လုဒ်မယ်တော်သခင်မ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၆ နာရီက မြို့မ ၃ ရပ်ကွက်ရှိ လုဒ်မယ်တော်ဘုရားဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာလုဒ်မယ်တော်ဘုရားကျောင်းမှ ကျောင်းထိုင်ဆရာတော်ဆိုဒီယိုဂျူ(စ်)က တိုင်းဒေသကြီး ဝန်ချုပ်ဦးဆောင်သောအဖွဲ့နှင့် ဌာနဆိုင်ရာများအား ဘုရားဖူးဒေသသို့လာရောက်သည့်အတွက် ကြိုဆိုပါကြောင်းပြောကြားသည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်မှာစကားပြောကြားခဲ့ရာတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးလာဓမ္မမိတ်ဆွေများအား တွေ့ဆုံရသည့်အတွက်ဝမ်းသာပီတိဖြစ်မိပါကြောင်း ပြောကြားသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်သာသနာကိုယ်စား ရန်ကုန်ဂိုဏ်းချုပ်သာသနာဘာသာပေါင်းစုံရေးရာဘုန်းတော်ကြီး FRJOSEPH,ဦးဝင်းက အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီးနောက် မြန်မာနိုင်ငံလုံးဆိုင်ရာဘုရားဖူးဒေသ၏ ဗဟိုကော်မတီကိုယ်စား ဒေါ်ကြူကြူက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွဲခင်းအတွင်းလှည့်လည်ကြည့်ရှုကာ ဘုရားဖူးများအားရင်းနှီးစွာနှုတ်ဆက်ခဲ့သည်။

လုဒ်မယ်တော်သခင်မပူဇော်ပွဲအား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်များလာရောက်ပြီး ပွဲတော်ကို ဖေဖော်ဝါရီ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည်။ ကျမ်းစာရွတ်ခြင်း၊ မြို့တွင်းသို့ မယ်တော်ဒေသစာရီ လှည့်လည်ခြင်း၊ ကျမ်းစာပြိုင်ပွဲစသည့်အစီစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဘုရားဖူးများတက်ရောက်ခဲ့ကြသည်။

**မြိုးကိုလင်း(ညောင်ဝိုင်း)**



## မင်္ဂလာတောင်ညွန့်၌မူခင်းအသိပညာပေးဟောပြော

**မင်္ဂလာတောင်ညွန့် ဖေဖော်ဝါရီ ၁၃**
ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဖေဖော်ဝါရီ ၉ ရက် ည ၇ နာရီ မူခင်းအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

မူခင်းအသိပညာပေးဟော ပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးလွင်၊ မြို့နယ်ကျန်းမာရေးမှူး ဦးကျော်မြင့်ဦးနှင့် သူနာပြုဆရာမ ဒေါ်အေးအေးသိန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်တို့က လိင်စိတ်နိုးကြွစေသော ဆေးဝါးများရောင်းချမှုမရှိစေရေး၊ သုံးစွဲမှုမရှိစေရေးနှင့် အမျိုးသမီးငယ်များ မုဒိမ်းပြုကျင့်မှု မခံရစေရေး မူခင်းအသိပညာပေးဟောပြောမှုများ ကျင်းပခဲ့ကြရာ ပြည်သူ ၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၁၈)**

## လူမှုအခြေပြု Community Center အသိပညာပေးနှီးနှောဖလှယ်ပွဲကျင်းပ

**ကော့မှူး ဖေဖော်ဝါရီ ၁၃**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူမှုအခြေပြု Community Center အသိပညာပေးနှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်ဗဟိုစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်းက အသိပညာပေးနှီးနှောဖလှယ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအားရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုဦး၊ ဒုတိယဥပဒေအရာရှိ ဦးလှိုင်မျိုးဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမင်းထက်၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ကျော်မိုး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှကြည်၊ စီမံကိန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်တို့က လူမှုအခြေပြုလုပ်ငန်းဆိုင်ရာများကို အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကော့မှူးသားလေး**

# အတိတ်၏လောင်းရိပ်အောက်မှ ရုန်းထွက်ပြီး ကောင်းမွန်သည့် အနာဂတ်တစ်ခုကို တက်ညီလက်ညီဖြင့် ထုဆစ်ပုံဖော်

**သံတွဲ ဖေဖော်ဝါရီ ၁၃**
သံတွဲမြို့ ဒွာရာဝတီမြို့နယ်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒွာရာဝတီခန်းမသစ် မုခ်ဦးအား ရခိုင်ပြည်နယ် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်စည်ပင်ဝန်ကြီး ဦးမင်းအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် ဦးနိုင်ကြွေအေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဒွာရာဝတီခန်းမ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့်နေ့တစ်နေ့ဖြစ်ပါကြောင်း၊ သံတွဲမြို့အနေဖြင့် ခေတ်မီဆန်းသစ်သည့်အဆောက်အအုံတစ်ခုကိုဖွင့်လှစ်နိုင်ခဲ့သဖြင့် ပြောင်းလဲမှုတစ်ခုပင်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အတိတ်၏လောင်းရိပ်အောက်မှ ရုန်းထွက်ပြီး ကောင်းမွန်သည့် အနာဂတ်တစ်ခုကိုတက်ညီလက်ညီဖြင့် ထုဆစ်ပုံဖော်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍကြီးခြောက်ရပ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဒေသခံပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပါဝင်ကူညီဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားပြီးနောက် မြို့မိမြို့ဖ ဒေါက်တာစိုးမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားတွင် တေးနှုယဉ်ဂီတအဖွဲ့နှင့် ငပလီ အထကကျောင်းသား ကျောင်းသူများက တေးသီချင်း၊ အကများဖြင့် ကပြဖြေဖျော်ပြီးနောက် ရက္ခိုတသီဟဆောက်လုပ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်လှိုင်က ဧည့်သည်တော်များအား ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများပေးအပ်သည်။

အဆိုပါအဆောက်အအုံမှာ ရခိုင်ပြည်နယ် အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၅၈၅ သန်း ဖြင့် ငပလီမြို့ အခြေစိုက် ရက္ခိုတသီဟဆောက်လုပ်ရေးကုမ္ပဏီမှ ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ၁၇၂ ပေ၊ အနံ ၁၀၄ ပေ၊ အမြင့် ၂၈ ပေ သံကူကွန်ကရစ်အဆောက်အအုံဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တရော်တောကျေးရွာ ပြောင်းရွှေ့မည့်မြေနေရာ၊ ဒွာရာဝတီကွက်သစ်သို့ ရေပေးဝေရေးလျှိုပိတ်ဆည် တည်ဆောက်မည့်နေရာ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာစီမံကိန်းသို့ သွားရောက်ကြည့်ရှုခဲ့ပြီးနောက် ဆောက်လုပ်ဆဲ သာသနာ့ဗိမာန်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုခဲ့ပြီး ငပလီကမ်းခြေရှိ Public Aera သို့သွားရောက်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## နောက်ဖေးလမ်းကြားအမှိုက်များရှင်းလင်း

**ဗဟန်း ဖေဖော်ဝါရီ ၁၃**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ဗဟန်းမြို့နယ် ဆရာစံ/တောင် စံပြရပ်ကွက်အတွင်းရှိ နောက်ဖေးလမ်းကြားများအား သန့်ရှင်းသပ်ရပ်စေရေးနှင့် ရပ်ကွက်နေ မိဘပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရန် နောက်ဖေးလမ်းကြား ရှင်းလင်းရေးလုပ်ငန်းကို ဖေဖော်ဝါရီ ၃ ရက်မှစတင်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်အထိ လုပ်ငန်း ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးအောင်မြင်ပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ပြောသည်။

"ဆရာစံ/တောင် စံပြရပ်ကွက်မှာ နောက်ဖေးလမ်းကြား ၂၆ ခုရှိပါတယ်။ ဒီနေ့မှာ ဆရာမကြီးလမ်းနဲ့ အာဇာနည်လမ်းကြား၊ ရတနာလမ်းနဲ့ ဦးအောင်ကျော်ဖြူလမ်းကြား၊ ဦးအောင်ကျော်ဖြူလမ်းနဲ့ ငွေလရောင်လမ်းကြားတွေကို အပြီးသတ် ရှင်းလင်းပေးနေတာပါ။ ဒါပြီးရင် သုခုမလမ်း၊ ခေမာလမ်းနဲ့ အရှေ့မြို့ပတ်လမ်း နောက်ဖေးလမ်းကြားတွေ ဆက်ပြီးရှင်းပေးပြီးရင် ရပ်ကွက်လုံးကျွတ်အောင်မြင်သွားပါပြီ" ဟု ဗဟန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ရှင်းပြသည်။



နောက်ဖေးလမ်းကြား ရှင်းလင်းရေးလုပ်ငန်းအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနဌာနမှူး ဦးချိုထွန်းအောင်နှင့်တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထိန်စိုး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က နေ့စဉ်လာရောက်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြသည်။ **(၅၉၇)**

## ကျေးရွာပညာသင်ကြားမှုလိုအပ်ချက်နှင့်အညီ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီး

**လိပ်သို ဖေဖော်ဝါရီ ၁၃**

ကရင်ပြည်နယ် လိပ်သိုမြို့ သံမိုးတောင်ကျေးရွာအုပ်စု သံမိုးတောင် အထက်ကျေးရွာတွင် ကျောင်းသားဦးရေများလာသည်နှင့်အညီ ကျေးရွာ ပညာသင်ကြားမှုလိုအပ်ချက်အရ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးခဲ့သောကြောင့် ကျောင်းဆောင် သစ်လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

သံတောင်ကြီးမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးစောသာစုက အမှာစကားပြောကြားရာတွင် ဝေးလံခေါင်ပါးသောဒေသတွင် ကျေးလက် နေပြည်သူများ၏သားသမီးများ ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရက စာသင်ကျောင်းနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးခဲ့ကြောင်း၊ ကျေးရွာစာသင်ကျောင်းဆောင်သစ်ကို မိဘများ ထိန်းသိမ်းမွမ်းမံရမည် ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ ခေတ်နှင့်အညီ ပညာရေးတိုး တက်ရန်လိုအပ်ကြောင်း၊ လူနေမှုအဆင့်အတန်းနှင့်ပညာရေးမြင့်မားရန် ဆောင်ရွက်ပေးခဲ့ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောင်းဆောင်သစ်၏ စာရွက်စာတမ်းများကို ဖားစည် မြေကုမ္ပဏီမန်နေဂျာဒါရိုက်တာ ဦးကြည်ဝင်းကပေးအပ်ရာ သံမိုးတောင် အထက်ကျေးရွာ ကျောင်းအုပ်ဆရာမ ဒေါ်ဝင်းဝင်းခိုင်က လက်ခံရယူခဲ့ သည်။ **လိပ်သို(ပြန်/ဆက်)**

## နှစ် (၇၀) မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်ချောလမ်းသစ်ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်တွင် နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျဉ်းမနားမြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပျဉ်းမနား မြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ဝဲကြီး-ဆင်ဖြူတောင်ဘုရား ဆက်သွယ်သည့် ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော် ဝါရီ ၈ ရက် ညနေ ၃ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အဖွင့် အမှာစကားပြောကြားပြီး ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက ဝဲကြီး-ဆင်ဖြူတောင် ဘုရားလမ်း ကျောက်ချောလမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဗိုလ်မှူးကြီး မင်းနောင်၊ ဦးတင်ထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့် ကျေးရွာအုပ်ချုပ်ရေး မှူးတို့က ကျောက်ချောလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကူးတို့ ဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိုးဆွေက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိ သူများက ကျောက်ချောလမ်းသစ်အား ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျောက်ချောလမ်းမှာ အကျယ် ၁၈ ပေ၊ ဒု ၉ လက်မ၊ အရှည် ၁ မိုင် ၇ ဖာလုံ ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံတော် ခွင့်ပြုရန်ပုံငွေကျပ် ၁၂၈ ဒသမ ၅၁၂ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

# ငဝန်ရေကာတာ ရေစိမ့်ပေါက်များအား မြေသားပြုပြင်

**ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ၏ အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ်မိုးရာသီကာလအတွင်း က ငဝန်မြစ်ရေကြီးမြင့်မှုကြောင့် ရေယိုစိမ့်ခဲ့သော မြို့နယ်အတွင်းရှိ ငဝန်ရေကာတာရေယိုစိမ့်ပေါက် များအား မြေသားပြုပြင်ခြင်းလုပ်ငန်းများဆောင် ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်က ငါးသိုင်းချောင်း မြို့အတွင်းရှိ ရွှေဆောင်ရပ်ကွက် ငဝန်ရေကာတာ တာမိုင် ၄၇/၂+၅၀၀ နှင့် ၄၇/၃+၄၀ ရေယိုစိမ့်ပေါက် နေရာများကို ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေယိုစိမ့်ပေါက်နေရာများအား ယခင် နှစ်မိုးရာသီ ငဝန်မြစ်ရေကြီးမြင့်စဉ်ကာလအတွင်း မြို့ပေါ်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ နှင့် ဒေသခံပြည်သူလူထုတို့က နေ့ညမပြတ်စောင့်ကြည့် ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုအခါ ဌာနအနေ ဖြင့် ပွင့်လင်းရာသီရောက်ရှိနေပြီး မြစ်ရေကျဆင်း နေချိန် စနစ်တကျမြေသားပြုပြင်ခြင်းကို ဆောင် ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးနိုင်ဦးက ပြောကြားသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးမှူးဦးဝင်းမော်က ငါးသိုင်းချောင်းမြို့ ငဝန်ရေကာတာ တာမိုင်အစ မအူကုန်ကျေးရွာ တာမိုင် ၄၄/၅+၃၈၀ မှ ကွင်းပေါက်ကျေးရွာ တာမိုင် ၄၉/၅+၅၀၀ တာမိုင်အရှည် ၅ မိုင်ခွဲအတွင်း ရေယိုစိမ့်ပေါက် စုစုပေါင်း ၁၁ ပေါက် ပြုပြင်ဆောင် ရွက်ခဲ့ရကြောင်း၊ အဆိုပါရေကာတာရေယိုစိမ့်ပေါက် မြေသား ပြုပြင်ခြင်းလုပ်ငန်းများအား ဖေဖော်ဝါရီ လအတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**





## စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှု

**သရက်ချောင်း ဖေဖော်ဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက် ရှိသည့် မယ်ကဲကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း သုံးမိုင်အား ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေသိန်းက စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်ခဲ့သည့် မြိတ်တော်ဝင်ပုလဲကုမ္ပဏီမှ လုပ်ငန်းများ ဆောင်ရွက် နေချိန်တွင် စံချိန်စံညွှန်းများနှင့်ကိုက်ညီမှု ရှိ-မရှိ၊ BP,BQ ပါပုံစံများအတိုင်း ဆောင်ရွက်ခြင်း ရှိ- မရှိ စသည်များကို အဓိကထား စစ်ဆေးဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါလုပ်ငန်းသည် တင်ဒါရန်ပုံငွေကျပ် ၂၃ ဒသမ ၆၃၇ သန်းဖြင့် ဆောင် ရွက်နေသည့်လုပ်ငန်းဖြစ်ပြီး ကွင်းဆင်းစစ်ဆေးရာသို့ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေသိန်း၊ မြို့နယ်ကျေးလက်ဒေ သဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဌေးနှင့် ဝန်ထမ်းများ၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ မြိတ်တော်ဝင်ပုလဲကုမ္ပဏီတာဝန်ခံတို့ လိုက်ပါစစ်ဆေးခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**

# ဆက်သွယ်သွားလာမှု လွယ်ကူကောင်းမွန်လာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျေး လက် ကုန်ထုတ်လမ်းများနှင့် ရေကျော်၊ တံတား လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီလအတွင်း ကွင်းဆင်း၍ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီ စေရေးနှင့် သတ်မှတ်ချိန်အမီပြီးစီးရေး စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ ကျပ်သန်း ၁၂၀ ဖြင့် ကျောက်ပန်းတောင်းမြို့နယ် တွင် ကျေးလက်ကုန်ထုတ်လမ်း ငါးလမ်း စုစု ပေါင်းလမ်းအရှည် (၅/၇) မိုင်ကိုလည်းကောင်း၊ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၅ ဒသမ ၂ သန်း ဖြင့် ကွန်ကရစ်တံတား ၁၂ ပေ နှစ်စင်း၊ ပေ ၅၀ အရှည်ရှိ ရေကျော်နှစ်ခု၊ ပေ ၁၀၀ အရှည်ရှိ ရေကျော် သုံးခုနှင့် ငါးပေအရှည်ရှိ Box Culvert လေးစင်းတို့ကိုလည်းကောင်း ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးလက်လမ်းများ၊ တံတားများနှင့် ဆက်စပ်ကျေးရွာပေါင်း ၅၁ ရွာ ရှိ အိမ်ခြေ ၇၄၂၄ မှ ကျေးလက်ပြည်သူ ၃၉၇၆၆ ဦးတို့အတွက် ကုန်ထုတ်လုပ်ငန်းများ ဆက်သွယ် သွားလာမှု လွယ်ကူကောင်းမွန်လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သည်။

အဆိုပါ ကျေးလက်လမ်း၊ တံတားနှင့် ရေ ကျော်လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများ ကို ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် ဦးအေးခိုင်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် ဦးစိုးဝင်း (ဦးစီး အရာရှိ နည်းပညာ)တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြ ပြီး ဘဏ္ဍာနှစ်မကုန်မီ လုပ်ငန်းများပြီးစီးရေးနှင့် စံချိန်၊ စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



## ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး၊ ကွန်ပျူတာပြုပြင်ထိန်းသိမ်းနည်းနှင့် ကွန်ရက်ချိတ်ဆက် ထိန်းချုပ်ခြင်းဆိုင်ရာ သင်တန်းဖွင့်

**မုံရွာ ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်ရှိ ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးနှင့် ကွန်ပျူတာပြုပြင်ထိန်း သိမ်းနည်း၊ ကွန်ရက်ချိတ်ဆက်ထိန်းချုပ် ခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းဝေးခန်းမ (၂) ၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီခွဲကကျင်းပရာ စစ်ကိုင်း တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီးအုပ်ချုပ်ရေး မှူး ဦးမြတ်ကျော်ကျော်က အမှာစကား ပြောကြားကာ သင်တန်းအား ဖွင့်လှစ်ပေး သည်။

အဆိုပါသင်တန်းတွင် လုပ်ငန်းစွမ်း ဆောင်ရည်မြင့်မားရေးအတွက် နိုင်ငံ့ ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ ရုံး လုပ်ငန်းလက်စွဲ၊ မြို့မြေတိုင်းတာရေး၊ အစိုးရအဖွဲ့၏ အဆောင်အယောင် ဥပဒေ၊ မြို့နယ်စည်ပင်သာယာရေးကော် မတီဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေများကို လည်းကောင်း၊ ကွန်ပျူတာနည်းပညာများ နှင့်ပတ်သက်ပြီး ကွန်ပျူတာပြုပြင် ထိန်း သိမ်းခြင်း၊ ကွန်ရက်ချိတ်ဆက်ထိန်းချုပ် ခြင်းဆိုင်ရာ နည်းပညာများကို သင်ကြား ကြောင်း သိရသည်။

ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ကွန်ပျူတာပြုပြင်ထိန်းသိမ်း နည်း၊ ကွန်ရက်ချိတ်ဆက် ထိန်းချုပ်ခြင်း ဆိုင်ရာသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးများမှ စာရေး ဝန်ထမ်း ၅၉ ဦး တက်ရောက်လျက်ရှိ ကြောင်းနှင့် သင်တန်းကာလမှာ ရက် သတ္တပါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိ ရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## စားသုံးရန်မသင့်သော အစားအသောက်များနှင့် ပတ်သက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး)၌ အသိပညာပေးဟောပြော

**ဟားခါး ဖေဖော်ဝါရီ ၁၃**

အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ကျောင်းသား ကျောင်းသူများစားသုံးနိုင်ရန် ရည်ရွယ်လျက် စားသုံးရန်မသင့်သော အစားအသောက်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၃ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ချင်းပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယပြည်နယ်ဦးစီး ဦးသောင်းကြိုင်က အဖွင့်အမှာစကားပြောကြားပြီး ဦးစီးမှူး ဦးဇော်မင်းက စားသုံးသူအခွင့်အရေး၊ စားသုံးသူများ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ အမှတ်တံဆိပ်နှင့် အစားအသောက် အမျိုးအစားများ(စားသုံးဆီ)အကြောင်းစသည်များကို အကျယ်တဝင့်ရှင်းလင်းဟောပြောကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လယ်ယာမဲ့တောင်သူများ အလုပ်အကိုင်ရရှိရေး လယ်မြေဧက ၂၀၀ ခန့် ဖော်ထုတ်မည်

**ရေဦး ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် လယ်ယာမဲ့တောင်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်အတွက် လယ်ယာမြေဧက ၂၀၀ခန့်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ဖော်ဆောင်ပေးမည်ဖြစ်ကြောင်းသိရှိရသည်။

လယ်ယာမြေဖော်ဆောင်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးနှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်ဝင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးရာဇာမီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲခေါင်းဆောင်များ၊ အမှတ်(၂၁)စက်မှုလယ်ယာစခန်းတာဝန်ခံ ဦးငွေဇော်စိုးနှင့် စည်ပင်သာယာရေးကော်မတီဝင်များလိုက်ပါကာ ညောင်နီကန်ကျေးရွာအုပ်စုသို့ ကွင်းဆင်းကြည့်ရှုတိုင်းထွာမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

မြေလွတ်မြေရိုင်းဧက ၂၀၀ ကိုစီးပွားဖြစ်သီးနှံစိုက်ခင်းများဖြစ်အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး မြေလွတ်မြေရိုင်းခုတ်ထွင်ခြင်းကို တက်ယူနိုက်တက်ကုမ္ပဏီက တစ်ဧက ငွေကျပ် ၅၀၀၀၀၀ ဖြင့် တင်ဒါအောင်မြင်ခဲ့ကြောင်း၊ ဆည်ရေသောက်စနစ်မရနိုင်သည့်အတွက် မိုးကောင်းသောက်အဖြစ်သာလုပ်ကိုင်နိုင်မည်ဟု စက်မှုလယ်ယာဦးစီးမှူးက သုံးသပ်ပြောကြားခဲ့သည်။

**သန်းထိုက်(ရေဦး)**

## ထိုင်းနိုင်ငံတောင်သူများ နှစ်နိုင်ငံပိုင် မယ်ဆိုင်ချောင်းမှ ရေရရှိနိုင်ရေး နှစ်နိုင်ငံနယ်ခြားစည်းကော်မတီများ အလွတ်သဘော တွေ့ဆုံဆွေးနွေး



**တာချီလိတ် ဖေဖော်ဝါရီ ၁၃**

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ နယ်ခြားစည်းကော်မတီနှင့် တာချီလိတ်မြို့ နယ်ခြားစည်းကော်မတီတို့ မြန်မာနိုင်ငံဘက် တာချီလိတ်မြို့ ရွှေနန်းတော်ကုန်တိုက် အစည်းအဝေးခန်းမ၌ ထိုင်းနယ်ခြားကော်မတီ၏ တောင်းဆိုမှုဖြင့် ထိုင်းနိုင်ငံတောင်သူလယ်သမားများ နှစ်နိုင်ငံပိုင်မယ်ဆိုင်ချောင်းမှ ရေရရှိနိုင်ရေးအတွက် အလွတ်သဘောတွေ့ဆုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

အစည်းဝေးတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ နယ်ခြားစည်းကော်မတီ တာဝန်ရှိသူက နှစ်နိုင်ငံ နယ်စပ်ရှိ မယ်ဆိုင်ချောင်းရေအား လယ်ရေသောက် သွယ်ယူအသုံးပြုနိုင်ရေးအတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ရှေ့ရှု၍ ကူညီပေးနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ တောင်သူလယ်သမားများမှ နှစ်နိုင်ငံ နယ်စပ်မယ်ဆိုင်ချောင်းတွင် ခွင့်ပြုချက်မရှိဘဲ ဝါးငုတ်များ စီတန်းစိုက်ထားမှုအား အနူးညွတ်တောင်းပန်ပါကြောင်း၊ မယ်ဆိုင်မြို့ တောင်သူလယ်သမားများသည် ယခုရာသီတွင် မယ်ဆိုင်ချောင်းအား အမှီပြုကာ နွေစပါးစိုက်ပျိုးရခြင်းကြောင့် ရေအထူးလိုအပ်နေသဖြင့် ပြုလုပ်ကြခြင်းဖြစ်ပါကြောင်း၊ မယ်ဆိုင်ချောင်းရေသွယ်ယူအသုံးပြုနိုင်ရေး အမြန်ဆုံးကူညီပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့် မြို့နယ်အဆင့် နယ်ခြားကော်မတီ အချင်းချင်း အဆင်ပြေစွာဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံရ ခြင်းဖြစ်ကြောင်း ဆွေးနွေးသည်။

တာချီလိတ်မြို့နယ်ခြားစည်းကော်မတီမှ တာဝန်ရှိသူက မယ်ဆိုင်မြို့ တောင်သူလယ်သမားများ၏ အခက်အခဲများကို နားလည်ကိုယ်ချင်းစာမိပါကြောင်း၊ မယ်ဆိုင်မြို့မှ လယ်သမားများ နှစ်နိုင်ငံပိုင်မယ်ဆိုင်ရေချောင်းကို သွယ်ယူအသုံးပြုနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရ၏ သဘောထားကို တောင်းခံရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ အမှတ်(၃)လှုပ်ရှားယန္တရားတပ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီး ဖန်အေ့ကိဒါကောင့်ချန်ဒါ ဦးဆောင်သော အဖွဲ့ဝင် ငါးဦး၊ တာချီလိတ်မှ ဗိုလ်မှူးကြီး ကျော်ကိုထိုက်၊ တာချီလိတ်ခရိုင်လူဝင်မှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်း၊ တာချီလိတ်နယ်ခြားစည်းကော်မတီဥက္ကဋ္ဌ ဦးဘိုလေးနှင့် အဖွဲ့ဝင် ခြောက်ဦးတို့ တက်ရောက်ခဲ့ကြောင်းသိရသည်။ **(၁၁၁)**

## မိုင်းပျဉ်း ပြည်သူ့စာကြည့်တိုက်တွင် ပန်းချီ၊ ဆေးရောင်ခြယ်၊ စာစီစာကုံးပြိုင်ပွဲများ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲ ကျင်းပ

**မိုင်းပျဉ်း ဖေဖော်ဝါရီ ၁၃**

ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတတိုးပွားရေးနှင့် ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ပန်းချီ၊ ဆေးရောင်ခြယ်၊ စာစီစာကုံးပြိုင်ပွဲများ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ခင်မာက ပြိုင်ပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပန်းချီ၊ ဆေးရောင်ခြယ်နှင့် စာစီစာကုံးပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။ ထို့နောက် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များအား လေ့လာဖတ်ရှုခဲ့ကြောင်းသိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**




## Miss Universe Mandalay 2017 အလှမယ်ရွေးချယ်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

Myanmar Media Groupမှကြီးမှူးကျင်းပသည့်Miss Universe Mandalay 2017အလှမယ်ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၆ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈) လမ်းနှင့် လမ်း (၃၀) ထောင့် ဘူတာကြီးအပေါ်ထပ်ရှိ Hotel Marvel Grand Amarapura ခန်းမ၌ ကျင်းပခဲ့သည်။

အလှမယ်ရွေးချယ်ပွဲတွင် Myanmar Media Group ၏CEO ဦးဝဏ္ဏမှ ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး နောက်ဆုံးအဆင့်ဆန်ခါတင် အလှမယ် ၁၇ ဦးတို့က ယှဉ်ပြိုင်ကြရာ အနုပညာရှင်များက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အလှမယ်များအား အကဲဖြတ် အမှတ်ပေးကြပြီး Miss Universe Mandalay 2017 Winnerရွေးချယ်ရာ ခါးနံပါတ်(၁၃) မနိုးထက်ထက်နိုင်ကရရှိပြီး ဆုရရှိသူများအား ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီနှင့် စပွန်ဆာ ကုမ္ပဏီများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မူးခင်းကျဆင်းရေးအသိပညာပေးဟောပြော၍ ပညာပေးဓာတ်ပုံများပြသ

**ဝက်လက် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရဲတပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာနေပြည်သူများ အသိပညာတိုးပွားစေရေးအတွက် နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်ရှင်သန်ရေး ဟောပြောခြင်းနှင့် မူးခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲများကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက သရက်ကြီးကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အသိပညာပေးဟောပြောပွဲတွင် ဝက်လက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ငွေက သက်ငယ်မုဒိမ်းမှု ဖြစ်ပွားမှုမရှိရေး၊ မူးခင်းလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေး၊ လူကုန်ကူးမှု မူးခင်းများ မဖြစ်ပွားရေးတို့ကို အသိပညာပေးဟောပြောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က စာအုပ်စာပေ လေ့လာဖတ်ရှုရေး၊ စာဖတ်ခြင်း အကျိုးကျေးဇူးများ စာဖတ်ရှိန်မြှင့်တင့်ရေး၊ စာကြည့်တိုက်ရှင်သန်ရေး အသိပညာပေးဟောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာနမှ နိုင်ငံတော် အကြီးအကဲများ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ပညာပေး မှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ မူးခင်းပညာပေး မှတ်တမ်းဓာတ်ပုံများကို ပြသရာ ကျေးရွာပြည်သူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။

**နန်းမြင့်(ဝက်လက်)**

အနုပညာ

# စနုပ်ဒေါ့ဂ်ရဲ့ တေးဗီဒီယိုသစ် စတင်ထုတ်လွှင့်



ကျော်ကြားတဲ့ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ စနုပ်ဒေါ့ဂ်ရဲ့ တေးသီချင်းသစ် "Legend"ရဲ့ တေးဗွီဒီယိုကို လတ်တလောမှာ စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

ငါးမိနစ်နီးပါးကြာမြင့်တဲ့ အဆိုပါတေးဗီဒီယိုကို ဒိုင်လန်ဘရောင်းက တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကာ ယင်းဗီဒီယိုမှာ စနုပ်ဒေါ့ဂ်ကိုယ်တိုင် အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါတေးသီချင်းဟာ သူ့ရဲ့ စတုတ္ထမြောက် စတူရီယိုတေးအယ်လ်ဘမ် "Coolaid"မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် အဆိုပါတေးဗီဒီယိုဟာ လာမယ့်လအတွင်း စတင်ထုတ်လွှင့်သွားမယ့် စနုပ်ဒေါ့ဂ်အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားတဲ့ရုပ်ရှင် "'COOLAID: The Movie"ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အဆိုပါရုပ်ရှင်ဟာ ရက်ပ်ကြယ်ပွင့်ရဲ့ ဘဝဇာတ်ကြောင်းအပေါ်အခြေခံကာ ပုံဖော်ရိုက်ကူးထားတဲ့ ရုပ်ရှင်တစ်ကားဖြစ်ကြောင်းလည်း သိရပါတယ်။

# ဂရမ်မီဆုပေးပွဲကို ဖွင့်လှစ်ပေးခဲ့တဲ့ အဒဲလ်



ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းမှာ ကျင်းပခဲ့တဲ့ ဟောလိဝုဒ်ရဲ့ နှစ်စဉ်ကျင်းပမြဲ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဂရမ်မီဆုပေးပွဲကြီးမှာတော့ ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အဒဲလ်က သူ့ရဲ့အကျော်ကြားဆုံးသော တေးသီချင်းတစ်ပုဒ်ကို သီဆိုကာ ယခုနှစ်ရဲ့ ဆုပေးပွဲကြီးကို ဖွင့်လှစ်ပေးခဲ့ကြောင်း ဖောက်ဇ်နယူးစ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၇ ခုနှစ် ဂရမ်မီဆုပေးပွဲညမှာတော့ အဒဲလ်ဟာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Hello"ကို သီဆိုကာ အဆိုပါဆုပေးပွဲကြီးရဲ့ ဖျော်ဖြေတင်ဆက်မှုတွေကို စတင်လိုက်တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်က ဂရမ်မီဆုပေးပွဲကြီးမှာ ဖျော်ဖြေတင်ဆက်နေစဉ် အသံပြဿနာတက်ခဲ့ရတဲ့အတွက် ဖျော်ဖြေမှုအပြီးမှာ မျက်ရည်တွေနဲ့ ပရိသတ်ကို နှုတ်ဆက်ခဲ့ရတဲ့ အဒဲလ်ဟာ ယခုနှစ်ရဲ့ ဖျော်ဖြေတင်ဆက်မှုကိုတော့ အဆင်ပြေချောမွေ့စွာ အဆုံးသတ်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ယခုနှစ်ဆုပေးပွဲကြီးမှာတော့ အသက်(၂၈)နှစ်အရွယ် ဂီတကြယ်ပွင့် အဒဲလ်က သူ့ရဲ့ဘယ်ဘက်လက်သန်းကြွယ်မှာ စေ့စပ်လက်စွပ်အသစ်ဝတ်ဆင်လာခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းမှာ အဒဲလ်ဟာ သူနဲ့နှစ်အတော်ကြာလက်တွဲလာခဲ့တဲ့ ချစ်သူ ဆိုင်မွန်ကိုနက်ကီနဲ့ လက်ထပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပေမယ့် လတ်တလောအထိတော့ တရားဝင်အဖြစ် တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပါဘူး။ အဒဲလ်နဲ့ ဆိုင်မွန်ကိုနက်ကီတို့မှာ သားလေးတစ်ဦးရရှိခဲ့ပြီဖြစ်ကာ လတ်တလောမှာတော့ သူတို့နှစ်ဦးရဲ့ ရင်သွေးလေး အန်ဂျလိုဟာ အသက် လေးနှစ်အရွယ်ရှိပြီဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲကြီးမှာတော့ အဒဲလ်က အခြားသောပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ဘီယွန်းစေးနဲ့ ဂျက်စတင်ဘီဘာတို့ကို ကျော်ဖြတ်ကာ တစ်နှစ်တာအတွက် အကောင်းဆုံးတေးသီချင်းဆုကို "Hello"တေးသီချင်းနဲ့ ဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်ရဲ့ ဒုတိယမြောက်ဂရမ်မီဆုအဖြစ် အကောင်းဆုံးပေါ့ပ်တစ်ကိုယ်တော်ဖျော်ဖြေတင်ဆက်မှုဆုနဲ့ "25" တေးအယ်လ်ဘမ်အတွက် အကောင်းဆုံးပေါ့ပ်တေးအယ်လ်ဘမ်ဆုတို့ကိုလည်း သိမ်းပိုက်နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

❖

# ဘီယွန်းစေးရဲ့ ဂရမ်မီ ဖျော်ဖြေတင်ဆက်မှု





လတ်တလောမှာ အမွှာရင်သွေးလေးနှစ်ဦးကို လွယ်ထားရတဲ့ ဘီယွန်းစေးဟာ ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲညမှာ ပါဝင်ဖျော်ဖြေခဲ့ပြီး သူ့ရဲ့ထူးခြားတဲ့ ဖျော်ဖြေတင်ဆက်မှုတွေဟာ သူ့ရဲ့ရင်သွေးလေးတွေနဲ့ ပတ်သက်တဲ့အကြောင်းနဲ့ သူ့ရဲ့မိခင်ဘဝကို ပုံဖော်ထားတဲ့ ဖျော်ဖြေတင်ဆက်မှုတွေဖြစ်ခဲ့ကြောင်း စီအန်အန်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ညပိုင်းမှာ ကျင်းပခဲ့တဲ့ ယခုနှစ်ရဲ့ (၅၉)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကြီးမှာ ပေါ့ပ်ကြယ်ပွင့် ဘီယွန်းစေးဟာ ဖျော်ဖြေတင်ဆက်မယ့်သူတွေစာရင်းကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့ချိန်မှာ ပါဝင်ခဲ့ခြင်းမရှိဘဲ ဆုပေးပွဲညမှာ ပရိသတ်တွေကို အံ့အားသင့်စေခဲ့တာ ဖြစ်ပါတယ်။ အဆိုပါဆုပေးပွဲညမှာတော့ ဘီယွန်းစေးက သူ့ရဲ့ကျော်ကြားတဲ့တေးသီချင်းနှစ်ပုဒ်နဲ့ သီဆိုဖျော်ဖြေခဲ့တာ ဖြစ်ပါတယ်။

ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ ဆုပေါင်း ကိုးဆုအတွက် အမည်စာရင်းတင်သွင်းခြင်းခံထားရတဲ့ ဘီယွန်းစေးဟာ သူ့ရဲ့တေးသီချင်း "Formation" တေးဗီဒီယိုအတွက် အကောင်းဆုံးတေးဗီဒီယိုဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ဘီယွန်းစေးနဲ့အတူ သူ့ရဲ့မိသားစုဝင်တွေဖြစ်ကြတဲ့ ခင်ပွန်းဖြစ်သူ ဂျေဇီနဲ့ သမီးဖြစ်သူ ဘလူးအိုင်ဗွီတို့လည်း အတူတက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။

# ကိတ်အာဘန်ရဲ့ ဂရမ်မီအကြို တေးဗီဒီယိုသစ် စတင်ထုတ်လွှင့်

ကန်းထရီးတေးသံရှင်တစ်ဦးဖြစ်တဲ့ ကိတ်အာဘန်ရဲ့ တေးဗီဒီယိုသစ်တစ်ခုကို ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲအကြိုအဖြစ် စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

"The Fighter"အမည်ရတဲ့ အဆိုပါတေးသီချင်းကို ကိတ်အာဘန်နဲ့အတူ နာမည်ကျော် ကန်းထရီးတေးသံရှင်တစ်ဦးဖြစ်တဲ့ ကာရီးအန်ဒါဝတ်ဒ်က စုံတွဲသီဆိုပေးထားတာဖြစ်ပြီး ယင်းတေးသီချင်းကို ဖေဖော်ဝါရီ ၁၂ ရက်မှာ ကျင်းပမယ့် ဂရမ်မီဆုပေးပွဲကြီးမှာ ပါဝင်ဖျော်ဖြေဖို့ စီစဉ်ထားခဲ့တဲ့ ကိတ်အာဘန်က သူ့ရဲ့ ဂရမ်မီဖျော်ဖြေမှုမတိုင်မီ နာရီအနည်းငယ်စောကာ အဆိုပါတေးသီချင်းကို အွန်လိုင်းမီဒီယာတွေကနေတစ်ဆင့် စတင်ထုတ်လွှင့်ပေးခဲ့တာလည်း ဖြစ်ပါတယ်။

အဆိုပါတေးဗီဒီယိုမှာ ကာရီးအန်ဒါဝတ်ဒ်ကို ညဘက်လမ်းမတွေပေါ်မှာ တစ်ကိုယ်တည်းလျှောက်သွားရင်း စိတ်ရှိတိုင်း လွတ်လွတ်လပ်လပ်ကနေတဲ့ မိန်းကလေးတစ်ဦးအဖြစ် တွေ့မြင်ခဲ့ကြရပြီး ကိတ်အာဘန်ကတော့ ဂစ်တာတီးကာ ဖြေဖျော်ခဲ့တာကို တွေ့မြင်ခဲ့ကြရပါတယ်။

ယခုနှစ်ဂရမ်မီဆုပေးပွဲကြီးမှာ ကိတ်အာဘန်က သူ့ရဲ့ ကန်းထရီးတေးအယ်လ်ဘမ်"Ripcord"နဲ့ တစ်နှစ်တာရဲ့ အကောင်းဆုံးကန်းထရီးတေးအယ်လ်ဘမ်ဆုအတွက် လျာထားခံထားရကာ ကာရီးအန်ဒါဝတ်ဒ်ကတော့ အကောင်းဆုံးကန်းထရီးတစ်ကိုယ်တော် ဖျော်ဖြေတင်ဆက်မှုဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတာဖြစ်ကြောင်းလည်း သိရပါတယ်။



# ဂျီယောင်း၏ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ထုတ်လွှင့်မည့်ရက် ရွှေ့ဆိုင်း



တောင်ကိုရီးယားရဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "T-ara"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီယောင်းဟာ လာမယ့်မတ်လအတွင်း ထုတ်လွှင့်သွားဖို့ ရည်ရွယ်ထားတဲ့ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို သတ်မှတ်ထားတဲ့ အချိန်မှာ ထုတ်လွှင့်နိုင်ခြင်းမရှိဘဲ ရွှေ့ဆိုင်းလိုက်ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးသံရှင်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ ကျော်ကြားလာခဲ့တဲ့ ဂျီယောင်းဟာ အဖွဲ့လိုက်လှုပ်ရှားမှုတွေကနေ တစ်ကိုယ်တော်တေးသံရှင်အဖြစ် စတင်လာခဲ့ပြီး လွန်ခဲ့တဲ့ သုံးနှစ်အတွင်း ပထမဆုံးအကြိမ်ထုတ်လွှင့်မယ့် သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ယခင်စီစဉ်ထားခဲ့တဲ့ ထုတ်လွှင့်မည့်ရက်မှ ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၃ ရက် မှာ သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီကတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ယခုလို ထုတ်လွှင့်မယ့်ရက်ရွှေ့ဆိုင်းလိုက်ရတာနဲ့ပတ်သက်ပြီး ဂျီယောင်းရဲ့အေဂျင်စီက လတ်တလောမှာဖြစ်ပျက်ခဲ့တဲ့ "T-ara"အဖွဲ့ဝင်တွေရဲ့ လူမှုရေးပြဿနာကြောင့်ဖြစ်ကြောင်း ဆိုပါတယ်။ လူမှုကွန်ရက်မီဒီယာအပေါ်က မှတ်ချက်တွေကနေတစ်ဆင့် အငြင်းအခုန်တွေဖြစ်ခဲ့ကြတဲ့ "T-ara"ရဲ့ အခြားသောအဖွဲ့ဝင် ဟွာယောင်းနဲ့ ဟိုယောင်းတို့ရဲ့ ကိစ္စအပေါ် အာရုံစိုက်နေခဲ့ရပြီး ဂျီယောင်းရဲ့ တေးအယ်လ်ဘမ်သစ်ရောင်းအားတက်ဖို့အတွက်လည်း အဆိုပါပြဿနာကို အသုံးချသလိုဖြစ်သွားမှာကို စိုးရိမ်တဲ့အတွက် ယခုလို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း အေဂျင်စီက ပြောကြားခဲ့ပါတယ်။ ဒါ့ကြောင့် အဆိုပါပြဿနာရပ်တွေ ပြန်လည်တည်ငြိမ်သွားတဲ့အချိန်မှ တေးအယ်လ်ဘမ်ကို ထုတ်လွှင့်သွားရန်စီစဉ်ထားကြောင်းနဲ့ ဂျီယောင်းရဲ့ တေးအယ်လ်ဘမ်ရောင်းအားတက်ဖို့အတွက်လည်း ဂျီယောင်းရဲ့ တေးသီချင်းတွေနဲ့ ဂျီယောင်းကိုယ်တိုင်ကသာ စွမ်းဆောင်သွားစေမှာဖြစ်ကြောင်းလည်း အေဂျင်စီက ဖွင့်ဟခဲ့ကြောင်း သိရပါတယ်။

❑

အောင်ပြည့် - စုစည်းသည်

ပြည်သူ့သဘောထားစင်မြင့်

wkdyfnf Ekdkd;! pDm;a&;! vl&;ponfwdkYonf ½kxmifpkoabmxm; t|ripfwdktrm;ynfobWifay;Edkef þu@ukvifrf Scifzpf pwdy0ifpm;olrnfol;qkd y0iaf&;om;&efzwkcyonfoluomfurfwrfyifxefom t , ltq! ta&;t om;ulowifpm\ rD! 't& azmfay;Edknfnfr [wfuumif;ESifpu@wify&ODrfwlnfoufqkdm aqmifyf;&Sd tmabmfomzpfyonf

(pmwnftzJU)

# ၂၀၁၆ အခွန်အကောက်ဥပဒေနှင့် ဥပဒေစိုးမိုးမှု

à မေဖြိုးခင်

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက်တွင် ပထမနေ့အဖြစ် ပြန်လည်ကျင်းပခဲ့ပြီး လွှတ်တော်ပြန်လည်ကျင်းပနေချိန်အတွင်း အမျိုးသားစီမံကိန်းဥပဒေ ၂၀၁၇-၂၀၁၈၊ ရသုံးငွေစာရင်း(ဘတ်ဂျက်)၂၀၁၇ နှင့် ပြည်ထောင်စုအခွန်အကောက်ဥပဒေ ၂၀၁၇ ကို ဆွေးနွေးမည်ဖြစ်ကြောင်းဂလို ဘယ်လ်နယူးလိုက်အော့ဖ်မြန်မာ (The Global New Light of Myanmar)ကဖော်ပြထားသည်ကိုတွေ့ရှိဖတ်ရှုရပါသည်။

လက်ရှိသုံးစွဲနေပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် အခွန်အကောက်ဥပဒေနှင့်ပတ်သက်ပြီး မည်၍မည်မျှ လုပ်ဆောင်ခဲ့သည်ကို ပြန်လည်သုံးသပ်ရမည်ဆိုလျှင် အဆိုပါဥပဒေအရ အထူးကုန်စည်များဖြစ်သော စီးကရက်များအတွက် ရောင်းဈေးပေါ်မူတည်၍ ဈေးနှုန်းအလိုက် အခွန်အမျိုးမျိုးကောက်ခံရန်သတ်မှတ်ခဲ့ပြီး အခြားသောဆေးရွက်ကြီးထုတ်ကုန်များဖြစ်သည့် ဆေးရွက်ကြီး၊ ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံသောက်ဆေးများ၊ ကွမ်းစားဆေးအမျိုးမျိုးတို့အတွက်လည်း အခွန်များကောက်ခံရန် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ထို့ကြောင့်လည်း ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချနေသောစီးကရက်ကုမ္ပဏီကြီးများအနေဖြင့် သတ်မှတ်ထားသည့် အခွန်တံဆိပ်ခေါင်းများကို ၎င်းတို့၏ထုတ်ကုန် စီးကရက်ထုပ်များတွင် ထည့်သွင်းရောင်းချ ဖြန့်ချိလာသည်ကိုတွေ့ရသော်လည်း ပြည်တွင်းထုတ်အခြားဆေးပေါ့လိပ်ထုပ်များနှင့် ကွမ်းစားဆေးများတွင် အခွန်တံဆိပ်ခေါင်းများကပ်နှိပ်ထုတ်ပိုးခြင်းကို မတွေ့ရှိရချေ။ ထို့အပြင် အခွန်တံဆိပ်ခေါင်းမပါရှိသည့် ပြည်ပမှ တရားမဝင်တင်သွင်းလာသည့် စီးကရက်ဘူးအချို့နှင့် ကွမ်းစားဆေးများကိုလည်း ဈေးကွက်အတွင်းတွေ့ရှိနေရဆဲ၊ ရောင်းဝယ်ဖောက်ကားနေကြဆဲ ဖြစ်သည်။

ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်အခွန်ထမ်းများ စာရင်းတွင် ပြည်တွင်း၌ ထုတ်လုပ်နေသော စီးကရက်ကုမ္ပဏီကြီးများဖြစ်သည့် Virginia Tobacco Co., Ltd. က နံပါတ် ၃ နေရာတွင် လည်းကောင်း၊ British American Tobacco Myanmar Ltd. က နံပါတ် ၄ နေရာတွင် လည်းကောင်း၊ Myanmar Japan Tobacco Co., Ltd. က နံပါတ် ၁၃ နေရာတွင်လည်းကောင်းပါဝင်နေပြီး ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်သည့် ပြည်တွင်းလုပ်ငန်းရှင် အခွန်ထမ်းများစာရင်းတွင် ပြည်တွင်း၌ ထုတ်လုပ်နေသောစီးကရက်ကုမ္ပဏီကြီးများဖြစ်သည့် MMK Tobacco Company က နံပါတ် ၇၉ နေရာတွင်လည်းကောင်း၊ Myawaddy Trading Ltd., က နံပါတ် ၂၇၉ နေရာတွင် လည်းကောင်း ပါဝင်လာသည်ကိုတွေ့ရသည်။

ထို့ကြောင့် အခွန်နှုန်းများတိုးမြှင့်ကောက်ခံထားပြီးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် ကွမ်းစားဆေးများအပါအဝင် အခြားသော ဆေးရွက်ကြီးထုတ်ကုန်များအားလုံး၏ အခွန်ပေးဆောင်မှုများကို ဈေးကွက်အတွင်းရှိ လက်ရှိအခြေအနေများဖြင့် လေ့လာတိုက်ဆိုင်သုံးသပ်ပြီး အခွန်တံဆိပ်ခေါင်းများ စနစ်တကျ ကပ်နှိပ်ပေးဆောင်ခြင်းရှိ၊ မရှိကို စိစစ်ထိန်းကျောင်းသင့်ပြီဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် အထူးကုန်စည်ခွန် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်မှာ တစ်နှစ်တာကာလအတွင်းသို့ ဝင်ရောက်လာပြီဖြစ်သောကြောင့် အခွန်အပြည့်အဝပေးဆောင်၍သာ ဖြန့်ဖြူးရောင်းချခြင်းကို သေချာစွာစိစစ်ကြပ်မတ် ထိန်းကျောင်းသင့်ပြီ ဖြစ်သည်။ အခွန်အကောက်ဥပဒေတစ်ရပ်ပြဋ္ဌာန်းထားရှိပြီးလျှင် ထိုအခွန်အကောက်ဥပဒေ၏ တရားရေးရာ စိုးမိုးမှုမှာအလွန်ပင်အရေးပါလှပါသည်။ ထုတ်ပြန်ထားသည့် အခွန်ဥပဒေအား လိုက်နာမှုမရှိသည့်သူများကိုလည်း စုံစမ်းဖော်ထုတ် အရေးယူခြင်း၊ ထိန်းချုပ်ကြီးကြပ်ခြင်း စသည့်ဥပဒေစိုးမိုးရေးဆောင်ရွက်မှုများကို လုပ်ဆောင်ရတော့မည်ဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လမ်းညွှန်ခဲ့သည့်အတိုင်း ယနေ့တည်ဆောက်နေသော အခွန်ယဉ်ကျေးမှုတစ်ရပ် အောင်မြင်စွာ ဖြစ်ထွန်းလာစေရန်မှာ အခွန်ထမ်းများအနေဖြင့်လည်း သက်ဆိုင်ရာအခွန်များကို စနစ်တကျ အများနည်းတူ တစ်ပြေးညီ လုပ်ဆောင်သင့်သကဲ့သို့ အခွန်ကောက်ခံသူများဘက်ကလည်း သတ်မှတ်ထားသော အခွန်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းရှိ၊ မရှိ စုံစမ်းဖော်ထုတ်ပြီးအသိပေး၊ အရေးယူခြင်းများလုပ်ဆောင်ခြင်းဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်သော မှန်ကန်သည့်အခွန်စနစ်တစ်ခုလိုအပ်လှသည်။

ထို့ကြောင့်အခွန်ဆောင်မှုအောက်မှ လွတ်မြောက်နေသောတရားမဝင်ဆေးလိပ်၊ အချို့သောဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် အခြားဆေးရွက်ကြီးထွက်ကုန်များကို ဖိဖိစီးစီးမည်ကဲ့သို့ အရေးယူမည်၊ မည်သည့်အချိန်တွင် အရေးယူမည်ကို စနစ်တကျ အများပြည်သူသိရှိအောင်ဆောင်ရွက်ပြီး တည်ဆဲပြဋ္ဌာန်းထားပြီးသည့် ဥပဒေများအတိုင်းအရေးယူခြင်းများကို စီစဉ်ဆောင်ရွက် ထိန်းကျောင်းလုပ်ဆောင်သင့်ပေသည်။

ထို့အပြင် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ အခြားဆေးရွက်ကြီးထွက် ပစ္စည်းများသည် မည်သည့်အတွက်ကြောင့် အခွန်ပေးဆောင်ခြင်း ခေါင်းစဉ်အောက်မှ လွတ်မြောက်နေသည်ကို လေ့လာအဖြေရှာသင့်သည်။ ထိုအကြောင်းအရာများကို လာမည့် အခွန်အကောက်ဥပဒေတွင် ထည့်သွင်းစဉ်းစားပြီး ပြင်ဆင်မှုများတွင် လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်သင့်ပေသည်။ သို့မှသာ ပြည်သူ့ကျန်းမာရေးအတွက် ရည်ရွယ်ချက်တစ်ခုဖြစ်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ကုန်များ သုံးစွဲမှုကိုထိန်းကျောင်းနိုင်မည်ဖြစ်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသုံးစွဲမှု ထိန်းချုပ်ရေးအတွက် အခွန်များအားတိုးမြှင့်ကောက်ခံခဲ့ပြီးဖြစ်သည့်အတွက် မည်၍မည်မျှ တိုးမြှင့်ရရှိကြောင်းကိုလည်း သတင်းတိကျစွာထုတ်ပြန်ခြင်း၊ ပိုမိုရရှိလာသောအခွန်များကို မည့်သည့်နေရာများတွင် သုံးစွဲနေသည်ဆိုသည်ကိုလည်း အတိအကျ ပွင့်လင်းမြင်သာစွာ ဖော်ထုတ်သင့်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

# စာမေးပွဲနဲ့မိဘ-ဆရာ-ကျောင်းသားတို့ရဲ့အခန်းကဏ္ဍ

à ခင်မောင်ဌေး(ပညာရေး)

ပညာရေးမိတ်ဆွေ ကိုမြဟန် (မင်းထက်ကျော် ဘာသာရပ်သင်နည်းပြ) နဲ့ မကြာခဏစကားပြောဖြစ်ပါတယ်။ ပညာရေးဝန်ထမ်းဟောင်းတွေဖြစ်ကြလို့ ပညာရေးအကြောင်းပြောရတာ အတော်လေး စီးစီးပိုင်ပိုင်ရှိလှပါတယ်။ အခုလည်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ရင်းပြောဖြစ်ကြပြန်ပါတယ်။ ဒီတစ်ခါတော့ တက္ကသိုလ်ဝင်တန်းဖြေမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဆောင်ရန် ရှောင်ရန်လို့ပဲပြောရမလား။ အသိပေးချင်တာပဲပြောရမလားပဲ။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ကတော့ တက္ကသိုလ်ဝင်ခွင့်ဟာ အမှတ်နဲ့ပဲဆုံးဖြတ်ဦးမှာဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေမှာ အမှတ်နဲ့ရွေးချယ်တဲ့ စနစ်ကိုဖျက်သိမ်းထားပေမယ့် မကျင့်သုံးနိုင်သေးပါဘူး။ စာမေးပွဲစနစ် (Exam) အစား Assessment System ကိုစသုံးမှာက ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပထမတန်းမှ စတင်နိုင်မှာဖြစ်ပါတယ်။ အဲဒီစနစ်ဟာ ပထမတန်းကနေ န၀မတန်းအထိကျင့်သုံးမယ်လို့ အခြေခံပညာက ထုတ်ဖော်ပြောဆိုထားတာကို တွေ့ရပါတယ်။

ဒီတော့ ဒီနှစ်တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူတွေအနေနဲ့က အမှတ်ကောင်းဖို့၊ ဂုဏ်ထူးများများရဖို့ လိုအပ်နေဆဲပါ။ ဒါကြောင့်လည်း နေ့မအား ညမနား တစာစာကျက်နေကြရဆဲပါ။ စာမေးပွဲဖြေဆိုဖို့ အချိန်နီးကပ်လာတာနဲ့အမျှ အပြင်းအထန်ကြိုးစားနေရဆဲပါ။ စာမေးပွဲဖြေဆိုဖို့ အချိန်နီးကပ်လာတာနဲ့အမျှ အပြင်းအထန် ကြိုးစားလာတာလည်း တွေ့ရပါတယ်။ ဆရာ ဆရာမတွေကလည်းဖိ၊ မိဘတွေကလည်းဖိနဲ့ စာမေးပွဲဖြေချိန်မှာ မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ မတွေ့ကြုံစေလိုပါဘူး။ ဒါ့ကြောင့်လည်း ကြိုတင်ပြင်ဆင်အောင်ပွဲဝင်နိုင်ဖို့ လိုက်နာဆောင်ရွက်သင့်တာလေးတွေ ဝေမျှသွားမှာပါ။

ကိုမြဟန်ပြောတဲ့ ပထမဆုံးအချက်က စာကြိုးစားနေကြတဲ့ တပည့်အားလုံး စိတ်ကျန်းမာရေး ဂရုစိုက်ကြဖို့ပါပဲ။ ဆိုလိုတာကတော့ စိတ်ကိုတည်တည်ငြိမ်ငြိမ်နဲ့ ထိန်းသိမ်းနိုင်ဖို့ပါ။ ဒါ့ဘာ့ကြောင့်ပြောရသလဲဆိုရင် စာရတိုင်း စာကျက်တိုင်း စာမေးပွဲခန်းထဲမှာ ကောင်းကောင်းဖြေနိုင်မယ်ဆိုတာ ရာနှုန်းပြည့် မမှန်နိုင်တဲ့ သဘောကိုပြဆိုနေပါတယ်။

**၁။ မိဘတွေရဲ့ဖိအား**

စာမေးပွဲနီးလာတာနဲ့ မိဘတွေရဲ့ဖိအားက ပိုလာပါတယ်။ အရင်ကခပ်ပေါ့ပေါ့နေခဲ့တဲ့မိဘလည်း မနေသာတော့ပါဘူး။ အဲဒီဖိအားဟာ ကျောင်းသား ကျောင်းသူတွေအတွက် အလွန်အကျူး မဖြစ်စေသင့်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ တချို့မိဘတွေဟာ အစောပိုင်းက လွှတ်ထားပြီး စာမေးပွဲနီးမှ နေ့မအား ညမနားစာကျက်ဖို့ ဖိပါတော့တယ်။ အဲဒီမှာ ကျောင်းသား ကျောင်းသူတစ်ဦးချင်းရဲ့ ကိုယ်ပိုင်အချိန်တွေ ဆုံးရှုံးကုန်ပါတယ်။ အချိန်တိုင်းစာကျက်ရင် ရမယ်ထင်နေကြပါတယ်။

**၂။ ကျောင်းသား ကျောင်းသူတွေရဲ့ ကြိုးစားအား**

ကျောင်းသား ကျောင်းသူတိုင်းမှာ သူ့ရဲ့စိတ်ဝင်စားမှုကြိုးစားမှုအားဟာ အကန့်အသတ်မဲ့မဟုတ်ပါဘူး လွန်သွားရင် လျှံသွားတတ်ပါတယ်။ တချို့ကလေးတွေဟာ မိဘကိုကြောက်ရပါတယ်။ မလွန်ဆန်နိုင်ပါဘူး။ ဒါ့ကြောင့်တစ်နေကုန်နားချိန်မရှိ ညလည်း ၁၁ နာရီလောက်အထိ Guide တွေနဲ့ နပမ်းလုံးနေရပေမယ့် မပြောရဲကြရှာပါဘူး။ အဲဒီကလေးရဲ့ခေါင်းထဲကို စာတွေအကုန်ရောက် မရောက် ဘယ်လိုမှတွက်လို့မရပါဘူး။

**၃။ ဆရာတွေရဲ့ တွန်းအား**

စာမေးပွဲနီးတာနဲ့အမျှ ဆရာ ဆရာမတွေရဲ့တွန်းအားကလည်း လျော့မသွားပါဘူး။ တချို့ဉာဏ်ရည်နိမ့်လို့ သင်ခန်းစာမပြီးနိုင်သေးရင်လည်း တွန်းပြီးသင်ပါတယ်။ တစ်ချက်က ဘာလဲဆိုရင် သင်ခန်းစာမပြီးလို့မဖြစ်လို့ပါ။ တချို့ဉာဏ်ရည်နိမ့်ပါးသူတွေကတော့ သင်ခန်းစာတွေကို ကျော်သင်တာရှိပါတယ်။ သူသင်တဲ့တပည့်ဟာ ဂုဏ်ထူးရဖို့မဟုတ်ဘူး အောင်ဖို့ရည်ရွယ်ပြီး သင်ကြရသူတွေလည်းရှိနေတာကိုး။ ဘာပဲပြောပြော စာမေးပွဲနီးမှ တွန်းပြီးသင်နေတာကလည်း စာကြေဖို့တော့ခက်ခဲလှပါတယ်။

တကယ်တော့ စာသင်နှစ်တစ်နှစ်မှာ ကျောင်းဖွင့်တဲ့လဟာ ကိုးလလောက်ပဲရှိပါတယ်။ ပိတ်ရက်ကိုနုတ်ရင် ရက်ပေါင်းနှစ်ရာနီးနီးလောက်ပဲရှိပါတယ်။ အဲဒီရတဲ့ စာသင်ရက်တွေမှာ လပိုင်းပိုင်းထားတဲ့သင်ခန်းစာတွေကို ပြီးအောင်သင်ရမယ်၊ တတ်အောင်သင်ရမယ်။ နားလည်အောင်သင်ပေးရမှာပါ။ ကျောင်းသား ကျောင်းသူတွေဘက်ကလည်း လစဉ်သင်ပြီးသမျှတွေကို မှန်မှန်ကလေးကြိုးစားရမယ်၊ ရအောင်လုပ်ရမယ်။ ဒါမှသာ စာမေးပွဲနီးတဲ့အခါ သင်ကြားရေးထက် ပြန်လှန်လေ့ကျင့်ရေးက (ပြန်လှန်သင်ကြားခြင်း) က ထိရောက်မှာဖြစ်ပါတယ်။

ဥပမာတစ်ခုပြောပါမယ်။ အင်္ဂလိပ်စာဘာသာရပ်မှာ စာစီစာကုံး (Essay) နဲ့ ပေးစာ (Letter) ဆိုတာရှိပါတယ်။ အဲဒီသင်ခန်းစာတွေဟာ နှစ်စကတည်းက တစ်ပတ်ကို တစ်ပုဒ် (ဝါ) နှစ်ပုဒ်လောက် မှန်မှန်လေးလေ့ကျင့်ရေးသားခဲ့မယ်ဆိုရင် အဆင်ပြေတာပေါ့။ အခုတော စာမေးပွဲဖြေကာနီးမှ အဲဒီစာစီစာကုံးတွေ၊ ပေးစာတွေကို အသေအလဲကျက်ဖြေတာမို့ စာတွေမေ့ကျန်ခဲ့တယ်။ ရောကုန်တယ်ဆိုရင် စာစီစာကုံးကောင်းတစ်ပုဒ်၊ ပေးစာကောင်းတစ်ပုဒ် မဖြစ်နိုင်တော့ပါဘူး။

**၄။ စာကို ဘယ်လိုကျက်မှတ်မလဲ**

အထက်ကပြောခဲ့သလိုပါပဲ။ စာကိုတစ်နှစ်လုံးမှန်မှန်ကြိုးစားဖို့လိုပါတယ်။ အဲဒီလိုစာတွေကြိုးစားဖို့အလိုအပ်ဆုံးက စိတ်ဝင်စားမှုပါပဲ။ စာထဲမှာစိတ်မဝင်စားလို့မရပါဘူး။ ဆိုလိုတာက စိတ်မဝင်စားရင် စာတွေ ဘယ်လောက်ကျက်ကျက်မှတ်မှတ် စိတ်ထဲကိုရောက်မလာပါဘူး။ လေထဲမှာပဲ ပျောက်သွားတတ်ပါတယ်။ စာမလိုက်နိုင်ဘူး။ ဘယ်ဘာသာမှာ အားနည်းတယ်ဆိုတာ အဲဒီစာမှာ စိတ်ဝင်စားမှုနည်းလို့ပါပဲ။ စိတ်ဝင်စားမှုနည်းရတဲ့ တရားခံဟာ အဲဒီဘာသာရပ်ကို နားမလည်တာများလို့ပါပဲ။ ဒါ့ကြောင့်နားမလည်တဲ့အရာကိုမေးပါ။ ထပ်ခါထပ်ခါလေ့ကျင့်ပါ။ (အင်္ဂလိပ်စာအလွန်အားနည်းတဲ့ ဦးမြကြိုင်ဟာ အကြိမ်ကြိမ်အခါခါကြိုးစားလို့ ဆရာဦးမြကြိုင် (အင်္ဂလိပ်စာ) လို့ နာမည်ကြီးလာပါသတဲ့စကားချပ်)

**၅။ စိတ်ကျန်းမာရေးမြှင့်တင်ပါ**

ဘယ်လိုပြိုင်ပွဲမျိုးပဲဖြစ်ဖြစ် ပြိုင်ပွဲဝင်တစ်ဦးဟာ ကျန်းမာကြံ့ခိုင်ဖို့လိုပါတယ်။ ကျန်းမာကြံ့ခိုင်ဖို့ဆိုတာ ရုပ်ချည်းလည်းမရ စိတ်ချည်းလည်းမရပါဘူး။ ရုပ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်ကြရပါမယ်။ ခုခေတ်ကျောင်းသား ကျောင်းသူလေးတွေကိုကြည့်လိုက်ရင် မြင်သာတဲ့ရုပ်ခန္ဓာဖွံ့ဖြိုးမှုကတော့ အလွန်အားနည်းလှပါတယ်။ ကလေးတွေဟာ အမှတ်ကောင်းဖို့ ဂုဏ်ထူးရဖို့ပဲ လုံးပန်းနေရလို့ တစ်ကိုယ်ရေ ကျန်းမာမှု၊ စိတ်ဓာတ်မြင့်မားရေးဆိုတာတွေဟာ လေ့ကျင့်ယူရကောင်းမှန်းတောင် မသိကြတော့ပါဘူး။ ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျူရှင်ကြားမှာ အချိန်ကုန်ရင်း အအိပ်မမှန် အစားမမှန်လို့ ပိန်လှီသေးကွေးနေတာက မျက်မြင်အတိုင်းပါပဲ။ စာမေးပွဲဖြေကြမယ့်ကလေးတိုင်းဟာ ဖိအားအမျိုးမျိုးပေးခြင်း ခံနေကြရပါတယ်။ ဖော်ပြခဲ့သလို ကိုယ်ပိုင်လွတ်လပ်ခွင့်အချိန်တွေလည်း သိမ်းပိုက်ခံနေကြရပါတယ်။ လိုအပ်တဲ့အချိန်ထက်ပိုပြီး စာကြည့်ချိန်တွေများလာတဲ့အခါ စိတ်ဓာတ်ရေးရာပိုင်းကျဆင်းမှုတွေရှိလာတာကို တွေ့ရပါတယ်။ ဒါကိုမိဘတွေရော ဆရာ ဆရာမတွေကပါ ရိပ်စားမိကြဖို့လိုပါတယ်။ ဉာဏ်ရည်ထက်မြက်သူကို တွန်းတင်သလောက် ရနိုင်ပေမယ့် ဉာဏ်ရည်နိမ့်ပါးသူအဖို့ ဆေးအတွက်ကြောင့် ပိုလေးသွားနိုင်ပါတယ်။ ဆိုးတာက ကလေးကိုယ်တိုင် စာမကြည့်ချင်တော့ဘဲ စိတ်လေသွားမှာစိုးရပါတယ်။ စိတ်တည်ငြိမ်မှုရှိဖို့ အရေးကြီးတာမို့ စိတ်ပျက်စေမယ့် ဖိအားမျိုးကိုရှောင်ရှားသင့်လှပါတယ်။ ဘယ်လောက်ပဲ စာတွေရနေပါစေ စိတ်တည်ငြိမ်မှုမရှိရင် ထင်တိုင်းမပေါက်နိုင်ဘူးဆိုတာ သိစေချင်ပါတယ်။ ဒါ့ကြောင့် အတန်းတင်စာမေးပွဲဖြေဆိုကြမယ့် တပည့်တွေနဲ့ ပတ်သက်လာရင် မိဘတွေကိုယ်တိုင် အလွန်အကျွံဖိအား မပေးမိပါစေနဲ့။ ကလေးတွေရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်အချိန်တွေကိုပေးပါ။ စာကိုမှန်မှန်ကြည့်ပြီး စားချိန်အိပ်ချိန်မှန်ပါစေ။ အချိန်နီးမှ မတန်တဆတွန်း၍သင်ကြားခြင်းမျိုးရှောင်ပါ။ တပည့်များအနေနဲ့ စိတ်တည်ငြိမ်ဖို့ကြိုးစားသွားပါ။ ကြည့်သမျှစာကိုစိတ်နှစ်ပြီး ဖတ်ပါ မှတ်ပါ။ မေးခွန်းကို စေ့စပ်စွာဖတ်ပြီး အပိုင်နိုင်ဆုံးကိုရွေးပါ။ ပြည့်စုံအောင်ဖြေပါ။ စနစ်ကျပါစေ၊ တိကျပါစေ၊ သေသပ်မှုရှိပါစေ။ မိမိကိုယ်မိမိယုံကြည်မှုအပြည့်ထားပြီး ဖြေဆိုမယ်ဆိုရင် အောင်မြင်မှုအသီးအပွင့်ကို မလွဲမသွေ ခံစားရမှာဖြစ်ပါကြောင်းနဲ့ တပည့်အားလုံးအောင်ပန်းဆင်နိုင်ကြပါစေ။



# (၁၅)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲများကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၃**
(၁၅)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်ပြပွဲ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊မန္တလေးဒုတိယမြို့တော်ဝန်ဦးရဲမွန်နှင့် စည်ပင်သာယာရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

အဆိုပါဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ဌာနဆိုင်ရာပညာပေးပြခန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များ၊ ပြိုင်ပွဲဝင်အမျိုးအစား ၇၄၁ မျိုးတို့ကို စိတ်ဝင်စားစွာ ခင်းကျင်းပြသထားပြီး ညပိုင်းတွင် မန္တလေးမြို့တော်စည်ပင်ခေတ်ပေါ်တေးဂီတအဖွဲ့၊ မြို့မအပျော်တမ်းတေးဂီတအဖွဲ့အပါအဝင် နာမည်ကျော်တေးဂီတအဖွဲ့များက ညစဉ် တေးဂီတများဖြင့် ဖျော်ဖြေကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## ကောလင်းမြို့နယ်တွင် လမ်းနှင့်တံတားများ အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်

**ကောလင်း ဖေဖော်ဝါရီ ၁၃**
ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနသည် ယာဉ်သွားလမ်းများတိုးချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ရေကျော်တံတားကျဉ်းများအား တိုးချဲ့ပြုပြင်ခြင်းများကို ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း တောင်မော်-ဝင်းကြီးလမ်းပိုင်း (ကောလင်းမြို့တွင်း)၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အုတ်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်တံတား ကမ်းကပ်ခုံပျက်စီးနေမှုအားပြုပြင်ခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ တောင်မော်-ကောလင်း-ဝင်းကြီးလမ်းပိုင်း မိုင်တိုင်အမှတ်(၅/၇)နှင့်(၆ /၅)အတွင်း ၆ ဖာလုံနှင့် မိုင်တိုင်အမှတ်(၈/၅)နှင့် (၉/၁)အတွင်း ၃ ဖာလုံ စုစုပေါင်း ( ၁ မိုင် ၁ဖာလုံ) မူလကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းကိုအကျယ် ၁၂ပေမှ ပေ ၂၀ အကျယ် ကတ္တရာထပ်ပိုးခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းရန်ပုံငွေကျပ် သန်း ၁၇၀ ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

တောင်မော်-ကောလင်း-ဝင်းကြီးလမ်း (ကောလင်းမြို့တွင်း ) တံတားအမှတ်(၅ /၇) အုတ်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်တံတားမှာ ကမ်းကပ်ခုံပျက်စီးနေသဖြင့် (၃၀ပေx၂၈ပေ ) (Spun Pipe) အုတ်မြစ်နှင့် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို အထူးပြင်ဆင်ထိန်းသိမ်းခြင်း (ဖြည့်စွက်) ရန်ပုံငွေကျပ်သန်း ၇၀ ဖြင့်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**စိုင်းလှုမင်း(မီဒီယာ)**

# ကြိမ်ထည်နှင့် ဗေဒါတို့ဖြင့် ပြုလုပ်သောပစ္စည်းများ နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေများရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**
မြန်မာနိုင်ငံတွင် စက်မှုလက်မှုထွန်းကားလာသည်နှင့်အမျှ မြန်မာ့လက်မှုပညာဖြင့် ထုတ်လုပ်မှုများလည်း လက်ရာတိုးတက်ကောင်းမွန်လာလျက်ရှိပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေများရရှိလျက်ရှိကြောင်းသိရသည်။

ယင်းလက်မှုပညာဖြင့် ကြိမ်ထည်၊ ဗေဒါတို့ဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသော သန်လျင်မြို့ အမှုထမ်းရပ်ကွက် စိုက်ပျိုးရေးလမ်း ခြံအမှတ် (၄၉)တွင် မြန်မာ့လက်မှုပညာဖြင့် ကြိမ်ထည်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ကြိမ်ထည်ပစ္စည်းများ ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သော ကြိမ်များကို ဧရာဝတီတိုင်းဒေသကြီးနှင့် ကြိမ်ထွက်ရှိရာ နယ်များသို့ သွားရောက်ဝယ်ယူ စုဆောင်းရပြီး အဆိုပါကြိမ်များကို အမျိုးသားများက သန့်စင်ပြီး ကြိမ်ဆိုဒ်အလိုက် ထုတ်လုပ်မည့် ကိုယ်ထည် (ဘော်ဒီ) များပြုလုပ်ရသည်။

ယင်းနောက် ရရှိသော ကိုယ်ထည်အကြမ်းများကို အမျိုးသမီးများက ကြိမ်ထိုးခြင်းများဆောင်ရွက်ကာ ဆေးသုတ်ပြီး ပစ္စည်းအမျိုးအစားအလိုက် ထုတ်ပိုးကာ ပြည်တွင်းနှင့် ပြည်ပသို့ တင်ပို့လျက်ရှိပြီး တစ်လလျှင် ကွန်တိန်နာ တစ်လုံး၊ တစ်နှစ်လျှင် ကွန်တိန်နာ ၁၂ လုံး တင်ပို့ရကြောင်းသိရသည်။

တင်ပို့သည့် နိုင်ငံများမှာ နယူးဇီလန်၊ ဩစတြေးလျ၊ ယူကေ နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ ယခုအခါ ကြိမ်ထည်ပစ္စည်းများအပြင် ဗေဒါဖြင့် ပြုလုပ်သော



လက်မှုပညာပစ္စည်းများအား ထုတ်လုပ်လျက်ရှိကြောင်း၊ အဆိုပါ ဗေဒါဖြင့်ပြုလုပ်၍ ထွက်ရှိလာသော လူသုံးကုန်ပရိဘောဂပစ္စည်းများကို ပြည်တွင်းနှင့် ပြည်ပများသို့ တင်ပို့လျက်ရှိသည်။

မြန်မာ့လက်မှုပညာများ တိုးတက်လာစေရန်နှင့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်ရေး ကြိမ်ထည်နှင့် ဗေဒါတို့ဖြင့် ပြုလုပ်သော မြန်မာ့လက်မှုပညာပစ္စည်းများ နိုင်ငံခြားဈေးကွက်သို့ ထိုးဖောက်နိုင်ရေးနှင့် ထုတ်လုပ်ရာတွင် နည်းပညာနှင့် လိုအပ်သည့် အကူအညီများအား နိုင်ငံတော်မှ ကူညီပံ့ပိုးပေးခြင်းဖြင့် မြန်မာ့လက်မှုပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြန်မာ့လက်မှုပညာ ကြိမ်ထည်ပစ္စည်းထုတ်လုပ်သူ ဦးသောင်းအေးက ပြောပြသည်။

**သက်နိုင် (သန်လျင်)**

# တောင်သူများအား စပါးမျိုးကောင်း မျိုးသန့်(ခေါင်နံ့)စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြ

**တာချီလိတ် ဖေဖော်ဝါရီ ၁၃**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ကျေးလက်နေတောင်သူများအား တောင်သူများကိုယ်တိုင် တစ်ပိုင်တစ်နိုင် စပါးမျိုးကောင်း၊ မျိုးသန့်စိုက်ပျိုးထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်၍ တောင်သူဖိတ်ခေါ်ကွင်း လက်တွေ့သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက မိုင်းကိုးကျေးရွာအုပ်စု ကော်မယ်လိတ်ကျေးရွာရှိ တောင်သူဦးအာဗေလ၏ လယ်မြေ၌ လက်တွေ့သရုပ်ပြခဲ့ကြောင်းသိရသည်။



သရုပ်ပြပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တာချီလိတ်ခရိုင်ဦးစီးမှူး ဦးလှဝင်းက လက်တွေ့သရုပ်ပြပွဲ ပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရွှေရင်အေးစပါးမျိုး (ခေါင်နံ့)ပျိုးဖြင့် တောင်သူများကိုယ်တိုင် တစ်ပိုင်တစ်နိုင်မျိုးသန့်စိုက်ပျိုးခြင်းနည်းပညာများကို ကွင်းဆင်းလက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ အကျိုးဆောင်တောင်သူများနှင့် ဒေသခံတောင်သူ ၁၀၀ ကျော်တက်ရောက်ခဲ့သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များနှင့် ဟင်းသီးဟင်းရွက် သီးနှံမျိုးစေ့များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## သမဝါယမချေးငွေဖြင့် အဆင့်မြင့်လယ်ယာမြေ ပြုပြင်မှုအား ကွင်းဆင်းစစ်ဆေး

**ဧရာဝတီ ဖေဖော်ဝါရီ ၁၃**
ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် သမဝါယမလယ်ယာမြေများ အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၈ ရက်က ဘိုကလေးမြို့ရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ ချေးငွေထုတ်ပေးမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ စစ်ဆေးခဲ့ကြောင်း သိရသည်။

အထူးအထွက်တိုးစပါး စိုက်ပျိုးနိုင်ရန် လယ်ယာမြေအတန်းအစားအလိုက် ခွဲခြားပြုပြင်ရန်အတွက် တစ်ဧက ငွေကျပ်နှစ်သိန်းမှ ကျပ် ၁၂ သိန်းအထိ သမအသင်းမှလယ်သမားများကို ထုတ်ချေးရေးလျာထားမှုအရ ဘိုကလေးမြို့နယ် အဏ္ဏဝါထွန်းစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသို့ လယ်ဧက ၅၀ အတွက် ငွေကျပ်သိန်း ၆၀၀ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါထုတ်ချေးငွေ ကျပ်သိန်း ၆၀၀ ဖြင့် တာပတ်ခြင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ရေနုတ်မြောင်းတူးခြင်း၊ မြေညှိခြင်း၊ ဧကကွက်ဖော်ခြင်းစသည့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ် သရော်ချောင်းဝကျေးရွာအုပ်စုရှိ အဏ္ဏဝါထွန်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူဦးစန်းတင့်က ပြောသည်။

**သပြေထွန်း**

**NEW MOTION TRAVELS & TOURS**

ESCAPE FROM EVERYDAY LIFE

ရွေ့လျားသစ်လျှင် အတာသကြံနိခရီးစဉ်များ

မန္တလေးမှထွက်မည့် ခရီးစဉ်များ

| | |
|---|---|
| ဂျပန် | - မြေ (၁၁ - ၂၀) |
| ကိုရီးယား | - မြေ (၁၁ - ၂၀) |
| စင်္ကာပူ | - မြေ (၁၃ - ၁၈) |
| စင်္ကာပူ-မလေးရှား | - မြေ (၁၂ - ၁၉) |
| ဗန်ကောက် | - မြေ (၁၂ - ၁၇) |
| ဖူးခက် | - မြေ (၁၃ - ၁၇) |
| ဗန်ကောက်-ဖူးခက် | - မြေ (၁၂ - ၁၈) |
| တရုတ်ပြည်မကြီး | - မြေ (၁၂ - ၁၉) |

Call Now!

ရန်ကုန်မှထွက်မည့် ခရီးစဉ်များ

| | |
|---|---|
| အမေရိကား | - မြေ (၁၀ - ၂၀) |
| | - မြေ (၁၁ - ၂၇) |
| ဥရောပ | - မြေ (၁၀ - ၂၄) |
| ဩစတြေးလျ | - မြေ (၁၀ - ၂၀) |
| အင်္ဂလန် | - မြေ (၁၁ - ၂၄) |
| စပိန်-ပေါ်တူဂီ | - မြေ (၁၀ - ၂၁) |
| ဂရိ | - မြေ (၁၁ - ၁၉) |
| တရုတ်ပြည်မကြီး | - မြေ (၁၂ - ၁၉) |
| ဟောင်ကောင် | - မြေ (၁၂ - ၁၇) |
| ဟောင်ကောင်-တရုတ် | - မြေ (၁၃ - ၂၀) |
| ဂျပန် | - မြေ (၁၂ - ၂၁) |
| ဂျပန်(ဟိုကိုင်းဒိုး) | - မြေ (၁၃ - ၂၁) |
| ဆီဒီးသတ်ာ | - မြေ (၁၂ - ၁၈) |
| ဗုဒ္ဓဂါယာ | - မြေ (၁၃ - ၂၀) |
| ကိုရီးယား | - မြေ (၁၁ - ၂၀) |
| ဒူဘိုင်း | - မြေ (၁၂ - ၁၈) |
| ဘူတန် | - မြေ (၁၂ - ၁၉) |
| ထိုင်ဝမ် | - မြေ (၁၄ - ၂၀) |
| စင်္ကာပူ | - မြေ (၁၂ - ၁၆) |
| | - မြေ (၁၃ - ၁၇) |
| စင်း-မလေး | - မြေ (၁၁ - ၁၈) |
| စင်း-ဘာလီ | - မြေ (၁၂ - ၁၉) |
| ဘာလီ | - မြေ (၁၂ - ၁၈) |
| ဖူးခက် | - မြေ (၁၃ - ၁၇) |
| ဗန်ကောက် | - မြေ (၁၂ - ၁၇) |
| ကက်ဘ်စီးယား | - မြေ (၁၂ - ၁၉) |
| ဗန်ကောက်-ဖူးခက် | - မြေ (၁၂ - ၁၈) |
| ဗီယက်နမ် (ဟနွိုင်း) | - မြေ (၁၂ - ၁၆) |
| (ဒါနန်း) | - မြေ (၁၃ - ၁၈) |
| (ဒါနန်း) | - မြေ (၁၂ - ၁၇) |
| ဗီယက်နမ်-ကမ္ဘောဒီးယား | - မြေ (၁၂ - ၁၉) |
| ဗန်ကောက်-ကမ္ဘောဒီးယား | - မြေ (၁၃ - ၁၈) |

Feb & March!

| | |
|---|---|
| ဗုဒ္ဓဂါယာ | - Mar 02-09 |
| ဗန်ကောက် | - Feb 24-28 |
| ဖူးခက် | - Mar 24-28 |
| ဗီယက်နမ် | - Feb 24-27, Mar 17-20, Mar 24-28 |
| စင်္ကာပူ | - Feb 24-28, Mar 17-21 |

YANGON : No. 20, Ground Floor, Kyun Taw Road, Sanchaung Tsp, Yangon. Tel : 09-73148944~55~66, 09-260792885~6~7
MANDALAY : No. 234, 33rd Street. Between 81st x 82nd Street. Tel : 09-91021122, 43147879, 259033443



**deMan**
design & decoration
Ph : 09 - 43 21 21 21



ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန(MIEDC)တွင် ဖေဖော်ဝါရီလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

"Project Managemant Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၁၅-၂-၂၀၁၇ မှ ၂၄-၂-၂၀၁၇ (ညနေပိုင်း စရက် သင်တန်း)
သင်တန်းကြေး - ၄၀၀၀၀(ကျပ်လေးသောင်းတိတိ)
အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။
သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ (လှိုင်နယ်မြေ)
ဖုန်း-၀၁-၅၂၂၈၇၅၊ ၀၁-၅၂၂၈၇၆၊ ၀၉-၂၅၂၈၅၄၃၃၉



ခြင်
ဒဂုံမြို့သစ်
Ph : 09 451126703
09 780985495



ရွှေဘုံနှစ်
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ဆိုင်ခန်း၊ ရုံးခန်း၊ ဂိုဒေါင်၊ စက်ကိရိယာ၊ ဌာနဆိုင်ရာရုံးခန်းများ ပြောင်းရွှေ့လိုပါက 10', 14', 15', 16', 17', 24', 10 ဘီး၊ 12 ဘီးကားများနှင့် အလုပ်သမားများ တပါတည်း ပြောင်းရွှေ့ပေးနေသည်။
(မြို့တွင်း / နယ်ဝေး)
Ph: 09 2532 77776, 09 2532 66667
09 2532 66668, 09 2532 66669



**တကောင်းဘွားကုမ္ပဏီလီမိတက်**
**TA GAUNG BWAR CO.,LTD.**
No (204), Bogyoke Aung San Road, Botahtaung Township, Yangon.
Hot Line : 09 830 2000, 09 830 2888, 09 830 3888, 09 832 8888
Email : tagaungbwarcompany@gmail.com , Facebook : Ta Gaung Bwar

BCC ကျပြီးတိုက်ခန်းများအားတိုက်ရိုက်ငွေပေးချေမှု (သို့မဟုတ်) ရောဝတီဘဏ်နှင့် ချိတ်ဆက်၍ (၅)နှစ်အရစ်ကျ (Hire Purchase)ငွေပေးချေမှုဖြင့် ရောင်းချပေးနေပါသည်။



| | | | | | |
|---|---|---|---|---|---|
| 8½ BCC ကျပြီး | 8½ BCC ကျပြီး | 8½ BCC ကျပြီး | 8½ ပြီးစီးမှု ၈၅% | 8½ ပြီးစီးမှု ၉၈% | 8½ |
| အမှတ်(၁၉)၊ မဟာဗောဓိလမ်း၊ ရေကျော်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ | အမှတ်(၂၂)၊ဒေါ်နလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်။ | အမှတ်(၃၇)၊ ဇေယျဝတီလမ်း (ဗဟိုလမ်း)၊ စမ်းချောင်းမြို့နယ်။ | အမှတ်(၉၄)ဗိုလ်စောပုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။ | အမှတ်(၅၈၅)၊မွှေးရုံလမ်း၊ လှိုင်မြို့နယ်။ | အမှတ်(၆၆)၊ လိပ်ကန်လမ်း(ရေကျော်) မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| မြေညီထပ်(၁၇)ပေအမြင့် (၁)ခန်းသာရောင်းရန်ရှိ RC ထပ်ခိုးပါ(Hall Type) | 8လွှာ, Penthouse ရောင်းရန်ရှိ၊ MBR(1),SBR(1) အဆင့်မြင့်ပြင်ဆင်ပြီး နေထိုင်ရန်အသင့်တိုက်ခန်း | 3လွှာ,7လွှာ,8လွှာ, Penthouse ရောင်းရန်ရှိ၊ MBR(1),SBR(1) အဆင့်မြင့်ပြင်ဆင်ပြီး နေထိုင်ရန်အသင့်တိုက်ခန်း | 5လွှာ,6လွှာ,7လွှာ,8လွှာ, Penthouse ရောင်းရန်ရှိ၊ စိတ်ကြိုက်အခန်းဖွဲ့စည်းနိုင်ရန် (Hall Type)ပုံစံ (ကြိုဖွဲ့ပြင်ဆင်စနစ်ဖြင့်) ရောင်းချပေးပါသည်။ | 5လွှာ,6လွှာ(Hall Type)ပုံစံတိုက်ခန်း ရောင်းရန်ရှိ။(ဓါတ်လှေကားပါ) | 5လွှာ,6လွှာ,7လွှာ,8လွှာ, ရောင်းရန်ရှိ၊ စိတ်ကြိုက်အခန်းဖွဲ့စည်းနိုင်ရန် (Hall Type)ပုံစံ (ကြိုဖွဲ့ပြင်ဆင်စနစ်ဖြင့်) ရောင်းချပေးပါသည်။ |

● Pile Foundation (Ready - Mixed Concrete) ● Central Distribution Water Supply System (ဗဟိုရေဖြန့်ဝေမှုစနစ်)
● Underground Tank, Overhead Tank (Stainless Steel Tank) ● Video Intercom ● Satellite System ● ကိုယ်ပိုင် မီတာ


ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကြော်ငြာ

## (၁၉)နှစ်ပြည့် ပတ္တမြားရတုအကြိုမင်္ဂလာဆုတောင်း

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်ကြသော **ဦးအောင်ခင်**(ဒုတိယ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) (M.D, Petro Seven Co.,Ltd) နှင့် **ဒေါ်ဝင်းဝင်းခိုင်** (အထက်တန်းပြ ဆရာမ-ငြိမ်း)တို့၏ ၁၄-၂-၂၀၁၇ ရက်တွင် ကျရောက်သော (၁၉)နှစ်ပြည့် ပတ္တမြားရတုအကြို မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ချစ်ခင်၊ ကြင်နာ၊ ကျန်းမာချမ်းသာစွာဖြင့် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

| | |
|---|---|
| ချစ်သား | - ကိုငြိမ်းဝင်းအောင်-မချိုသက်မွန် |
| ချစ်သမီး | - ကိုကျော်ကိုကိုလင်း-မနှင်းပွင့်ခိုင် |
| ချစ်မြေးများ | - မောင်အောင်ခန့်ပိုင် |
| | မောင်ဟိန်းလင်းကို(ခ) အားလုံ |
| | မောင်ဟိန်းထက်ကို(ခ)ရှောင်လုံ (အမြွှာညီအစ်ကို) |
| | မောင်စွမ်းပြည့်စုံ(ခ)စွမ်းစွမ်း |

## (၁၉)နှစ်ပြည့် ပတ္တမြားရတုအကြို မင်္ဂလာဆုတောင်း

**ဦးအောင်ခင်** (M.D, Petro Seven Co.,Ltd) နှင့် **ဒေါ်ဝင်းဝင်းခိုင်**(အထက်တန်းပြဆရာမ-ငြိမ်း) တို့၏ ၁၄-၂-၂၀၁၇ရက်တွင် ကျရောက်သော (၁၉) နှစ်ပြည့် ပတ္တမြားရတုအကြို မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မန်နေဂျာနှင့် ဝန်ထမ်းများ

Petro Seven

(၂၄)နာရီစက်သုံးဆီအရောင်းဆိုင်

ပျဉ်းမနားမြို့၊ နေပြည်တော်

### 0PZ;ÐEu;sm; toif(jrefmEkf)H
### Commerce Graduates' Association (Myanmar) a[majymyu;ifyrnf

| | |
|---|---|
| ဟောပြောပွဲခေါင်းစဉ် | - Property Tax ဆိုင်ရာသိကောင်းစရာများ |
| ဟောပြောမည့်သူ | - ဦးတင်ဦး(လက်ထောက်ဌာနမှူး၊ ရာဖြတ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) နှင့်အဖွဲ့ဝင်များ။ |
| ကျင်းပမည့်နေ့နှင့်အချိန် | - ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် (တနင်္ဂနွေနေ့)၊ နံနက် ၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ။ |
| ကျင်းပမည့်နေရာ | - ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ခန်းမ၊ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရမည့်သူများ | - ဦးအောင်နိုင်ထွန်း(CGA အသင်းရုံးခန်း) ဖုန်း-၀၉- ၄၂၁၁၀၂၂၈၂၊ ၀၁-၈၆၁၀၃၆၂ MICPA ရုံးခန်း၊ ဖုန်း-၀၉-၃၁၇၃၈၁၄၉၊ ၀၁-၂၃၁၄၆၅၃) (ရုံးချိန်အတွင်း) |

မှတ်ချက်။ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး ဖေဖော်ဝါရီလ ၁၇ ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းပါရန်။




### သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
### အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
### အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ်(၀၅/၂၀၁၆-၂၀၁၇)(၂၄-၂-၂၀၁၇)
### အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ရောင်းဝယ်ရေးဌာနမှ ကျွန်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | |
|---|---|
| (က) ရောင်းချမည့်နေ့ရက် | - ၂၄-၂-၂၀၁၇ရက်(သောကြာနေ့) |
| (ခ) ရောင်းချမည့်အချိန် | - မွန်းလွဲ ၁ နာရီ |
| (ဂ) ရောင်းချမည့်သစ်အမျိုးအစားနှင့်တန် | - ကျွန်းသစ်လုံး(၅၀၅၂)လုံး၊ (၃၂၅၂. ၁၄၈)တန် |
| (ဃ) ရောင်းချမည့်နေရာ | - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၇၂/၇၄)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |


၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၉၀၁၀၇၃၅၊ ၀၉-၇၉၆၅၉၇၇၂၇၊ ၀၉-၄၅၀၀၂၅၉၃၁နှင့် ၀၉-၇၉၉၅၇၄၀၃၉သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**
















Myat Noe Lay Co.,Ltd.
MNL
SMILE
ISO 9001:2008 Cert. No. 685942
ABC Dry Chemical Powder Type
1 Kg - 10000/-
2 Kg - 13000/-
3 Kg - 17000/-
၃နှစ် အာမခံ
အရောက်ပို့
တပ်ဆင်
ရှင်းပြ
3Kg
မီးသတ်ဆေးဘူးအသုံးပြု၍မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို
အခမဲ့ဆောင်ရွက်ပေးပါသည်။(ရန်ကုန်တိုင်းအတွင်းသာ)
(ရန်ကုန်)Hot Line: 01 556577,09 5028000, 01 548157
အမှတ်(၄၁)၊ဦးချစ်မောင်လမ်း၊ဆရာစံတောင်ရပ်ကွက်၊ဗဟန်းမြို့နယ်။

NELC Summer English Course
*Don't Worry, Just Speak!*



**Young Learners** (Age 6 to 15 years old)

| Level | | Cambridge Exams |
|---|---|---|
| Beginner (1,2) | | |
| Foundation (1,2,3,4,5,6) | - | Starters, Movers, Flyers |
| Step Up (1,2,3,4,5) | - | KET, PET, FCE |

*Get Free T-Shirt & Discount before 18th February 2017 !

ရန်ကုန်ကျောင်းခွဲများ
ရန်ကင်း - 01 8550727 ဗိုလ်အောင်ကျော် - 01 256516
မြောက်ဒဂုံ- 01 526311 အောင်သပြေ- 01 501947
သင်္ဃန်းကျွန်း - 09 960603700 မရမ်းကုန်း- 09 73065345
မြောက်ဥက္ကလာပ- 01 650766, 09 960604700
မန္တလေးကျောင်းခွဲ (၁) - 09 91023900, 09 30869100
မန္တလေးကျောင်းခွဲ (၂) - 09 340007771
ပြင်ဦးလွင် - 09 400306019 လားရှိုး-082 26611
တာချီလိတ် - 084 52572

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ကားစီးလိုးငှားသည်။
AC-Express(45,33,25), အလတ်း (14)Seat, Hice (9-7 Seat),
Alphard, Crown, Mark II (မှင်း) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
Ph: 09-252522200, 09-33345545, 09-5089800

Forward
ကျိုက်ထီးရိုး/ချောင်းသာ
0925925918 0
0925925918 1
0925925918 2

၂၀၁၇ ခုနှစ် ၊ နှစ်သစ်ကူး သင်္ကြန်အစီစဉ်သစ်
ထားဝယ်, မြိတ်, ကော့သောင်း, ကျွန်းများ ခရီးစဉ်
11-4-2017 မှ 18-4-2017 အထိ
သုခမိန်ဓာဌေ 09 51 55654 / 09 770660095 / 01-253079

Glorious Myanmar Travels & Tours

| | | | |
|---|---|---|---|
| Mar 24 | ဗီယက်နမ် ခရီးစဉ် | (၄ ရက် ၃ ည) | 440 USD |
| Mar 24 | ဗန်ကောက် ခရီးစဉ် | (၄ ရက် ၃ ည) | 470 USD |
| Apr 14 | ဗန်ကောက် ခရီးစဉ် | (၅ ရက် ၄ ည) | 495 USD |
| Mar 24 | စင်ကာပူ ခရီးစဉ် | (၄ ရက် ၃ ည) | 670 USD |
| Apr 13 | စင်ကာပူ ခရီးစဉ် | (၄ ရက် ၃ ည) | 695 USD |

ခရီးသွားရင်း၊ အမှတ်တရ လက်ဆောင်များ ရယူကြပါစို့.

ဆက်သွယ်ရန် - အမှတ်(၉) C-5 / နိုင်ရယ်(လ်) တာဝါ အိမ်ယာ (သမ္မတရုပ်ရှင်ရုံအနောက်) ၊ ဗောဓိကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်
Ph :01-242510, 09-457498448, 09-961875776, 09-778472008, 09-778472006

Index furniture
Congratulations!!!

**Index Furniture Shwegondaing Branch** အား အမှတ်(၅၂၀အေ/၆ဘီ)ကမ္ဘာအေးဘုရားလမ်းမ၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ နင်းဆီကုန်းဆေးရုံအနီး၊ ဗဟန်းမြို့နယ်တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ **Hein Lwin Enterprise Limited** မှ **Generators** များကို လုပ်ငန်းများအတွက် အစဉ်ဝယ်ယူအားပေး ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ဂုဏ်ယူအပ်ပါသည်။

HEIN LWIN ENTERPRISE LIMITED
Myanmar Authorized Dealer

SPRING LINE
Hlaing River Landmark

- ဘိုးဘွားပိုင်မြေ- ဆောက်လုပ်မှုပြီးလုနီး SOHO CONDO
- Project ပတ်ပတ်လည်တွင် ထောင်ပေါင်းသောလုပ်ငန်းရှင်များ ဝန်းရံထားသောကြောင့် ရင်းနှီးမြှုပ်နှံမှုအတွက် အာမခံချက်ဖြစ်စေသည်။
- ၂၀၁၈ နှစ်လည်ပိုင်းတွင် အခန်းအပ်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအမြတ် လျှင်စွာရရှိစေပါသည်။

FIRST BUSINESS CENTER
အခန်းတန်ဖိုး USD **160** /sq.ft မှစ၍ လပေါင်း ၄၀ အရစ်ကျငွေချေမှုစနစ်




Tel: 09 7930 66666
Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township, Nearby Aung Zay Ya Bridge, Yangon
Facebook: @springlinecenter
Shwe Oak Khai Construction Co., Ltd.

## ကြော်ငြာ


ဒေါ်အောင်ဆန်းစုကြည်
(သို့မဟုတ်)ငါတို့ဘက်ကကြည့်တော့
ဒီမိုကရေစီသူ့ရဲ့ကောင်း
ဖောင်ဒိုင်ဘဉ့ (အမျိုးသားစာပေဆု) (ဒုတိယအကြိမ်)
ထွက်ပြီ
ဖြန့်ချိရေး၊ ရန်ကုန်-ကြည်လှမောင်စာပေ၊ ဆင်တောင်ကြီးစာပေ
မန္တလေး- နဂါးစာပေ၊ ထွန်းဦးစာပေ

MIHARA
Travels & Tours
3 to 45 CAR RENTAL SERVICES
မြဝတီ-မဲဆောက်
ပေလီကမ်းခြေ
အပတ်စဉ်
Ph: 095009552, 095025400
09450051557, 09420773444

ကား မျိုးစုံ
Alphard, Hiace ၉/၁၃ယောက်စီး၊ အနံစာတုံး၂၄/၃၃/၃၇/၄၅/၄၉ယောက်စီးများကိုခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249,095418126

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်...
ဒေါက်တာဇော်ဦး
PhD (Chem) DFT (YU)
(၉ ၊ ၁၀) တန်း ဓာတုဗေဒ သင်ပို့ချမည်
Ph: 09 252 210 320

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

ယာမင်းသူ
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန် ကားမျိုးစုံရှိပါသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421


### ဖိတ်ကြားအပ်ပါသည်။

ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးသို့ ဦးလမင်း (H.K) မိသားစုမှ လှူဒါန်းထားသည့် မြတ်ဗုဒ္ဓ၏ မုဒြာ(၃၆)မျိုး၊ ကျောက်ဆင်းတု (၃၆)ဆူနှင့် ဆင်းတုတော်များ ကိန်းဝပ်ခံပယ် ရန် ပလ္လင် (၃၆)ခု လှူဒါန်းထားသည့် အလှူရှင်များ၏ ကုသိုလ်တော်များအား (၁၉-၂-၂၀၁၇) တနင်္ဂနွေနေ့၊ နံနက် (၀၉:၀၀) နာရီတွင် ရေစက်သွန်းချ လှူဒါန်းမည် ဖြစ်ပါ၍ လှူဒါန်းထားသည့် အလှူရှင်များကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ သံဃာတော် (၉)ပါးအား ဆွမ်းကပ်လှူပြီး၊ လူပုဂ္ဂိုလ်များအား နေ့လယ်စာဖြင့် တည့်ခင်းဧည့်ခံပါမည်။

ဂေါပကအဖွဲ့


HITACHI
Inspire the Next

VIP technology. It's all about the future.




VIP-Vacuum Insulation Panel

VIP သည် အပူစီးဆင်းမှု၊ လှုင့်ခြင်းကို မြင့်မားစွာကာကွယ်ပေးနိုင်စွမ်းရှိသည့် ပါးလွှာသော ကြားခံ အလွှာ တစ်ခု ဖြစ်သည်။ ၎င်း၏ စွမ်းဆောင်ရည် သည် သမာရိုးကျရေခဲသေတ္တာများတွင်အသုံးပြုနေသော "Urethane" ထက်ပိုမိုကောင်းမွန်သည်။





INVERTER x Dual Fan Cooling

VIP - Highest Level Heat Insulation




HITACHI HOME ELECTRONICS MYANMAR CO., LTD. www.hitachiconsumer.com/home/mm-mm
FOR ENQUIRY: SHWE BAGYI CO., LTD. (AUTHORIZED DISTRIBUTOR), TEL 01-2316568

ဘယ်ကျောင်းမှာသင်သင် ဘယ်ဝိုင်းမှာပင်တက်တက် မြန်မာစာဂုဏ်ထူးအတွက် ဆိုရင်တော့...
ဂုဏ်ထူးဦးသိန်းနိုင် ရွှေ သင်တန်းကြီး
ပထမ (၈၃)မှတ် သော်သော်ဟန်
ဒုတိယ (၈၂)မှတ် ထားအိအိလိုင်
တတိယ (၈၁)မှတ် မေသင်းခိုင်၊ အင်ကြင်းမွှေး၊ ဖူးပွင့်ဝေ
ပထမ (၈၅)မှတ် ထက်ယမင်းအောင်
ဒုတိယ (၈၄)မှတ် သည်မြတ်အောင် တို့က ထွက်လှမ်းနိုင်ခဲ့ကြပြီ။
မတ်လ(၉)ရက် ဖွင့်မည်။
၁၈၀(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၃၇၅၅၀၉ ၊ ၀၁ ၃၇၂၂၃၇ ၊ ၀၉ ၅၀ ၁၂၆၁၁ ၊ ၀၉ ၉၇၈၈ ၂၄ ၂၃၇

PUN HLAING SILOAM HOSPITALS

"လူကြီးနှင့် ကလေးများ၏ နှလုံးရောဂါအမျိုးမျိုးအား အဆင့်မြင့်ဆေးပညာရပ်များဖြင့် ခွဲစိတ်ကုသမှု ပေးနိုင်သော နိုင်ငံခြားမှ နှလုံးခွဲစိတ်ပါရဂူကြီးသည် ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်ပါမည်"



Dr. Balram
MBBS, M.Ch, M.S
Fellowship In Paediatric Cardiac Surgery Children's Hospital at Westmead, Sydney, NSW, Australia, Fellowship In Paediatric cardiac Surgery, Lady Cilento Children's Hospital, Brisbane, Australia

- နှလုံးမရပ်ဘဲ ခွဲစိတ်ကုသခြင်း
- နှလုံးသွေးကြော ခွဲစိတ်ခြင်း
- နှလုံးအဆို့ရှင်နှင့် နှလုံးသွေးကြော အစားထိုးလဲလှယ်ခြင်း
- အကြီးစားရင်ဘတ်ဖွင့် နှလုံးခွဲစိတ်မှုအစား အပေါက်ငယ်လေးသာ ဖောက်ပြီး မှန်ပြောင်းဖြင့် နှလုံးခွဲစိတ်ခြင်း

စသည့် ခက်ခဲနက်နဲသည့် နှလုံးခွဲစိတ်မှု အမျိုးမျိုးကို ကျွမ်းကျင် ပိုင်နိုင်စွာ ခွဲစိတ်ပေးနေသည့် ဆရာဝန်ကြီး ဖြစ်ပါသည်။

၂၀၁၇ ဖေဖော်ဝါရီလ (၁၈ - ၁၉) ရက် တွင် ပြသနိုင်ပါပြီ

Pun Hlaing Siloam Hospitals
Pun Hlaing Golf Estate Avenue,Hlaing Tharyar Township, Yangon, Myanmar.

ဆက်သွယ်စာရင်းပေးသွင်းရန်- ၀၁-၆၈၄၄ ၃၃

နံနက် (၈:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်

BODY FITNESS
MUSCLE & SPORTS CENTRE
အမျိုးသမီး အမျိုးသား ကိုယ်ကာယ သင်တန်းခန်းမ



# ပြည်ထောင်စုငြိမ်းချမ်းရေးနှစ်(၂၀၁၇)အထိမ်းအမှတ် ငြိမ်းချမ်းရေးစည်တော်သံ အနုပညာပွဲခင်းသာ ဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုငြိမ်းချမ်းရေးနှစ်(၂၀၁၇)အထိမ်းအမှတ် ငြိမ်းချမ်းရေးစည်တော်သံ အနုပညာပွဲခင်းသာ ဖျော်ဖြေပွဲနှင့် ငြိမ်းချမ်းရေးရန်ပုံငွေထည့်ဝင်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ-၂ (MICC-2)၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ငြိမ်းချမ်းရေးစည်တော်သံ အနုပညာပွဲခင်းသာ ဖျော်ဖြေပွဲတွင် မေတ္တာဖြင့် လာရောက်တင်ဆက်ကြသော မြပုဏ္ဏမာနှင့် သီးလေးသီးအဖွဲ့ကိုယ်စား ဦးဇာဂနာနှင့် ပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးသော Diamond Wall Co.,Ltd. မှ Managing Director ဦးကျော်ဇေယျတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ငြိမ်းချမ်းရေးရန်ပုံငွေအတွက် ကျပ်သိန်း ၅၀၀ လှူဒါန်းသည့် မုဒ္ဒိမောင်မောင်ကုမ္ပဏီလီမိတက်၊ ကျပ်သိန်း ၂၅၀ လှူဒါန်းသည့် Authentic Co.,Ltd.၊ ကျပ်သိန်း ၂၀၀ လှူဒါန်းသည့် Good Brother Co.,Ltd.၊ ကျပ်သိန်း ၁၀၀ လှူဒါန်းသည့် ရန်ကုန်မြို့မှ ဦးမောင်မွေးနှင့် ဇနီး မိသားစု၊ ကျပ်သိန်း ၅၀ လှူဒါန်းသည့် Linn I.T Solution Co.,Ltd.၊ ကျပ်သိန်း ၄၀ လှူဒါန်းသည့် C C D Co.,Ltd.၊

**စာမျက်နှာ ၆ ကော်လံ ၃ သို့** ✽

# MNA လေကြောင်းလိုင်း၏ ဆဋ္ဌမမြောက်လေယာဉ်သစ် ရောက်ရှိ ပြည်တွင်း ပြည်ပ ခရီးစဉ်များ တိုးချဲ့ပြေးဆွဲမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သော မြန်မာအမျိုးသားလေကြောင်းလိုင်း Myanmar National Airlines ၏ ပြည်တွင်း ပြည်ပခရီးစဉ်များတွင် တိုးချဲ့ပြေးဆွဲရန် ပြည်ပမှ မှာယူထားသည့် ဆဋ္ဌမမြောက်လေယာဉ်သစ် ရန်ကုန်မြို့သို့ ရောက်ရှိလာကြောင်း အဆိုပါ လေကြောင်းလိုင်းမှ သိရသည်။

ထပ်မံရောက်ရှိလာသည့် လေယာဉ်သစ် ATR 72-600 XY သည် ATR ကုမ္ပဏီမှ မှာယူထားသော လေယာဉ်ဖြစ်သည်။ မြန်မာအမျိုးသားလေကြောင်းလိုင်း၏ Brand ကို မြှင့်တင်ရန်နှင့် ကမ္ဘာ့လေကြောင်းဈေးကွက်အတွင်း ယှဉ်ပြိုင်ဘက်အဖွဲ့ဝင်အနေဖြင့် ရပ်တည်မှုကို သိရှိစေရန် လေယာဉ်သစ် ခြောက်စင်း မှာယူထားရာတွင် ယခုရောက်ရှိလာသော လေယာဉ်အသစ်အပါအဝင် ခြောက်စင်း ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး MNA ၏ ပြည်တွင်း ပြည်ပခရီးစဉ်များတွင် တိုးချဲ့ပြေးဆွဲသွားမည်ဟု သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ATR လေယာဉ်သစ်များအပြင် ဘိုးရင်းလေယာဉ်သစ်များကိုလည်း မှာယူထားပြီး ပြည်တွင်း ပြည်ပခရီးစဉ်များကို ပြေးဆွဲလျက်ရှိသည်။ ပြည်ပခရီးစဉ်အနေဖြင့် ၂၀၁၅ ခုနှစ်အတွင်းတွင် စင်ကာပူနှင့် ဟောင်ကောင်ခရီးစဉ်ကို စတင်ပြေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်းတွင် ဗန်ကောက်နှင့် ချင်းမိုင်ခရီးစဉ်ကို တိုးချဲ့ပြေးဆွဲခဲ့သည်။ ယင်းအပြင် ထပ်မံရောက်ရှိလာသော

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

# မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အခြားအပုအကျိတ်ရောဂါများ၊ မီးပူလောင်ဒဏ်ရာများကို ညောင်ဦးခရိုင်ဆေးရုံကြီးတွင် ကိုးရက်ကြာ အခမဲ့ ကုသပေးမည်

**ညောင်ဦး ဖေဖော်ဝါရီ ၁၃**

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များနှင့် အခြား အဖုအကျိတ်ရောဂါများ၊ မီးပူလောင်ဒဏ်ရာများကို ညောင်ဦးခရိုင်ဆေးရုံကြီးတွင် ကိုးရက်ကြာ အခမဲ့ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်ကြီးများ၊ ဂျာမနီနိုင်ငံ German Inter Plast မှ ဆရာဝန်ကြီးများပူးပေါင်းပြီး မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများ၊ အခြားသော အဖုအကျိတ်ရောဂါများ၊ မီးပူလောင်ဒဏ်ရာများကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ကိုးရက်ကြာ ညောင်ဦးခရိုင်ဆေးရုံကြီးတွင် အခမဲ့ ကုသပေးသွားမည်ဟု အဆိုပါ ဆေးကုသမှုကို အခမဲ့စီစဉ်ဆောင်ရွက်ပေးနေသည့် ပုဂံဆည်းဆာစားသောက်ဆိုင်မိသားစုမှ ဦးအောင်ညွန့်က ပြောသည်။

ဆေးကုသမှုခံယူလိုသူများအနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက် အရောက်လာကြရမည်ဖြစ်ပြီး ဦးအောင်ညွန့်-ဒေါ်မြင့်မြင့်ခင် ပုဂံဆည်းဆာစားသောက်ဆိုင်မိသားစု၏ ဝက်ကြီးအင်းရပ်ကွက် နေအိမ်သို့ သတင်းပို့ရန်လိုအပ်ကြောင်းနှင့် ဆေးကုသစဉ်ကာလအတွင်း နေထိုင်စားသောက်မှုနှင့် ဆေးဝါးကုသမှုကုန်ကျစရိတ်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု အခမဲ့ဆေးကုသမှုအစီအစဉ်သည် အနှစ်(၂၀)မြောက်ရှိပြီဖြစ်ပြီး ဆေးကုသမှုအကြိမ်ပေါင်း (၃၃)ကြိမ်မြောက် အခမဲ့ကုသမှုအလှူဖြစ်ကြောင်း သိရသည်။ **(ဝဝ၁)**

